# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (25-2-2015) (၈၁၂၇)


အခုအချိန်ဟာ နိုင်ငံရေးနိုးကြားစဖြစ်နေတဲ့ စမ်းတဝါးဝါးအချိန်ဖြစ်နေတယ်။ ကျုပ်တို့အစိုးရကလည်း တတ်နိုင်သလောက် လိုက်လျောပေးနေတာပဲ၊ မိဘဟာ သားသမီးကို အလိုလိုက်ပေမယ့် စည်းကမ်းထက်ပိုဆိုးလာရင် ဆုံးမပေးရသလို အခွင့်အရေးကို လိုသည်ထက်ပိုယူလာရင်၊ စည်းကမ်းမဲ့ဖြစ်လာရင် ကျုပ်တို့အစိုးရအဖွဲ့ကလည်း ဆုံးမပေးရမှာပဲ၊ နည်းလမ်းစည်းကမ်းအတိုင်း လိုလားချက်တွေ တောင်းပါ၊ တရားစီရင်လိုက်လျောပါ့မယ်။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)*

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံဘုရင် ရှိတ်ခ်ဆာဘား အယ်လ်အာမက် အယ်လ်ဂျာဘားအယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ခ် ဂျာဘားအယ်လ် မူဘာရက်အယ်လ်ဟာမက်အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# နိုင်ငံရေး၊ စီးပွားရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်စီးဝင်လာ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ဓာတ်ပုံ)**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၄ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် စုစုပေါင်းလုပ်ငန်း(၉၉)ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏကို အမေရိကန်ဒေါ်လာ (၃ ဒသမ ၅၈၄)ဘီလီယံခန့်ဖြင့် ဆောင်ရွက်ရန်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ဆောင်ရွက်ဆဲဖြစ်သော လုပ်ငန်း(၄)ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏကို အမေရိကန်ဒေါ်လာ (၉၂ သမ ၇၈၆)သန်း ထပ်မံတိုးမြှင့်ခွင့်ပြုပေးခဲ့သဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၃ ဒသမ ၆၇၆)ဘီလီယံခန့်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွင် စုစုပေါင်းလုပ်ငန်း (၂၂)ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၁၁၅ ဒသမ ၅၀၁)သန်း အပါအဝင် ကျပ် (၅၈၃ ဒသမ ၄၄၁)ဘီလီယံခန့်ဖြင့် ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါကြောင်း၊ ဆောင်ရွက်ဆဲဖြစ်သော လုပ်ငန်း(၂)ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏကို အမေရိကန်ဒေါ်လာ(၀ ဒသမ ၃၈)သန်း အပါအဝင် ကျပ်(၃ ဒသမ ၈၂၈)ဘီလီယံခန့် ထပ်မံတိုးမြှင့်ခွင့်ပြုခဲ့သဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ(၁၁၅ ဒသမ ၈၈၁)သန်း **စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ကြားနာမည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားလွှတ်တော်**

**နေပြည်တော်**

**ကြေညာချက်အမှတ် (၁/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ကြားနာမည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာခြင်း**

၁။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာရာ ၂၀-၂-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။

၂။ လေးပွင့်ဆိုင် သဘောတူညီချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့လာသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်တွင် အတည်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအနေဖြင့် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လိုအပ်မည့်ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို ဖိတ်ခေါ်ကြားနာသွားမည် ဖြစ်ပါသည်။

၃။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြားနာမှုများကို သတ်မှတ်နေ့ရက်များတွင် နံနက် ၁၀ နာရီအချိန်မှစတင်၍ အမျိုးသားလွှတ်တော်ဆွေးနွေးပွဲခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(က) ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင် (၂၀)ဦး (၅-၃-၂၀၁၅)ရက်နေ့


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

## အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အကြံပြုချက်များပေးပို့

pmrsuEm » 3

## မေးပါရစေ ဖြေပေးပါ

pmrsuEm » 6

ကြေးမုံ စာတည်းရှုထောင့် **၂၅-၂-၂၀၁၅၊ ဗုဒ္ဓဟူးနေ့**

# လူသားများအား စေတနာထား

အလုပ်တစ်ခုခုကိုလုပ်ပြီဆိုလျှင် စေတနာပေါင်းစပ်ပြီးလုပ်ကိုင်ပါဟု မိဘ၊ ဆရာများကဆုံးမလေ့ရှိပါသည်။ စေတနာကိုကံဟူ၍ မြတ်စွာဘုရားက မိန့်ကြားထားပါသည်။ စေတနာမပါသော အလုပ်ဟူသမျှသည် "ဆားမပါသော ဟင်းလျာ"ကဲ့သို့ အရသာမရှိဖြစ်လိမ့်မည်။ မည်သည့်အလုပ်ကို လုပ်လုပ် စေတနာပေါင်းစပ်ပေးလျှင် ရလဒ်ကောင်းနိုင်ရုံသာမက ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးပေးတတ်ပါသည်။ ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် သမ္မာအာဇီဝအလုပ်ဟူသမျှ စေတနာပါစမြဲဖြစ်ပါသည်။

"လူတစ်ယောက်သည် အသက်(၃၀) တွင် သေဆုံးပြီး အသက် (၆၀) မှ သင်္ဂြိုဟ်သို့ ရောက်သွားသည်" ဟူသည့် စကားပုံသည် ပစ္စုပ္ပန်ကာလ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးစသဖြင့် နယ်ပယ်အသီးသီးတွင် လက်ကိုင်ထားသင့်သည့် ဆောင်ပုဒ်တစ်ခုဟုဆိုနိုင်ပါသည်။ လူမသေသေး နာမည်သေသွားပြီဆိုလျှင် အကြင်လူအတွက် လူသေသည့်နှင့်မခြားဖြစ်သွားရပါပြီ။ လောကတွင် နာမည်မသေဖို့ အထူးအရေးကြီးပါသည်။ ထို့ကြောင့် လုပ်ငန်းတိုင်းတွင် စေတနာတရားနှင့်ဝန်းရံကာ စေတနာထား အနားသတ်ပေးသွားဖို့သည်ပင် လူ့တန်ဖိုးတစ်ရပ်ဟု ဆိုထိုက်ပါသည်။

ထို့ကြောင့် တန်ဖိုးရှိသော လူတစ်ယောက်အဖြစ် ရပ်တည်မည်ဆိုလျှင် ကံသုံးပါးလုံးတွင် စေတနာပေါင်းစပ်ပြုမူကျင့်ကြံနေထိုင်တတ်ဖို့ လိုအပ်ပါသည်။ အထူးသဖြင့် အများနှင့်ဆက်နွယ်သော လုပ်ငန်းကြီးများ လုပ်ကိုင်သူများဆိုလျှင် ပို၍ပင် စေတနာအားဖြည့်လုပ်ကိုင်ပေးသွားနိုင်ရပါမည်။ ပြီးစလွယ်နှင့် ဖြစ်ကတတ်ဆန်းလုပ်သူများမှာ လုပ်ငန်းတွင် ထိခိုက်ပွန်းရှရှိလာမည်။ လုပ်ငန်းမတွင်ကျယ်ရုံမျှမက နာမည်ဂုဏ်သတင်း ပျက်ယွင်းလာမည်မှာ အသေအချာ ဖြစ်ပါသည်။

မကြာသေးမီက ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော ရေသန့်ကုမ္ပဏီ ၅၈ ခုကထုတ်လုပ်သည့် ရေသန့်တံဆိပ် ၇၃ မျိုးကို ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်ပြီး သောက်သုံးရန်မသင့်သော ရေသန့်များအဖြစ် ကျန်းမာရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ မိမိတို့နိုင်ငံတွင် ရေသန့်အမျိုးပေါင်း ၈၀၀ ကျော်ရှိနေပြီး FDA မှတရားဝင်ခွင့်ပြုထားသော ရေသန့်အမျိုးအစား ၆၉၇ ခုကြောင်း သိရသည်။

မိမိတို့နိုင်ငံတွင် ရေသန့်စက်ရုံများ တည်ဆောက်ကာထုတ်လုပ်ရောင်းချခါစက အလုပ်ဖြစ်ပါ့မလားဟူ၍ သံသယဝင်ခဲ့ကြသည်။ အကြောင်းမူ မိမိတို့နိုင်ငံတွင် ရေကိုရောင်းစားရိုး ထုံးစံမရှိခဲ့၍ဖြစ်ပါသည်။ ရေအကျိုး (၁၀)ပါး မတောင်းဘဲနှင့် ပြည့်သည်ဟူသော ဘာသာတရားအဆုံးအမအောက်မှာ လူလားမြောက်ခဲ့ကြသော မိမိတို့နိုင်ငံသား အားလုံးတိုင်း၏ နှလုံးအိမ်မှာ စွဲမြဲတည်ကာ ရေအလှူကို ရက်ရက်ရောရော ရှိနေခဲ့ကြ၍ဖြစ်ပါသည်။ မိုးနည်းရေရှား၊ မိုးများရေပေါ နေရာဒေသမရွေး လမ်းဘေးသစ်ရိပ်ဝါးရိပ်အောက်မှာ ရေချမ်းစင်လေးနှင့်မွှေ့ပျော် ရေလှူဒါန်းနေကြဆဲဖြစ်သည်။ မိမိတို့နိုင်ငံတစ်နံတစ်လျားရောက်သည့်အရပ်မှာ ရေကိုဝယ်သောက်စရာမလို။ သောက်လိုသူအား ကြည်ကြည်ဖြူဖြူ ပေးလှူကြစမြဲမှာ မြန်မာ့ဓလေ့ယဉ်ကျေးမှုဖြစ်သည်။

ကမ္ဘာ့နိုင်ငံများမှာမရှိသော မိမိတို့နိုင်ငံမှာသာ ယနေ့ထိတိုင် ရှိနေဆဲဖြစ်သော ရေချမ်းစင်ယဉ်ကျေးမှု၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း မဝင်လည်း မပျောက်မပျက် တည်မြဲရှိနေဆဲပါ။ "ရေအသက်တစ်မနက်" ဆိုစကားအတိုင်း လူသားတို့အတွက် မရှိမဖြစ်အသက်ဆက်ရေအလှူနှင့်မွှေ့ပျော်နေဆဲ မိမိတို့နိုင်ငံတွင် "ရေစီးပွားရေး" လုပ်ငန်း တွင်ကျယ်လာနေသည်။ ရိုးရိုးသားသားနှင့်ဆိုလျှင် ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် နှစ်ဖက်လှသမ္မာအာဇီဝ အလုပ်မျိုးဖြစ်သည်။

အများကိုအကျိုးပြုသည့် လုပ်ငန်းတိုင်းတွင် စေတနာမှန်စိတ်ကောင်းရှိသော လူကောင်းလူမွန်များ အစဉ်သဖြင့် ရှိနေသင့်ပါသည်။ ရေသည်လူသားအကျိုးပြုပစ္စည်းဖြစ်ပါသည်။ ထိုထက်မက မွန်မြတ်သန့်စင်ကြည်လင်ပြီး အကျိုးတရား (၁၀)ပါး ရရှိနိုင်သောအရာဖြစ်၍ ရေကို အများအကျိုးအတွက် စေတနာသန့်သန့်အကျိုးပြုနိုင်ကြစေရန် ဆန္ဒပြုပါသည်။ ။

## ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးဆောင်ရွက်မည့် အကြိုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံ၏ ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း ပြန်လည်သုံးသပ်ရေးယန္တရားတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့်သူများ၏ အရည်အသွေးပိုမိုတိုးတက်လာစေရန် ရည်ရွယ်ကျင်းပသည့် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးဆောင်ရွက်မည့် အကြိုအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြတ်မင်္ဂလာဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ အဆိုပါကွန်ဗင်းရှင်းသည် တစ်ကမ္ဘာလုံးကိုလွှမ်းခြုံသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာများတွင် အရေးပါသည့် စာချုပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေကို ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ရုပ်သိမ်းခဲ့ပါကြောင်း၊ အဆိုပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသည် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် အာဏာသက်ရောက်ခဲ့ပြီး အဂတိလိုက်စားမှုတားမြစ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန် ကမ္ဘာသို့ ရှင်းလင်းပြတ်သားစွာ အသိပေးခြင်းဖြစ်ပါကြောင်း၊ အခြားရည်ရွယ်ချက်များအနေဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရန်၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများ ထိခိုက်မှုမရှိစေရေး အကာအကွယ်ပေးရန်၊ အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန်နှင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်တို့ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပြီး အာဆီယံရိုးသားဖြောင့်မတ်မှု အသိုက်အဝန်းသို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ လူတိုင်းတွင် အဂတိလိုက်စားမှုအား ထိန်းချုပ်ရန်နှင့် ကာကွယ်တားဆီးရန် တာဝန်ရှိပြီး အဖွဲ့အစည်းတစ်ခုတည်း၏ တာဝန်မဟုတ်ပါကြောင်း၊ အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများအပြင် ပါဝင်သက်ဆိုင်သူများအားလုံး လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မရှင်တစ်ရပ်ကို ပီပီပြင်ပြင် ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမြဝင်းက ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်မှု လေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ယခင်က ပြည်ထောင်စုရှေ့နေချုပ်ရုံးအား သတ်မှတ်တာဝန်ပေးအပ်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခဲ့ပြီးနောက် ဦးဆောင်အဖွဲ့အစည်းအဖြစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပြောင်းလဲတာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၉ ခုနှစ် နိုဝင်ဘာလက ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ ညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၃/၁ အရ ပြန်လည်သုံးသပ်ရေးလုပ်ငန်းစနစ်တွင် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပြန်လည်သုံးသပ်ခြင်းအဆင့်အား ငါးနှစ်လျှင် တစ်ကြိမ်ဆောင်ရွက်ရန်နှင့် ပြန်လည်သုံးသပ်ရေး စက်ဝန်းနှစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်ရန် လျာထားခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းစဉ်များအား အသေးစိတ်သိရှိနိုင်ရန်အတွက်လည်းကောင်း၊ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းတွင် ကျွမ်းကျင်ပညာရှင်များရွေးချယ်၍ တာဝန်ပေးအပ်သွားရန် လိုအပ်လျက်ရှိခြင်းကြောင့်လည်းကောင်း၊ UNODC နှင့်ပူးပေါင်း၍ အကြိုအလုပ်ရုံဆွေးနွေးပွဲအား ကျင်းပရခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အရှေ့တောင်အာရှ ပစိဖိတ်ဒေသဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရှာဗင်မဂျ်လက်စီက အလုပ်ရုံဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများအား ရှင်းလင်းပြီး အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးဆောင်ရွက်မည့် အကြိုအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ကိုယ်တိုင်အကဲဖြတ်မှုစာရင်းပြင်ဆင်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံ၏ အတွေ့အကြုံမျှဝေခြင်း၊ အစိုးရကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ခံအဖွဲ့အစည်း၏ အခန်းကဏ္ဍများရရှိမှုနှင့် ပြဋ္ဌာန်းမှုများရရှိမှုနှင့် ပြန်လည်သုံးသပ်မှုများ၊ ပြန်လည်သုံးသပ်ရေးအစီအစဉ်၏ ဒုတိယစက်ဝန်းအပေါ် ပြန်လည်သုံးသပ်ခြင်း၊ ပါဝင်သူများ၏ အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**


## တင်းနစ်အားကစား တိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ လမ်းညွှန်မှုပြုထားသည့် တင်းနစ်အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ရန်အတွက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တင်းနစ်ကလပ်အသင်းများအားလုံးနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ တင်းနစ်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊ မျိုးဆက်သစ်လူငယ်တင်းနစ် အားကစားသမားများ ပိုမိုပေါ်ထွက်လာစေရန်အတွက်လည်းကောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ တင်းနစ်ကလပ်အသင်းများ စနစ်တကျဖြင့် မှတ်ပုံတင်ရှိစေရေး၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးများတွင် ပြည်တွင်းအဆင့်မီ ပြိုင်ပွဲများ ကျင်းပပေးနိုင်ရေးအပြင် ကွင်းမှတ်ပုံတင်ခြင်းများအား ရေရှည်စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကလပ်အသင်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မတ် ၇ ရက်မှ ၉ ရက်အထိ နေပြည်တော် နန်းဝတီဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ ပေးပို့ထားသော ကလပ်အသင်းဥက္ကဋ္ဌတစ်ဦး တက်ရောက်ရန် ဖိတ်ကြားထားကြောင်း၊ အစည်းအဝေး တက်ရောက်လာကြသူများ၏ တည်းခိုနေထိုင်စားသောက်ရေးအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ထို့အပြင် ကလပ်အသင်း မဟုတ်သော်လည်း တစ်ဦးချင်းအနေဖြင့် စိတ်ပါဝင်စားမှုရှိသူများအနေဖြင့်လည်း အစည်းအဝေးသို့ တက်ရောက်ရန် စာရင်းပေးနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၇၂၆၀၊ ၃၈၁၉၉၂၊ ၀၉-၂၅၀၅၂၀၀၁၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး တက်ရောက်ကြမည့်သူများ၏ ကလပ်အသင်းနှင့် အမည်စာရင်းအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ အမြန်ဆုံးပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၂၈၀၀ | - | ၆၇၃၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၂၈၀၀ | - | ၆၇၃၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၈၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၇၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၁၆၃.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၆၄.၀၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၁.၅၁၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၈၃.၀၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၆.၄၉၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၈၆၂.၈၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂.၆၆၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၀၀.၇၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၇၅၄.၈၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အကြံပြုချက်များပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခဲ့မှုအပေါ် ပြည်သူအချို့က စိတ်ပါဝင်စားစွာဖြင့် သုံးသပ်အကြံပြုချက် သတင်းဆောင်းပါးများ ပေးပို့ခဲ့သည့်နည်းတူ ဝေဖန်အကြံပြုချက်များကိုလည်း လွှတ်တော်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့လျက်ရှိကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း ဖေဖော်ဝါရီ ၂၂ ရက်စွဲပါစာဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့လိပ်မူ၍ အဆိုပါအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုချက်သဘောထားပေးပို့ခဲ့သည်။

ထိုအကြံပြုစာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၁၉၈၀ ပြည့်နှစ် ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးဖြစ်ပေါ်ပြီးနောက် ဖွဲ့စည်းခဲ့သည့် သံဃာ့ဦးသျှောင်အဖွဲ့အစည်းကြီးဖြစ်သည်။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကတည်းက ဘာသာရေးနှင့်နိုင်ငံရေးမှာ ရောထွေးမှုမရှိခဲ့ကြောင်း သမိုင်းအထောက်အထားများတွင်လည်း အထင်ကရရှိခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာ၏ အသက်သွေးကြောဖြစ်သော ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသည့် သာသနာသုံးဖြာအား မကွယ်ပျောက်အောင်နှင့် သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးကို မမှိတ်မသုန်ဆောင်ရွက်နေသည့် အမွန်မြတ်ဆုံးသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ စီမံကြီးကြပ်မှုအောက်တွင်ရှိသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများစသော **ဗုဒ္ဓသာသနာတော်ဆိုင်ရာ တက္ကသိုလ်/ကျောင်းများ၌ ဘာသာရေးနှင့် နိုင်ငံရေးရောထွေးသော သမဂ္ဂအဖွဲ့အစည်းများက စီမံကွပ်ကဲအုပ်ချုပ်မည်ဆိုပါက ထေရဝါဒဗုဒ္ဓသာသနာ၏ အရင်းအမြစ်များ ပျောက်ဆုံးကွယ်ပျောက်မည့် အခြေအနေတစ်ရပ်ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း** ထည့်သွင်းဖော်ပြထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အကြံပြုချက်တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၃)ပုဒ်မ(၄)ပုဒ်မခွဲ(၅)၌ ကျောင်းသားကိုယ်တိုင်သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို ဆုံးဖြတ်ရွေးချယ်ခြင်းမှာ နိုင်ငံတကာတက္ကသိုလ်များ၏ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသဖြင့် အမျိုးသားပညာရေး ဥပဒေပုဒ်မ(၄)ပုဒ်မခွဲ(ဇ)အတိုင်း ထားရှိသင့်ကြောင်း၊ အခန်း(၄)ပုဒ်မ(၅)ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(စစ)၌ ကျောင်းသားက ဆရာကို အကဲဖြတ်မှုမှာ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်မညီညွတ်သဖြင့် အဆိုပါပုဒ်မခွဲငယ်အား ပယ်ဖျက်သင့်ကြောင်း၊ ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ် (ဃဃ) ၌ ဆရာ ဆရာမများသည် ဝန်ထမ်းဖြစ်သဖြင့် ပါတီ၊ နိုင်ငံရေးနှင့် ကင်းရှင်းရမည်ဖြစ်သောကြောင့် အဆိုပါပုဒ်မခွဲငယ်အား ပယ်ဖျက်ရမည်ဖြစ်ကြောင်း၊ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (ဇဇ) ၌ နှစ်သက်ရာကျောင်း၊ ဒေသများကို လွတ်လပ်စွာရွေးချယ်လျှောက်ထားခွင့်ပြုပါက ဝေးလံခေါင်းပါးသော ဒေသများ၌ သင်ကြားမည့် ဆရာ ဆရာမများ ရှိမည်မဟုတ်သောကြောင့် အဆိုပါပုဒ်မခွဲငယ်အား ပယ်ဖျက်ရမည်ဖြစ်ပါကြောင်း၊ ပုဒ်မခွဲငယ်(င) ပုဒ်မခွဲငယ်(ကက)နှင့် ပုဒ်မခွဲငယ်(ခခ)တို့၌ မိခင်ဘာသာစကားဟူသောစကားရပ်မှာ ထိလွယ်ရှလွယ်ပြီး ရှုပ်ထွေးမှုများဖြစ်ပေါ်လာစေနိုင်သဖြင့် အဆိုပါစကားရပ်အစား တိုင်းရင်းသားဘာသာစကားဟူသောစကားရပ်ဖြင့် အစားထိုးသင့်ကြောင်းဖြင့် အကြံပြုထားသည်။

> “ဗုဒ္ဓသာသနာတော်ဆိုင်ရာ တက္ကသိုလ်/ကျောင်းများ၌ ဘာသာရေးနှင့် နိုင်ငံရေးရောထွေးသော သမဂ္ဂအဖွဲ့အစည်းများက စီမံကွပ်ကဲအုပ်ချုပ်မည်ဆိုပါက ထေရဝါဒဗုဒ္ဓသာသနာ၏ အရင်းအမြစ်များ ပျောက်ဆုံးကွယ်ပျောက်မည့် အခြေအနေတစ်ရပ် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း”

ထို့အပြင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အခန်း(၆)ပုဒ်မ (၁၄)ပုဒ်မခွဲ (ည)၌ အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသောကျောင်းများကို အထူးအခွင့်အရေးပေးရာရောက်သဖြင့် အဆိုပါ ပုဒ်မခွဲအား ပယ်ဖျက်ရမည်ဖြစ်ကြောင်း၊ အခန်း(၇)ပုဒ်မ(၁၉) ပုဒ်မခွဲ(ဆ) သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ပြုမည်ဆိုပါက ကျောင်းသားများ၏ အရည်အသွေးမှာ တစ်ပြေးညီ ဖြစ်လာနိုင်ဖွယ်မရှိ၍ အဆိုပါပုဒ်မခွဲအား ပယ်ဖျက်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ (၄၉) ပုဒ်မခွဲ (ဂ) ၌ ထူးချွန်သူများကို ချီးမြှင့်သည့် အစီအမံမှာ လိုအပ်သဖြင့် အမျိုးသားပညာရေးဥပဒေ ပုဒ်မ (၄၉) ပုဒ်မခွဲ(ဂ) အတိုင်း ဆက်လက်ထားရှိသင့်ကြောင်း စသည်ဖြင့် ဖော်ပြထားကြောင်း သိရသည်။ **(သတင်းစဉ်)**

---

○ **ရှေ့ဖုံးမှ**

| | | |
|---|---|---|
| (ခ) | တက်ရောက်ဆွေးနွေးလိုသော နိုင်ငံရေးပါတီ (၂၀)မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးနိုင်သည့် ကိုယ်စားလှယ် (၂၀) ဦး | (၆-၃-၂၀၁၅)ရက်နေ့ |
| (ဂ) | အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER) မှ ကိုယ်စားလှယ် (၂၀) ဦး | (၇-၃-၂၀၁၅)ရက်နေ့ |
| (ဃ) | တက်ရောက်ဆွေးနွေးလိုသော နိုင်ငံရေးပါတီ (၂၀) မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးနိုင်သည့် ကိုယ်စားလှယ် (၂၀) ဦး | (၈-၃-၂၀၁၅)ရက်နေ့ |
| (င) | ဒီမိုကရေစီပညာရေးစစ်ကြောင်းများကို အားပေးထောက်ခံကူညီခဲ့သည့် ပြည်သူ့ကိုယ်စားလှယ် (၂၀) ဦး | (၁၁-၃-၂၀၁၅)ရက်နေ့ |
| (စ) | တက်ရောက်ဆွေးနွေးလိုသော နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးနိုင်သည့် ကိုယ်စားလှယ်များ | (၁၃-၃-၂၀၁၅)ရက်နေ့ |
| (ဆ) | မှတ်ပုံတင်ထားသော အရပ်ဘက်အဖွဲ့အစည်းများမှ အကြံပြုဆွေးနွေးလိုသူ ကိုယ်စားလှယ် (၂၀) ဦး | (၁၄-၃-၂၀၁၅)ရက်နေ့ |
| (ဇ) | အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုစာပေးပို့လာသူများအနက်မှ ကိုယ်စားလှယ် (၂၀) ဦး | (၁၅-၃-၂၀၁၅)ရက်နေ့ |

၄။ အစည်းအဝေးသို့ တက်ရောက်မည့် ကိုယ်စားလှယ်များအတွက် နေပြည်တော်တွင် ကြိုဆိုပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးအစီအစဉ်များအတွက် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ယူစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ တက်ရောက်မည့်ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော်ရုံး ဖုန်းအမှတ် ၀၆၇-၅၉၁၃၉၀၊ ၀၆၇-၅၉၁၂၃၀၊ ၀၉-၈၃၀၄၈၈၀၊ ၀၉-၄၇၀၆၀၈၃၃ များသို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်နိုင်ပါရန်အကြောင်းကြားအပ်ပါသည်။

၅။ အထက်အပိုဒ် ၃၊ အပိုဒ်ခွဲ(က)နှင့် (ဂ) ပါ ပုဂ္ဂိုလ်များမှအပ ကျန်ပါတီနှင့် ပုဂ္ဂိုလ်များသည် အရေအတွက်များနိုင်သည့်အတွက် တက်ရောက်ရမည့်နေ့ကို သုံးရက်ကြိုတင်၍ အကြောင်းကြားမည်ဖြစ်ပါကြောင်းနှင့် လိုအပ်ပါက ဆက်လက်ကြားနာမည့် အစီအစဉ်နှင့် အချိန်ဇယားကို ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

**(ပုံ)ခင်အောင်မြင့်**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

---

# ရွေးကောက်ပွဲဆိုင်ရာ မီဒီယာလွတ်လပ်ခွင့်နှင့် နိုင်ငံတကာစံချိန်စံညွှန်းများအတွက် အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် မီဒီယာမှ အထောက်အကူပြုပေးနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)၊ Article 19 အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ရွေးကောက်ပွဲဆိုင်ရာ မီဒီယာလွတ်လပ်ခွင့်နှင့် နိုင်ငံတကာစံချိန်စံညွှန်းများအတွက် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အလုပ်ရုံဆွေးနွေးပွဲတွင် Article 19 မှ Dr. Pierre နှင့် Mr. Oliver Spencer တို့က လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများနှင့် စပ်လျဉ်းသည့် နိုင်ငံတကာစံချိန်စံနှုန်းများ၊ ရွေးကောက်ပွဲများနှင့် ပုံနှိပ်မီဒီယာ၊ ရုပ်သံမီဒီယာတို့၏ ဆက်စပ်မှု၊ ရွေးကောက်ပွဲသတင်းနှင့် မျက်မှောက်ရေးရာဆိုင်ရာ အစီအစဉ်တွင် တရားမျှတမှုနှင့် ဘက်မလိုက်မှု၊ မီဒီယာနှင့် တိုက်ရိုက်ထိတွေ့ခွင့်ရရှိမှု၊ မီဒီယာသမားများလိုက်နာရမည့် ကျင့်ဝတ်များ၊ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် မီဒီယာစောင့်ကြည့်မှုဆိုင်ရာ အခန်းကဏ္ဍများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ရွေးကောက်ပွဲတွင် မီဒီယာများအနေဖြင့် လိုက်နာရမည့်ကျင့်ဝတ်များ၊ သတင်းရေးသားထုတ်ပြန်ရေးဆိုင်ရာအချက်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အတွင်းရေးမှူး (၂) ဦးကျော်စွာမင်းနှင့် Article 19 မှ Dr.Pierre နှင့် Mr. Oliver Spencer တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ရွေးကောက်ပွဲကို အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆန်းတွင် ကျင်းပပေးမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ Observer များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပညာပေးရာတွင် မီဒီယာ၏အခန်းကဏ္ဍသည် အဓိက အရေးကြီးပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပညာပေးလုပ်ငန်းများ၊ အချိန်နှင့်တစ်ပြေးညီဖြစ်ပေါ်နေသော သတင်းများအား ထုတ်ပြန်ပေးရန်လိုကြောင်း၊ ကော်မရှင်နှင့် မီဒီယာတို့ ပူးပေါင်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ ရိုးသားမှုနှင့် ယုံကြည်မှုသည် အရေးကြီးပါကြောင်း၊ မီဒီယာအနေဖြင့် သတင်းများ ရေးသားဖော်ပြရာတွင် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းပြီး ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုကြောင်း၊ မီဒီယာများအနေဖြင့် မှန်ကန်သောသတင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် မီဒီယာတို့ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် ရွေးကောက်ပွဲအရာရှိများ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဥပဒေအတိုင်းသာ ဖြစ်စေလို

မြန်မာ့နွေဦးဟု နိုင်ငံရေးလေ့လာသူများက တင်စားခေါ်ဝေါ်ကြသည့် မြန်မာ့ဒီမိုကရေစီနိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် ပြည်သူက တင်မြှောက်ခဲ့သည့် နိုင်ငံတော်အစိုးရသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ စီးပွားရေးပြောင်းလဲမှုများကိုလည်း ကဏ္ဍအလိုက် ဖော်ဆောင်ခဲ့သည်။

နိုင်ငံသားများအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ နည်းပညာကျွမ်းကျင်မှုနှင့် အရင်းအနှီးများ ရရှိစေရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများအပြင် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် အားပေးကူညီဆောင်ရွက်ပေး၍ ယနေ့အချိန်၌ စက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းသစ်များ အလျင်အမြန်တိုးတက်လာခဲ့သည်။

သို့တစေ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းသစ်များ အလျင်အမြန်တိုးတက်မှုနှင့်အတူ အလုပ်ရှင်၊ အလုပ်သမားတို့အကြား အငြင်းပွားမှု အခက်အခဲပြဿနာများလည်း ဒွန်တွဲပေါ်ပေါက်လာသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန်နှင့် လှိုင်သာယာစက်မှုဇုန်များရှိ စက်ရုံအချို့မှ အလုပ်သမားအချို့သည် လုပ်ခတိုး၍ ရလိုမှုအတွက် ဆန္ဒပြတောင်းဆိုခဲ့ရာမှ ဥပဒေနှင့်မညီညွတ်သောအကြမ်းဖက် တောင်းဆိုဆန္ဒပြမှုများ အသွင်ဆောင်လာ၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဥပဒေနှင့်ညီညွတ်မှုရှိစေရန် သွားရောက်ဆွေးနွေးညှိနှိုင်းစဉ် ဆူပူအကြမ်းဖက်သူအချို့က လူစုလူဝေးဖြင့် ပြန်လည်တုံ့ပြန်ခဲ့ရာမှ ဒိုင်းတစ်ခုမှလွဲ၍ လက်နက်စိုးစိမျှ မပါဝင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် ၁၅ ဦးနှင့် အရပ်ဘက် ယာဉ်မောင်းသုံးဦးတို့ ဒဏ်ရာအနာတရများရရှိခဲ့ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက် သတင်းထုတ်ပြန်ချက် (၁/၂၀၁၅)ဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြအလုပ်သမားများသိရှိနိုင်ရန် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ဆိုခဲ့ပါရက်စွဲဖြင့် "သို့ဖြစ်ပါ၍ တာဝန်ရှိသူများအနေဖြင့် ညှိနှိုင်းဆောင်ရွက်သင့်သည်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဥပဒေနှင့် မညီညွတ်သော အကြမ်းဖက်တောင်းဆို ဆန္ဒပြမှုများ၊ အဖျက်အမှောင့်ပြုလုပ် ပိတ်ဆို့မှုများအပါအဝင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် ဦးတည်ဆောင်ရွက်သူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထပ်မံသတိပေးလိုက်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်"ဟူ၍ သတင်းထုတ်ပြန်ချက်(၂/၂၀၁၅)ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

သို့အတွက် ဆိုခဲ့ပါဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး ပကတိမြေပြင် အခြေအနေများကို ပြည်သူများ လေ့လာသိရှိနိုင်စေရန်အလို့ငှာ သတင်းအဖွဲ့က တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံ မေးမြန်းမှုများအား ကောက်နုတ်စုစည်းဖော်ပြလိုက်ရပါသည်။

**ခင်မောင်ထွေး၊ ဝင်းဝင်းမော်**

**ဦးမြတ်ထွန်းဦး**
**ခရိုင်အုပ်ချုပ်ရေးမှူး**
**ရန်ကုန်မြောက်ပိုင်းခရိုင်**

ရန်ကုန်တိုင်းဒေသကြီးမြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန်နဲ့ လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံအချို့တို့က အလုပ်သမားအချို့ လုပ်အားခတိုးရလိုမှုကြောင့် သက်ဆိုင်ရာ စက်ရုံကို ဝင်/ထွက်မရအောင် ပိတ်ဆို့ခြင်း၊ အလုပ်ဝင်ရောက်လုပ်ကိုင်သူများကို ဟန့်တားခြင်း၊ စက်ရုံပိုင်ရှင်နှင့်အဖွဲ့များကို စက်ရုံအတွင်း ပိတ်ဆို့ထားခြင်း၊ Container ယာဉ်များ ဝင်/ထွက်မှုကို ပိတ်ဆို့တားဆီးနေခြင်းတို့ကြောင့် အလုပ်ရှင်၊ အလုပ်သမား


ဦးမြတ်ထွန်းဦး။

နှစ်ဦးနှစ်ဖက်နစ်နာမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

ပြည်သူတွေက တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားပါတယ်။ ကျွန်တော့်ဌာနအနေနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒီကြားထဲ အလုပ်ရှင်၊ အလုပ်သမား၊ နိုင်ငံတော်အစိုးရအားလုံး Win Win Solution ရအောင် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းရှင်းပြဆောင်ရွက်ခဲ့ပြီးဖြစ်တယ်။ဖေဖော်ဝါရီ ၁၇ ရက်နေ့မှာ ကြေညာချက်ထုတ်ပြီး သတိပေးခဲ့သော်လည်း ဖြစ်စဉ်တွေက ဥပဒေနှင့်မညီတဲ့ ဖြစ်စဉ်တွေထပ်ဖြစ်နေတာကြောင့် အလုပ်ရှင်၊ အလုပ်သမားမခွဲခြားဘဲနဲ့ ဖေဖော်ဝါရီ ၂၀ ရက်မှာ မလွှဲမရှောင်သာဘဲ ဥပဒေအရ ဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေနဲ့အညီ မဆောင်ရွက်မီမှာ ရပ်မိရပ်ဖတွေ ဦးဆောင်သော အဖွဲ့ကနေ ကြိုတင်ပြီး အလုပ်သမားတွေကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၂၇/၁၂၈ စသည်ဖြင့် ဥပဒေနှင့် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ဒီနေရာမှ ဥပဒေနှင့် မညီသော လုပ်ရပ်များကို ရပ်တန့်ဖယ်ရှားပေးဖို့ မေတ္တာရပ်ခံပြီး ရှင်းလင်းဖြေကြားခဲ့ပါတယ်။ ဒါတွေပြီးမှ မြို့နယ်အုပ်ချုပ်ရေးမှူးတွေက လူစုခွဲဖို့ ကြေညာခဲ့ပါတယ်။

**ဒုတိယရဲမှူးကြီးမြင့်လွင်**
**မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး**

ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ မြို့မိမြို့ဖများက Elan စက်ရုံရှေ့မှာ အမျိုးသမီး အလုပ်သမားတွေကို ပိတ်ဆို့မှုမရှိဖို့ ဥပဒေနှင့်မညီတာကြောင့် ဥပဒေပိုင်းဆိုင်ရာကို ရှင်းလင်းခဲ့ပါတယ်။ ကျော်လွင်ဦးနဲ့အဖွဲ့က ဆန့်ကျင်တဲ့စကားများ သွေးထိုးလှုံ့ဆော်မှုတွေပြုလုပ်ခဲ့တာကြောင့် အုပ်ချုပ်ရေးအဖွဲ့အစည်းအပြင် ရဲတပ်ဖွဲ့အကြီးအကဲဝင်များက ထပ်မံရှင်းလင်းခဲ့ပါတယ်။ ပိုမိုဆိုးလာတာကြောင့် အလုပ်သမားရှစ်ဦးကို ဥပဒေပိုင်းဆိုင်ရာ နားလည်ရှင်းလင်းဖို့ လိုအပ်တာမို့ ခေါ်ယူခဲ့ပြီး အကြီးအကဲများက ဥပဒေပိုင်းဆိုင်ရာ ရှင်းလင်းပြီး စက်ရုံနေရာကို ပြန်ပို့ပေးခဲ့တယ်။ သူတို့ကို ဖမ်းတာ မဟုတ်ဘူး။ ဆွေးနွေးဖို့ခေါ်ယူပြီးရှင်းပြခဲ့ခြင်းသာ ဖြစ်တယ်။ နောက်တစ်ခုက အလုပ်သမားမိန်းကလေးတွေကို ခေါ်တာ မဟုတ်ဘူး။ လုံးဝမပါဘူး။ အလုပ်သမားမိန်းကလေးရှစ်ယောက်ကို ခေါ်တဲ့အခါ ကျန်တဲ့အလုပ်သမားမိန်းကလေးတွေက သူတို့လည်း


ဒုတိယရဲမှူးကြီး မြင့်ထွေး။

လိုက်မယ်ဆိုပြီး လိုက်တာ၊ အပြင်က ရောက်လာတဲ့ အဖွဲ့အစည်းက ခဲနှင့်ပေါက်တာကြောင့် ပြန်လည်ဆင်းခဲ့တာ။ ကျွန်တော်တို့ ဖမ်းဆီးခေါ်ဆောင် အရေးယူခဲ့ခြင်းမရှိပါဘူး။

**ဒုတိယရဲမှူးကြီးမြင့်ထွေး**
**အရှေ့ပိုင်းခရိုင်**
**ရဲတပ်ဖွဲ့မှူးရုံး**

ဖြစ်စဉ်နဲ့ပတ်သက်ပြီး ၁၆-၂-၂၀၁၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှာ အစည်းအဝေးခေါ်ပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးကော်မတီဆိုပြီး ဖွဲ့စည်းခဲ့ကာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ ဒုတိယခေါင်းဆောင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့မှူးများ၊ ဥပဒေဝန်ထမ်းများ၊ အလုပ်သမားဝန်ကြီးဌာနများ ပါဝင်သော ၁၇ ဦးအဖွဲ့ကို ဖွဲ့စည်းလိုက်တယ်။ ယင်းအဖွဲ့နဲ့ အတူ ၁၇-၂-၂၀၁၅ ရက်နေ့မှာ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ဆွေးနွေးညှိနှိုင်းရေး ကော်မတီများနှင့် စက်ရုံ(၄)ရုံမှ ကော်မတီဝင်များဖြစ်တဲ့ နိုင်ဌေးလွင်၊ မျိုးမင်းမင်း၊ မမိုးဝေ၊ အေးစန္ဒာဝင်းတို့ ပါဝင်တဲ့ အလုပ်သမားအဖွဲ့တွေနဲ့ ကျွန်တော်တို့ ကော်မတီများနဲ့ အရင်ညှိနှိုင်းတယ်။

အဓိကအခြေခံလစာ သုံးသောင်းစတောင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ကော်မတီနဲ့တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အလုပ်ရှင်တွေနဲ့ ဆွေးနွေးညှိနှိုင်းတဲ့ကော်မတီ၊ အလုပ်ရှင်နဲ့ အလုပ်သမားတွေ့ဆုံ ဆွေးနွေးမှုတွေကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်ခဲ့တယ်။ ၂၀ ရက်နေ့ ရောက်တဲ့အခါကျတော့ အလုပ်သမားဝန်ကြီးဌာနရဲ့ တင်ပြချက်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအမံနဲ့လက်ရှိ စက်ရုံမှာပိတ်ဆို့နေမှုနဲ့ပတ်သက်ပြီး ဖယ်ရှားရှင်းလင်းဖို့ တာဝန်ပေးတဲ့အခါမှာ ကျွန်တော်နဲ့အတူ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအေးမင်း၊ ရပ်မိရပ်ဖများပါဝင်သော အဖွဲ့က အင်းစိန်မြို့မှာရှိတဲ့ ကော့စတစ်စက်ရုံကိုသွားရောက်ပြီး စက်ရုံမှာရှိနေတဲ့ အဖွဲ့ခေါင်းဆောင် မအေးစန္ဒာဝင်းနဲ့ အလုပ်သမား အမျိုးသားရှစ်ဦး၊ အမျိုးသမီး ၄၀ကို ယခုလို ဆောင်ရွက်နေခြင်းသည် ဥပဒေနှင့်မညီကြောင်း၊ စက်ရုံရှေ့မှာ ယခုလိုပိတ်ဆို့နေခြင်းသည် ပြစ်မှုကျူးလွန်တာဖြစ်တဲ့အတွက် ဘယ်လိုပြစ်မှုများကျူးလွန်တာ ဖြစ်ကြောင်း


ဒုတိယရဲမှူးကြီး မြင့်လွင်။

ရှင်းပြခဲ့တာကြောင့် သူတို့ရဲ့ ပစ္စည်းများ ယူဆောင်ပြီးတော့ စက်ရုံရှေ့ ပိတ်ဆို့မှုက ဖယ်ရှားဆောင်ရွက်ပေးခဲ့ပြီး သူတို့ မြို့နယ်ရွှေပြည်သာဘက်ကို ပြန်သွားတာဖြစ်တယ်။ ယခုကိစ္စမှာ ကျွန်တော်တို့အနေနဲ့ သွားစဉ်ကတည်းက စက်ရုံက ပိတ်ဆို့နေတဲ့ အလုပ်သမားတွေကို ဖြိုခွင်းဖို့ မပါရှိဘူး။

ကျွန်တော်တို့ဌာန ဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကလည်း ဖြိုခွင်းဖို့ မဆောင်ရွက်ခိုင်းပါဘူး။ အေးအေးဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်အောင် ကျွန်တော့်တပ်ဖွဲ့ဝင်တွေကိုယ်တိုင်က မိမိတို့ ကာကွယ်ပေးမယ့် ဒိုင်းကလွဲရင် Equipment တုတ်/လက်နက် ဘာမှ မယူခဲ့ပါဘူး။စက်ရုံမှာရှိနေတဲ့ အလုပ်သမားတွေက ငယ်ရွယ်တဲ့ လူငယ်တွေ ဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဖြိုခွင်းရမယ့်အခြေအနေ မဟုတ်တာကြောင့် အေးအေးချမ်းချမ်းပြီးဖို့ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ရေး ရှင်းလင်းတင်ပြခဲ့တာကြောင့် သူတို့လည်း ပြောကြားချက်ကိုလက်ခံပြီး ကော့စတစ်စက်ရုံကတော့ အေးဆေးစွာ ထွက်သွားခဲ့ပါတယ်။

**ရဲမှူးပြည့်စုံ**
**ရန်ကုန်တိုင်းဒေသကြီး**
**ရဲတပ်ဖွဲ့မှူးရုံး**

ဖေဖော်ဝါရီ၂၀ ရက်နေ့ ဖြစ်စဉ်မှာ ရဲတပ်ဖွဲ့များအနေနဲ့ ဆူပူဆန္ဒပြမှုများ ဥပဒေနှင့် ညီညွတ်မှုမရှိတာကြောင့် တာဝန်ရှိသူများက စနစ်တကျ စီမံဆောင်ရွက် ခဲ့ခြင်းသာဖြစ်ပါတယ်။ အုပ်ချုပ်ရေး ပိုင်းမှ တာဝန်ရှိသူများက ဆန္ဒပြသူများကို နည်းလမ်းတကျ ဖြစ်စေဖို့အတွက် စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့တဲ့အပြင် ဒါတွေက ဥပဒေနဲ့ မညီညွတ်ကြောင်းကို တာဝန်ရှိတဲ့ ရဲအရာရှိတွေက ချပြရှင်းလင်းပြီး ဆောင်ရွက်ခဲ့တဲ့အပေါ်မှာ သူတို့က ဆက်ပြီး ဆန္ဒပြလာတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးလုပ်တဲ့အခါ ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ် ဆောင်ရွက်နေတဲ့ အတိုင်းအတာကြောင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းများ ဖြစ်ခြင်းကြောင့် နိုင်ငံတကာစံချိန်နဲ့အညီ ဆောင်ရွက်ရတာဖြစ်တယ်။

အစည်းအဝေးကို စနစ်တကျ စီမံခန့်ခွဲမှု ဖြေရှင်းဆောင်ရွက်တဲ့အခါမှာလည်း ရဲတပ်ဖွဲ့အမျိုးသမီးများနဲ့ ဖျန်ဖြေစေ့စပ်ဆောင်ရွက်ပေးတယ်။ တားဆီးတဲ့ တပ်ဖွဲ့ဝင်တွေမှာလည်း အဓိကရုဏ်းနှိမ်နင်းရေး လက်နက်တစ်ခုမှ မပါဝင်ခဲ့ပါဘူး။ ကာကွယ်နိုင်ဖို့ ဒိုင်းတစ်ခုသာ ပါဝင်ခဲ့တယ်။ ရဲတပ်ဖွဲ့ဝင်တွေက သည်းခံပြီး တာဝန်ဝတ္တရားကို ကျေပွန်စွာဆောင်ရွက်ခဲ့ခြင်းကိုလည်း


ရဲမှူး ပြည့်စုံ။

ဗီဒီယိုမှတ်တမ်းများမှာ တွေ့နိုင်ပါတယ်။ ဒါတွေကို စနစ်တကျ သည်းခံပြီး ဆောင်ရွက်ခဲ့တာကြောင့် ပြန်လည်ခုခံခြင်းမရှိခဲ့ပါဘူး။ အလုပ်သမားတွေက အကြမ်းဖက် ခဲနှင့်ပစ်ပေါက်ခဲ့တာကြောင့် ရဲတပ်ဖွဲ့ဝင် ၁၅ ဦးနှင့် အရပ်သား ယာဉ်မောင်း သုံးဦး ဒဏ်ရာရရှိခဲ့တယ်။ ဆိုလိုချင်တာက ရဲတပ်ဖွဲ့ဝင်တွေက တာဝန်ဝတ္တရား ဆောင်ရွက်တဲ့အခါမှာ တချို့က ရဲတပ်ဖွဲ့ဝင်များ မတော်မတရားပြုတယ်လို့ အမြင်မှားအထင်မှား ဖြစ်မှာကြောင့် အဖြစ်မှန်ကို ပြောပြခြင်းသာဖြစ်တယ်။

ဖြစ်စဉ်မှာ ရဲတပ်ဖွဲ့ဝင်များက စနစ်တကျ ဆောင်ရွက်ခဲ့တယ်။ အလုပ်သမားတွေကိုလည်း သည်းခံစိတ်ဖြင့်သာ တာဝန်ဝတ္တရားတွေကို ဆောင်ရွက်ခဲ့တယ်လို့ ပြောချင်ပါတယ်။

**ဦးထွန်းဝေ**
**အင်းစိန်မြို့နယ်**
**ဖော့ကန်ရပ်ကွက်ရပ်မိရပ်ဖ**

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၀ ရက်က ကျွန်တော်က ရပ်မိရပ်ဖတစ်ဦးအနေနဲ့ ညှိနှိုင်းဖို့ Costec စက်ရုံဘက်လာခဲ့ပါတယ်။ ဆန္ဒပြနေတဲ့ အလုပ်သမားတွေနဲ့တွေ့ပြီး "သားတို့၊ သမီးတို့ အခုလုပ်နေတာ ဒီစက်ရုံအဝတွေမှာ ပိတ်ဆို့ထားတာက ဥပဒေနဲ့မညီဘူး။ ဥပဒေအတိုင်းလုပ်ကြပါ။ ဦးတို့က စက်ရုံအပိုင်းဘက်ကလည်းမဟုတ်ဘူး။ ညှိနှိုင်းပေးဖို့ပါ။ တတ်နိုင်ရင် ဖယ်ပေးပါ။ တရားဥပဒေအရ ဦးတို့လည်း ဝိုင်းပြောပေးမယ်။ ဦးတို့လည်း ညှိနှိုင်းနေတာ တစ်ပတ်လောက်ရှိပြီ" ဆိုပြီး ပြောခဲ့ပါတယ်။

ဒါပေမယ့် သူတို့က မရပါဘူး။ ELan စက်ရုံနဲ့ ပေါင်းထားတော့ အင်အား ၁၅၀ ခန့်ရှိပြီး အော်နေကြပြီ။ ကျွန်တော်တို့ဘက်ကလည်း အသံချဲ့စက်နဲ့ ပြောပေးပါတယ်။ တရားဥပဒေအရ မညီတော့ဘူးဆိုပြီး ပေါ့။ စက်ရုံတွေကို ပိတ်ဆို့ထားတယ်။ ကားတွေ ဝင်လို့မရဘူးပေါ့၊ ဒါလည်း မရပါဘူး။ အမျိုးသမီးအလုပ်သမား ၆၀ လောက်နေခဲ့ပြီး အလံကိုင်အဖွဲ့က ELan ဘက်ကို သွားတယ်။ ကျွန်တော်တို့က အင်းစိန်ဘက်အခြမ်းဆိုတော့ ရွှေပြည်သာဘက်နဲ့ အဆက်အသွယ်မရှိဘူး။ ဒါပေမယ့် ဟိုဘက်မှာ ဆူနေပြီဆိုတဲ့ သတင်းတွေကြားရပါတယ်။ ညှိညှိနှိုင်းနှိုင်းဖြစ်စေချင်တယ်။

**ရပ်မိရပ်ဖ တစ်ဦး**
**(ရွှေပြည်သာ)**

ဖေဖော်ဝါရီ ၂၀ ရက်က ဖြစ်စဉ်ကို ကျွန်တော်အနီးကပ်မြင်ခဲ့ရပါတယ်။ အဲဒီနေ့က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေက ဒိုင်းတစ်ခုပဲပါတယ်။ သူတို့ဘက်က ဆန္ဒပြခေါင်းဆောင် အချို့ကို ညှိနှိုင်းဖို့ ကားနဲ့ခေါ်သွားတယ်။


ဦးထွန်းဝေ။

အဲဒီအချိန်မှာ ကျန်အမျိုးသမီးဆန္ဒပြအလုပ်သမားတွေက သူတို့လည်း လိုက်မယ်ဆိုပြီး ဘတ်စ်ကားပေါ်တက်ကြတယ်။ မော်တော်ကားက ကြီးတော့ နောက်ပြန်ဆုတ်ချိန် ကန့်လန့်ဖြစ်နေစဉ်မှာ ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်တယ်။ ကားရှေ့မှာ မှောက်လဲချသူတွေ၊ ကားကိုယ်ထည်ကို ကိုယ့်ခေါင်းနဲ့ကိုယ် ဆောင့်တာတွေလုပ်ကြတဲ့အပြင် ဒိုင်းတစ်ခုသာပါတဲ့ ရဲတပ်ဖွဲ့ဝင်တွေကို အလံကိုင်ထားတဲ့ သူအချို့က ဒိုင်းတွေကြားထဲက ဝါးလုံးတွေနဲ့ ဆောင့်ထိုးတာတွေ၊ လုံခြုံရေး ရဲကားခေါင်မိုးပေါ် အလံကိုင်တစ်ယောက်ကတက်ပြီး အလံတွေ တက်လွှင့်တာတွေ ဖြစ်လာပြီ။

အဆိုးဆုံးကတော့ အဲဒီအနားက ကျောက်ခဲခွဲစက်ရုံက ကျောက်ခဲတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ဝိုင်းထုကြတာ ခေါင်းကွဲသူကွဲ၊ ဒဏ်ရာရသူရနဲ့ဗျာ။ ကျွန်တော် ဘယ်ဘက်မှ မပါပါဘူး။ ဒါပေမယ့် အဲဒီနေ့က ရဲတပ်ဖွဲ့ဝင်တွေ သနားစရာဗျာ။ ပေပြီးခံကြတယ်။ ရဲတွေနောက်က ဆန္ဒပြအမျိုးသမီးတွေလည်း ထိတဲ့သူထိဖြစ်ကုန်တယ်။

ရှေ့ကဖြစ်စဉ်တွေမှာ ရဲတွေဘယ်လိုရှိတယ်တော့ ကျွန်တော်မသိဘူး။ အဲဒီနေ့က ဖြစ်စဉ်မှာ သူတို့ဘက်ကာဗာလုပ်ဖို့ ဒိုင်းတစ်ခုတည်းယူလာတော့ပေပြီးခံရတာပေါ့ဗျာ။ ဘာမှလည်း ပြန်မလုပ်ကြပါဘူး။ ဒါကြောင့် အဲဒီနေ့ကဖြစ်စဉ်ကို စာနယ်ဇင်းတွေ တစ်ဖက်သတ်မရေးကြဖို့ မေတ္တာရပ်ခံပါတယ်ဗျာ။ နောက်ပြီး အေးအေးချမ်းချမ်းနဲ့ ညှိညှိနှိုင်းနှိုင်းပဲဖြစ်စေချင်ပါတယ်ဗျာ။

☆ ပြည်ထောင်စုလွှတ်တော်မှ အပါအဝင် ကျပ် (၅၈၇ ဒသမ ၂၆၉) ဘီလီယံခန့် ဖြစ်ပါကြောင်း။

စိစစ်ခွင့်ပြုခဲ့သည့် လုပ်ငန်း (၂၂)ခုမှ အကျိုးအမြတ်အနေဖြင့် အခွန်အရပ်ရပ်နှင့် မြေငှားရမ်းခများအဖြစ် ပုံမှန်တစ်နှစ်အတွက် အမေရိကန်ဒေါ်လာ (၀ ဒသမ ၈၉၆) သန်းနှင့် မြန်မာငွေကျပ် (၂၀ ဒသမ ၂၃၅) ဘီလီယံခန့်ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် သုံးသပ်ကြည့်မည်ဆိုပါက ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍသည် ၃၆ ဒသမ ၈၃ ရာခိုင်နှုန်းဖြင့် ပထမ၊ စွမ်းအင်ကဏ္ဍသည် ၂၁ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဒုတိယနှင့် အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍသည် ၁၆ ဒသမ ၉၅ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်လည်းကောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများအပေါ် သုံးသပ်ကြည့်မည်ဆိုပါက အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍသည် ၇၉ ဒသမ ၇၅ ရာခိုင်နှုန်းဖြင့် ပထမ၊ ဆောက်လုပ်ရေးကဏ္ဍသည် ၉ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ စက်မှုကဏ္ဍသည် ၄ ဒသမ ၈၁ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်လည်းကောင်း စိစစ်တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ၏ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သော ယူနိုက်တက်ကင်းဒမ်း၊ ပြင်သစ်၊ နယ်သာလန်နှင့် ဆွီဒင်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်စီးဝင်လာသည်ကို တွေ့ရှိရပါကြောင်း၊ ယခင်က ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုနည်းပါးခဲ့သည့် စင်ကာပူနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း၊ ဗီယက်နမ်၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဟောင်ကောင်နှင့် အိန္ဒိယနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများ များပြားလာခြင်း၊ ၁၀ နှစ်ကျော်ကာလအထိ ရင်းနှီးမြှုပ်နှံမှုများ ရပ်တန့်နေခဲ့သည့် ကနေဒါ၊ နယ်သာလန်နှင့် လူဇင်ဘတ်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လာပါကြောင်းဖြင့် ရှင်းလင်းသည်။

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၄ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သော တရုတ်ပို့ကုန်သွင်းကုန်ဘဏ်(EXIM Bank of China)မှ အမေရိကန်ဒေါ်လာသန်း ၃၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းသည်။

ထိုသို့ရှင်းလင်းရာတွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပို့ကုန်သွင်းကုန်ဘဏ်ထံမှ အမေရိကန်ဒေါ်လာသန်း ၃၀၀ ချေးယူပြီး အသေးစားအရင်းအနှီးချေးငွေထုတ်ပေးခြင်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်း၊ သမဝါယမအသင်းများအဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ကျေးရွာပေါင်း(၆၃၉၈၃) ရွာရှိပြီး အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းသည် ကျေးရွာပေါင်း(၂၃၄၅၁)ကိုသာ လွှမ်းခြုံနိုင်သည့်အတွက် ကျန်ကျေးရွာပေါင်း(၄၀၄၄၂)ရွာအတွက် လိုအပ်နေပါကြောင်း၊ ယခုချေးပေးနေသည့်ပမာဏသည် တစ်အိမ်ထောင်လျှင် ပျမ်းမျှတစ်သိန်းခန့်သာ ချေးပေးနိုင်သည့်အတွက် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၏ ရည်မှန်းချက်အောင်မြင်ရန် အားနည်းနေပါကြောင်း၊ ပြည်သူများ၏ လုပ်ငန်းများကို စိစစ်ပြီး တစ်အိမ်ထောင်လျှင် တစ်သိန်းမှ ငါးသိန်းခန့်အထိ တိုးမြှင့်ချေးနိုင်မှသာ ပိုမိုထိရောက်အောင်မြင်မည်ဟု ယူဆရပါကြောင်း။

တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာသန်း (၃၀၀)ကို အသေးစားနှင့် အရင်းအနှီးချေးငွေမရရှိသေးသည့် အသင်းသားပြည်သူများသို့ ထုတ်ချေးရန်အတွက် ဒေါ်လာသန်း ၂၂၀၊ ချေးငွေရရှိပြီးသူများအတွက် ချေးငွေကျပ်တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ပေးရန်အတွက် ဒေါ်လာသန်း ၅၀၊ ဈေးကွက်အတွင်းရှိ လယ်ယာသုံးပစ္စည်းများကို လယ်သမားများက ကြိုက်နှစ်သက်ဝယ်ယူမှုအပေါ် အရစ်ကျငွေချေစနစ်ဖြင့် ကြားခံဆောင်ရွက်ရန်အတွက် ဒေါ်လာသန်း ၃၀ နှင့်အထက် သုံးစွဲသွားရန်လျာထားပါကြောင်း။

ထို့သို့ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတို့ကို တစ်နိုင်ငံလုံး ကျယ်ပြန့်ထိရောက်အောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု၊ လယ်ယာထုတ်ကုန်တိုးပွားပြီး တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကို မလွဲမသွေရရှိလာမည်ဖြစ်ပါကြောင်း၊ ယင်းသို့ရရှိလာသည်နှင့်အမျှ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၁၅ခုနှစ်တွင် ဆင်းရဲမှုကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး၊ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးတို့ကိုလည်း များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် HD Centre (Centre for Humanitarian Dialogue) ၏ စင်ကာပူနိုင်ငံအခြေစိုက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Michael Vatikiotis ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ (၁၉-၂-၂၀၁၅)ရက်နေ့ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၇၄ ဦးနှင့် ထုတ်ဝေသူသက်တမ်းတိုး ၆၆ ဦး၊ ပေါင်းသက်တမ်းတိုး ၁၄၀ ဦးအား လည်းကောင်း၊ ပုံနှိပ်တိုက်လိပ်စာပြောင်း နှစ်ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ် လျှောက်ထားသူ ၁၉ ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် ခြောက်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ၁၀ ဦး၊ အထွေထွေထုတ်ဝေခွင့် ရှစ်ဦး၊ သတင်းအေဂျင်စီ တစ်ဦး၊ ပေါင်းပုံနှိပ်လုပ်ငန်းနှင့် ထုတ်ဝေခွင့် ၄၄ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ယခင်အပတ်က စိစစ်ဆဲဖြစ်သော မဂ္ဂဇင်းအသစ်လျှောက်ထားသူ တစ်ဦးနှင့် ဂျာနယ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦးတို့အား ယခုအပတ်တွင် ပြန်လည်ခွင့်ပြုပေးခဲ့ပါသည်။ ယခုအပတ်တွင် တင်ပြထားသည့်အထဲမှ ဂျာနယ်လိပ်စာပြောင်း တစ်ဦး၊ သတင်းအေဂျင်စီအသစ် တစ်ဦး၊ ဂျာနယ်အသစ်တစ်ဦးတို့နှင့် ပတ်သက်၍ စိစစ်ဆဲဖြစ်ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၇၃၀ ဦးနှင့် အသစ်လျှောက်ထားသူ ၁၀၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၇၃၁ ဦးနှင့်အသစ်လျှောက်ထားသူ ၂၉၉ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ခြောက်ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၁၈၆၇ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ လေးဦး၊ အထွေထွေထုတ်ဝေခွင့် သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦး၊ ဂျာနယ်လိပ်စာပြောင်းလျှောက်ထားသူ တစ်ဦးနှင့် သတင်းအေဂျင်စီအသစ်လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကူဝိတ်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင်ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ် ဆာဘား အယ်လ် ခါလစ် အယ်လ် ဟာမက် အယ်လ် ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ကျေးဇူးတင်လွှာ

၁။ ၂၀-၂-၂၀၁၅ရက် နေပြည်တော်တွင်ပြုလုပ်ခဲ့သည့် စစ်တက္ကသိုလ် အပတ်စဉ်(၂၀)တတိယအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားသို့ ကိုယ်တိုင် ကိုယ်ကျတက်ရောက်ချီးမြှင့်ပေးကြပါသော ဆရာ၊ ဆရာမကြီး(၅၀)ဦးတို့အား လည်းကောင်း၊

၂။ ကန်တော့ပွဲ အခမ်းအနားအတွက် မဏိရတနာကျောက်စိမ်းခန်းမအား စီစဉ်ပေးပါသော သတ္တုတွင်းဝန်ကြီးဌာနနှင့် ဆရာ၊ ဆရာမကြီးများ တည်းခိုနေထိုင်ရေးအတွက် မေတ္တာဖြင့်ကူညီစီစဉ်ဆောင်ရွက်ပေးကြသော ရွှေနန်းတော်ဟိုတယ်၊ မြတ်တော်ဝင်ဟိုတယ်နှင့် ဇမ္ဗူသီရိဟိုတယ်မိသားစုနှင့် ဟိုတယ်ဝန်ထမ်းများအားလည်းကောင်း။

၃။ ကျဆုံးကွယ်လွန်သွားကြသည့် ကျောင်းဆင်းဘက်သူငယ်ချင်းများ၊ ရဲဘော်ရဲဘက် စစ်သည်များအတွက် ဥပ္ပါတသန္တိဘုရားတွင် ပြုလုပ်ခဲ့သည့် ကောင်းမှုကုသိုလ်ပြု အလှူရေစက်ချအခမ်းအနား၌ သီလပေးတရားပြ ရေစက်ချအမျှပေးဝေမှုကို ဦးစီးဆောင်ရွက်ပေးခဲ့ပါသော ပျဉ်းမနားလယ်တီစံကျောင်း ဆရာတော်ဘဒ္ဒန္တကုန္ဒာဝုဓအားလည်းကောင်း။

၄။ မိသားစုမိတ်ဆုံညစာစားပွဲနှင့် လျှပ်တစ်ပျက်ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အဘက်ဘက်မှကူညီဆောင်ရွက်ပေးခဲ့ကြသည့် နေပြည်တော်တိုင်း စစ်ဌာနချုပ်အားလည်းကောင်း၊

၅။ တတိယအကြိမ် အာစရိယပူဇော်ကန်တော့ပွဲ ထမြောက်အောင်မြင်ရေးအတွက် စီမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဦးစီးနာယကအဖွဲ့နှင့်လုပ်ငန်း ဆပ်ကော်မတီ အားလုံးတို့အားလည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ ကျောင်းဆင်းဘက်သူငယ်ချင်းအားလုံးနှင့် ပါရမီဖြည့်ဘက် မြင့်မြတ်နှလုံးသား စွမ်းဆောင်ရှင် မဟေသီများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၀)**

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၂၅-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့)

(၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်၊ ဥပုသ်နေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၃၀ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |
| ၈း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၉း၃၅ | သိပ္ပံနှင့်နည်းပညာအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့ အချစ်" (အပိုင်း-၃၂) |
| ၁း၅၀ | ဂန္ဓဝင်အလှ မြန်မာရာမ (အပိုင်း-၅) (ရဲသီဟကို၊ မင်းဟိန်းခန့်ပိုင်ဖြိုးသု၊ စုလှဲ့ရတနာ) (ဒါရိုက်တာ-ဇော်ဇော် (Ad.Leono)) |

# သာကေတ ၁၀/တောင်ရပ်ကွက်၌ လောင်းကစားဝိုင်းဖမ်းမိ

**သာကေတ ဖေဖော်ဝါရီ ၂၄**

သာကေတမြို့နယ် ၁၀/ တောင်ရပ်ကွက် သန်လျင်တံတားချဉ်းကပ်လမ်းမကြီးဘေး၊ ဆောက်လုပ်ရေးမှတ်တိုင်တွင် လောင်းကစားဝိုင်းပြုလုပ်နေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီခွဲက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစစ်ကြည်၊ နယ်ထိန်းရဲတပ်ကြပ် စောလေးဖောနှင့်အဖွဲ့တို့ ပူးပေါင်းဝင်ရောက်ဖမ်းဆီးရာ ကိုသန်းထိုက်(၂၈)နှစ်၊ တဲစု(၁၅)ဆောက်လုပ်ရေးကျူး (၁၀) တောင်၊ ၁၂ ရပ်ကွက် သာကေတနေသူ၊ မခင်မာကြည် (၃၀)နှစ်၊ တဲစု(၁၃) ဆောက်လုပ်ရေးကျူး(၁၀)တောင်၊ (၁၂)ရပ်ကွက် သာကေတနေသူ၊ မရွှေဇင်(၃၀)နှစ်၊ တဲစု(၁၅) ဆောက်လုပ်ရေး ကျူး(၁၀)တောင်၊ (၁၂)ရပ်ကွက် သာကေတနေသူတို့အား လောင်းကြေးငွေနှင့်အတူ ဖမ်းဆီးမိပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ပေါက်ကျော်)**

▼

***National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မှိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# မေးပါရစေ ဖြေပေးပါ

ဦးဝင်းမြင့်မောင်

ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီရဲ့ တောင်းဆိုချက်များနဲ့ပတ်သက်ပြီး အောက်ပါအချက်နှစ်ချက်ကို ထောက်ပြပါမယ်-

(၁) တောင်းဆိုချက်(၁၁)ချက်ရဲ့ အကြောင်းအရာနှင့် စကားလုံးအသုံးအနှုန်းတွေဟာ NNER က ပြောနေကျစကားတွေပါ။

(၂) အစိုးရ၊ လွှတ်တော်နှင့် သပိတ်မှောက်ကျောင်းသား (Identity Card) ရှိသူတွေ တွေ့ဆုံဆွေးနွေးရင် ဖြစ်နိုင်ရဲ့သားနဲ့ NNER ပါရမယ်လို့ လေးပွင့်ဆိုင် တောင်းဆိုပါတယ်။

ကျွန်တော့်နိုင်ငံရေး ဗေဒင်မှန်သွားတာကတော့ ၁-၂-၂၀၁၅ရက်က ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ခန်းမမှာ ကျင်းပတဲ့လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ NNER က ကျောင်းသားတွေကို ခေါင်းဆောင်ပြီး ပေါ်ထွက်လာခြင်းပါပဲ။

ဒါကြောင့် ကျွန်တော့်ကို မေးခွန်းများ မေးခွင့်ပြုပါ။ ဒါကိုလည်း ဒီမိုကရေစီကျင့်စဉ်အရ မိမိရဲ့ အယူအဆကို လွတ်လပ်စွာထုတ်ဖော်ခွင့်လို့ပဲ ရှုမြင်ပေးပါ။

တောင်းဆိုချက်နံပါတ်(၂)နဲ့ နံပါတ်(၉)ကတော့ ကျွန်တော် မကျွမ်းကျင်တဲ့ နိုင်ငံရေးကွင်းပြင်ဖြစ်လို့ မဆွေးနွေးလိုပါဘူး။

**နံပါတ်(၁)အချက်**

ပညာရေးမူဝါဒများနဲ့ ဥပဒေများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများရေးဆွဲရာတွင် ကျောင်းသား ကျောင်းသူကိုယ်စားလှယ်များ၊ ဆရာ ဆရာမကိုယ်စားလှယ်များပါဝင်ရန်ကိစ္စဆိုရာမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ သူငယ်တန်းက ပါရဂူတန်းအထိ ကျောင်းသား ကျောင်းသူကိုယ်စားလှယ်များကို ဘယ်လိုရွေးကြမှာလဲ။ တစ်နိုင်ငံလုံးမှာရှိတဲ့ နေ့စားလပေး မူလတန်းပြက ပါမောက္ခအထိ ဆရာ ဆရာမကိုယ်စားလှယ်တွေကို ဘယ်လိုရွေးကြမှာလဲ။ လက်တွေ့မကျတဲ့ တောင်းဆိုချက်ပါ။

**နံပါတ်(၄)အချက်**

ဒေသအလိုက်နဲ့ ကျောင်းအလိုက် လွတ်လပ်စွာ စီမံခန့်ခွဲနိုင်သည့် ပညာရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိစ္စဆိုရာမှာ အဆင့်မြင့်ပညာကျောင်းများအတွက် လွတ်လပ်စွာ စီမံခန့်ခွဲနိုင်သည့် ပညာရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာ ပုဒ်မ ၇၊ ၂၆၊ ၃၉(ဆ)၊ ၄၀၊ ၅၇(ဂ) တို့မှာ အခိုင်အမာပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အဲဒီ လွတ်လပ်ခွင့်မျိုးကို အခြေခံပညာကျောင်းတွေကို ပေးလိုက်ရင် အရပ်စကားနဲ့ပြောရရင် (၅)ပါးမက သံဃာစင်ပါ မှောက်သွားမှာပါ။ ဒါကြောင့် ပုဒ်မ ၅၇(က)ဟာ ပါကိုပါရမယ်လို့ ယူဆပါတယ်။ ဗဟိုချုပ်ကိုင်မှု အစွန်းကိုရှောင်ရင်း တစ်တောတစ်ကြက်ဖတွန် အစွန်းကိုရောက်သွားပါမယ်။ ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာ စီမံခန့်ခွဲနိုင်သည့် ပညာရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရဘဲနဲ့တောင် အခြေခံပညာကျောင်းတွေဟာ လုပ်ချင်တာလုပ်နေကြတာပါ။ မြင်းကို ချိုတပ်ပေးလိုက်လို့ကတော့ မိဘအုပ်ထိန်းသူတွေဟာ အကန်ခံနေရရာက အခတ်ပါခံရပါတော့မယ်။

**နံပါတ်(၅)အချက်**

လက်ရှိကျင့်သုံးနေသော စာမေးပွဲစနစ်နှင့် တက္ကသိုလ်ဝင်ခွင့်များ ပြင်ဆင်ရန်ကိစ္စဆိုရာမှာ လက်ရှိ ကျင့်သုံးနေတဲ့ စာမေးပွဲစနစ်နဲ့ တက္ကသိုလ်ဝင်ခွင့်တွေကို ဥပဒေမှာ ပြင်ဆင်ထားပါတယ်။ တောင်းဆိုရင် ဥပဒေပါစာမေးပွဲစနစ်နဲ့ တက္ကသိုလ်ဝင်ခွင့်ကို ပြင်ဆင်ဖို့ တောင်းဆိုရပါမယ်။ စာမေးပွဲစနစ်ကို ဒေါက်တာသိန်းလွင်တို့ ဘယ်လိုပြင်မယ်ဆိုတာ မသိရတော့ မဆွေးနွေးနိုင်ပါဘူး။ ဥပဒေပုဒ်မ ၄(ဇ)၊ ၂၈(ခ) အရ သင်ယူလိုသူရဲ့ဆန္ဒကို အခြေခံပြီး ဝင်လိုသည့် တက္ကသိုလ်ကို လျှောက်ထားနိုင်ပါတယ်။ ဒါပေမယ့် သတ်မှတ်ထားသည့် အရည်အချင်း ပြည့်မီမှုကတော့ ရှိရမှာဖြစ်ပါတယ်။ အမှတ်ပေါင်း(၂၄၀)နဲ့ ဆေးတက္ကသိုလ် ဝင်ခွင့်လျှောက်ချင်ရင်တော့ မရနိုင်ပါဘူး။ မိမိဆန္ဒရှိတဲ့ တက္ကသိုလ်ဝင်ခွင့်ရအောင် အဲသည့် တက္ကသိုလ်က သတ်မှတ်ထားတဲ့ အရည်အချင်းပြည့်မီအောင် မိမိဘက်ကလည်း ကြိုးစားရမှာပဲ။ ကိုယ်ညံ့ကိုယ်ခံပေါ့။ ဒေါက်တာသိန်းလွင် ပြောသည့်စကားရှိပါတယ်။ လွတ်လပ်စွာ ဘာသာရပ် ရွေးချယ်ခွင့်ရှိရမယ်ဆိုတာ မေးချင်ပါတယ်။ လွတ်လပ်စွာ ဘာသာရပ် ရွေးချယ်ခွင့်ဆိုတာ သူငယ်တန်းကို ပြောတာလား။ မြန်မာစာမသင်ချင်ဘူး တရုတ်စာပဲသင်ချင်တယ်လို့ လွတ်လပ်စွာရွေးချယ်ခွင့်လား။ အင်္ဂလိပ်စာ မသင်ချင်ဘူး ထိုင်းစာပဲသင်ချင်တယ်လို့ လွတ်လပ်စွာရွေးချယ်ခွင့်လား။ အခြေခံပညာအထက်တန်းမှာ လွတ်လပ်စွာ ဘာသာရပ်ရွေးချယ်ခွင့်ရဲ့ ဘေးထွက်ဆိုးကျိုးတွေရှိနေပါပြီ (သီးခြားဆောင်းပါးတစ်စောင်ရေးရမှာပါ)။ အဆင့်မြင့်ပညာမှာ ဘာသာရပ်ကို လွတ်လပ်စွာရွေးချယ်ခွင့် ရှိနေပါတယ်။ ခြောက်ဘာသာဂုဏ်ထူးရလို့ ဆေးကျောင်းပဲတက်ရမယ်၊ မြန်မာစာအထူးပြုမယူရဘူးလို့ မရှိပါဘူး။ ဒါပေမယ့် လူကြိုက်များတဲ့ တက္ကသိုလ်တွေ တက်ချင်ရင်တော့ Demand များရင် Price တက်မှာပဲ။ ဉာဏ်ရည်ဉာဏ်သွေးမြင့်ပြီး ကြိုးစားအားထုတ်မှုရှိလို့ ထူးချွန်ထက်မြက်သူကို နိုင်ငံတော်က ဦးစားပေးရမှာပဲ။ သိပ္ပံပညာရှင် ဒါဝင် ပြောသလို ပြောရရင်တော့ Survival of the Fittest ပေါ့။ ဒေါက်တာသိန်းလွင် ပြောသလို လွတ်လပ်စွာဘာသာရပ် ရွေးချယ်ခွင့်ရှိလို့ မက်ထရစ်အောင်သူ ၉၀ ရာခိုင်နှုန်းက ဆေးပညာကို လွတ်လပ်စွာ ရွေးချယ်ပြီဆိုပါတော့ (မဖြစ်နိုင်ပါဘူး တွက်လို့မရဘူး။ ဖြစ်ခဲ့သော် တွက်ရပါမယ်။ လက်တန်းလုပ်လို့မရဘူး။) (၁၀) တန်းအောင်သူတိုင်း တက်နိုင်ဖို့ လက်ရှိ အခြားတက္ကသိုလ်တွေကို ဆေးတက္ကသိုလ် လုပ်ပစ်မှာလား၊ သင်ကြားရေးဆေးရုံတွေ ပြည့်စုံပါမည်လား၊ အထူးကု

**ynma&;r0g'rsm;e Oya'rsm;? en;Oya'rsm;? qupyOya'rsm; a&;q&mwi ausmi;om; ausmi;ou ,pm;v ,rsm;? q&m q&mr u ,pm;v ,rsm; yg0i&eupq&mrm wpEiiv;rm&w oi ,we; u yg&*we;tx ausmi;om; ausmi;o u ,pm;v ,rsm;u b ,v a&;|urmv/ wpEiiv;rm&w aepm;v ay; r vwe;jyu ygarmu tx q&m q&mr u ,pm;v ,awu b ,v a&;|urmv/**

ပါမောက္ခကြီးတွေ လုံလောက်ပါပြီလား၊ ခန္ဓာဗေဒသင်ဖို့ ကျောင်းသားခြောက်ဦး အလောင်းတစ်လောင်းပေးနိုင်ပါမည်လား၊ ဒါတွေက ဘတ်ဂျက် ၂၀ ရာခိုင်နှုန်းနဲ့ လုပ်မရဘူး။ ပြီးတော့ တစ်နှစ်တစ်နှစ် ဆရာဝန်ဦးရေကို တစ်နှစ်တစ်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်တဲ့ ဦးရေနီးပါး မွေးထုတ်ဖို့လိုအပ်ပါသလား၊ လွတ်လပ်စွာဘာသာရပ်ရွေးချယ်ခွင့်ကြောင့် မြန်မာနိုင်ငံမှာ ဆေးတက္ကသိုလ်ချည်း၊ ဖြစ်လာလို့ အခြားအသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွေ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်တွေ ပိတ်ပစ်ရတော့မှာလား၊ ပညာရပ်နယ်ပယ်အားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုပျက်စီးမသွားဘူးလား။။

**နံပါတ်(၆)အချက်**

ကျောင်းသားများ လွတ်လပ်စွာ စဉ်းစားတွေးခေါ်နိုင်ရေး ကိုယ်တိုင်လေ့လာ စူးစမ်းသင်ယူနိုင်သည့် သင်ကြားရေးနည်းစနစ်များ ပြောင်းလဲရန်ကိစ္စဆိုရာမှာ သင်ကြားနည်းစနစ်ဆိုတာ သင်ကြားသူနှင့် ဆိုင်ပါတယ်။ ဥပဒေနှင့် မဆိုင်ပါဘူး။ ဥပဒေမှာ rote learning or parrot fashion ကို ပြဋ္ဌာန်းမထားပါဘူး။ ဥပဒေက "ကျောင်းသားများ လွတ်လပ်စွာ စဉ်းစားတွေးခေါ်နိုင်တဲ့ သင်ကြားနည်းစနစ်များ ကျင့်သုံးရမည်"လို့ ပြဋ္ဌာန်းထားလည်း ဆရာတွေမကျင့်သုံးရင်ဖြစ်လာမှာ မဟုတ်ပါဘူး။ ပြဋ္ဌာန်းမထားလည်း ကျင့်သုံးတဲ့ဆရာက ကျင့်သုံးမှာပဲ။ ဒီကိစ္စ ဦးသိန်းလွင် ပညာရေးဝန်ကြီးဖြစ်လာလည်း တတ်နိုင်မယ့်ကိစ္စ မဟုတ်ပါဘူး။ ကိုယ်တိုင်လေ့လာစူးစမ်းသင်ယူတဲ့ Informal Education ဆိုတာ ကိုယ်လုပ်ရမယ့်အလုပ်ပါ။ ကိုယ်ရဲ့ သင်ယူလိုသော ဆန္ဒနဲ့ဆိုင်ပါတယ်။ ဥပဒေက ပြဋ္ဌာန်းပေးစရာမလိုပါဘူး။

**နံပါတ်(၇)အချက်**

တိုင်းရင်းသားမျိုးနွယ်စုများ၏ ဘာသာစကားလွတ်လပ်ခွင့်နှင့် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်(mother language based multilingua education) ကို အမျိုးသားပညာရေးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန် ကိစ္စဆိုရာမှာ တိုင်းရင်းသားမျိုးနွယ်စုများ၏ ဘာသာစကားလွတ်လပ်ခွင့်ဆိုတာ ဘာပါလဲ၊ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ ဘာသာစကားကို ကျောင်းချိန်ပြင်ပမှာ လွတ်လပ်စွာ သင်ကြားသင်ယူခွင့် ရှိနေပါတယ်။ ကျောင်းချိန်အတွင်းမှာ သင်ကြားမယ်ဆိုရင်တော့ အခြားဘာသာရပ် သင်ကြားချိန်တွေ လျော့နည်းသွားမယ်။ တိုင်းရင်းသားကလေးတွေဟာ တိုင်းရင်းသားတစ်မျိုးဖြစ်တဲ့ ဗမာကလေးတွေလောက် အခြားဘာသာရပ်တွေမှာ တတ်မြောက်မှုရှိတော့မှာ မဟုတ်ပါဘူး။ ပညာရေးကွာဟချက်ဖြစ်ပေါ်လာပါလိမ့်မယ်။ ပုဒ်မ ၃၉(ဃ)၊ ၄၂(ခ) မှာ တိုင်းရင်းသားယဉ်ကျေးမှု စာပေသမိုင်းနဲ့ အထူးပြုပြီး ဘွဲ့ယူလို့တောင်ရတော့မယ့်အထိ လွတ်လပ်ခွင့်ပေးပြီးသားပါ။ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်ဆိုတာ ဘာပါလဲ။ ပုဒ်မ၄၃(က)နဲ့ (ခ)မှာ lingua franca ဖြစ်တဲ့ အင်္ဂလိပ်ဘာသာ၊ နိုင်ငံသုံးဘာသာနဲ့ ဆက်သွယ်ရေးဘာသာဖြစ်တဲ့ မြန်မာဘာသာနဲ့ တိုင်းရင်းသားဘာသာများကို သင်ကြားမှုဘာသာစကား တစ်နည်း ယာဉ်ဘာသာစကားအဖြစ် ပြဋ္ဌာန်းထားပါတယ်။ ဒါကို မကျေနပ်သေးဘဲ ဘာသာစကားစုံဆိုတော့ ထိုင်းဘာသာ၊ ဘင်္ဂါလီဘာသာ၊ တရုတ်ဘာသာတို့ကိုပါ ဘာသာလုပ်ရဦးမှာလား။ ပအိုဝ်း၊ ရှမ်း၊ ဗမာ တိုင်းရင်းသားသုံးမျိုးနဲ့ တိုင်းရင်းသားမဟုတ်သော်လည်း နိုင်ငံသားဖြစ်နေတဲ့ ဂေါ်ရခါး၊ တရုတ်၊ ကုလား ကျောင်းသားတွေရှိတဲ့ စာသင်ခန်းမှာ ဘယ်ဘာသာစကားနဲ့ သင်ကြားရမှာလဲ၊ သင်ကြားတဲ့ဆရာက တိုင်းရင်းဘာသာသုံးမျိုးစလုံးကို တတ်ကျွမ်းပါ့မလား။ တိုင်းရင်းသားမဟုတ်တဲ့ နိုင်ငံသားတွေ သင်ယူမှုအခွင့်အလမ်း ဆုံးရှုံးမသွားဘူးလား၊ ဂေါ်ရခါး၊ တရုတ်၊ ကုလား ဘာသာစကားတွေနဲ့ရော သင်ကြားပေးရမှာလား။

**နံပါတ်(၈)အချက်**

မသန်စွမ်းကလေးများအပါအဝင် ကလေးအားလုံးအတွက် လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education) လူတိုင်း အကျုံးဝင်ပညာရေးဆိုတာ ဥပဒေမပေါ်ခင်ကတည်းက ရှိပြီးသားပါ၊ တောင်းနေစရာ မလိုပါဘူး။ လူတိုင်းအကျုံးဝင်ပညာရေး တောင်းဆိုနေတာ စုပုံချစ်ကို မသိလို့လား၊ အထက(၃) လှိုင်သာယာမှာ တက်ရောက်ခဲ့သူပါ။ ပုဒ်မ ၄(ဂ)၊ ၃၇ နဲ့ ၃၈ မှာ အထူးပညာရေးအစီအစဉ်နဲ့ ပညာရေးအထူးဝန်ဆောင်မှုတွေ ပြဋ္ဌာန်းထားပါတယ်။ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှာ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ခဲ့တဲ့ မထက်ထက်ထွန်း၊ မောင်မျိုးအောင်၊ အောင်အေးချမ်းသူတို့ဟာ လူတိုင်းအကျုံးဝင်ပညာရေးကို အထက(၅) ကြည့်မြင်တိုင်က ရခဲ့ပြီး အထူးပညာရေးကို ကြည့်မြင်တိုင်မျက်မမြင်ကျောင်းကရခဲ့တာပါ။

**နံပါတ်(၁၀)အချက်**

ပညာရေးအသုံးစရိတ်ကို တစ်နိုင်ငံလုံးအသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်းသတ်မှတ်နိုင်ရေးကိစ္စဆိုရာမှာ မဖြစ်နိုင်တာကို တောင်းဆိုတာပါ။ နောက်ကွယ်က ကြိုးကိုင်လှုပ်ရှားနိုင်ဖို့ ဆူပူမှုကို ဖန်တီးတာပါ။ ဘတ်ဂျက်အသုံးစရိတ်ဆိုတာ ဝန်ကြီးဌာနတစ်ခုတည်းက ဥပဒေနဲ့ မောင်ပိုင်စီးထားလို့မရပါဘူး။ နှစ်စဉ်လွှတ်တော်က ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို အတည်ပြုရတာပါ။ ဒေါက်တာသိန်းလွင်တို့ တောင်းဆိုချက်က ပညာရေးအသုံးစရိတ်ကို ၂၀ ရာခိုင်နှုန်းထက် ပိုသုံးချင်ရင်လည်း သုံးမရအောင် အသေကြိုးချည်ထားပါတယ်။ နိုင်ငံတော်မှာ ပြည်ပကျူးကျော်မှုကြုံလာလို့ တရားသော ခုခံကာကွယ်ရေးစစ်ဖြစ်ပေါ်လာမယ်ဆိုရင် ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်သုံးရတဲ့အတွက် ပညာရေးအသုံးစရိတ်အပါအဝင် အခြားအသုံးစရိတ်တွေကို လျှော့ချရမှာပဲ။ ပြီးတော့ ပညာရေးအသုံးစရိတ်တိုးတိုင်း ပညာရေးက ကောင်းလာတာ မဟုတ်ပါဘူး။

**နံပါတ်(၁၁)အချက်**

အခမဲ့မသင်မနေရပညာရေးစနစ်ကို မူလတန်းအဆင့်သာမက အလယ်တန်းအဆင့်အထိ တိုးမြှင့်နိုင်ရေးဆိုရာမှာ ပုဒ်မ ၇(ည)မှာ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေးဆိုတာ ပြဋ္ဌာန်းပြီးသားပါ။ လက်ရှိ အလယ်တန်းအထိ အခမဲ့ပညာရေးက ရပြီးသားပါ။ ၂၀၁၅-၂၀၁၆ ကစပြီး အထက်တန်းအထိရတော့မှာပါ။

နိဂုံးချုပ်ရရင် ဥပဒေကပြဋ္ဌာန်းပြီးသား၊ လက်တွေ့လည်းရပြီးသား။ နံပါတ်(၄)၊ (၈)နဲ့ (၁၁)ကို ထည့်သွင်းတောင်းဆိုတာက ပေးပြီးသားမို့ လိုက်လျောလိုက်တာကို နိုင်ငံရေးအမြတ်ထုတ်တာလား။

ဥပဒေနဲ့မဆိုင်တဲ့ သင်ကြားသူနဲ့ သင်ယူသူက ဆောင်ရွက်ရမယ့် နံပါတ်(၆)ကို ထည့်သွင်းတောင်းဆိုတာက လူထုကို စကားလုံးနဲ့ လှည့်စားတာလား။

လက်တွေ့မကျတဲ့ နံပါတ်(၁)၊ (၄)၊ (၅) နဲ့ (၇)ကို ထည့်သွင်းတောင်းဆိုတာက ဦးနှောက်ကို ရွှေချခံချင်တာလား။

ဘယ်လိုမှ မဖြစ်နိုင်တဲ့၊ အစိုးရက ဘယ်လိုမှ မလိုက်လျောနိုင်တဲ့ နံပါတ်(၁၀)ကို ထည့်သွင်းတောင်းဆိုတာက တိုက်ပွဲခေါ်တာလား။

ကျွန်တော်ပြောရဲတာကတော့ ကြိုဆိုထောက်ခံတယ်ပြောပြော၊ ပါဝင်ပူးပေါင်းတယ်ပြောပြော၊ အားပေးကူညီတယ်ပြောပြော၊ ထိန်းသိမ်းစောင့်ရှောက်တယ်ပြောပြော အဲဒီ လူအုပ်ထဲမှာ အမျိုးသားပညာရေးဥပဒေကို နားလည်သဘောပေါက်ပြီး ကျွန်တော့်မေးခွန်းတွေကို NNER ကိုယ်စား ဖြေပေးနိုင်ရင် ဖြေပေးကြပါ။

ကျန်သွားမလားလို့ ထပ်ပြောချင်တာလေးကတော့

(၁) ကျွန်တော်ဟာ ဘယ်နိုင်ငံရေးပါတီ၊ Legal Status မဟုတ်တဲ့ ဘယ်အဖွဲ့အစည်းထဲမှာမှ မပါဘူး။

(၂) အစိုးရဆီက ဘာအခွင့်အရေးမှ တစိုးတစိ ရခဲ့သူ မဟုတ်ဘူး။

(၃) အစိုးရဘက်က ကျားကျားမီးယပ် ဝန်ထမ်းလည်း မဟုတ်ဘူး။

(၄) ထို့အတူ မြေပြိုပြီဆိုတဲ့ ယုန်ရဲ့နောက်က ပြေးလိုက်သူလည်းမဟုတ်ဘူး။

(၅) ဒါပေမယ့် နိုင်ငံတော်ရဲ့ ပညာရေးတာဝန်ကို မိမိရဲ့ဧရိယာအတွင်းမှာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ အောင်မြင်ပေါက်မြောက်အောင် ဦးဆွေးဆံမြည့် နှစ်ပေါင်း(၃၅)နှစ် ထမ်းဆောင်ခဲ့တဲ့ ကျွမ်းကျင်မှုနဲ့ စိတ်စေတနာတော့ရှိတယ်။ ကျောင်းပညာရေးက ပါရဂူဘွဲ့ မရခဲ့ပေမယ့် ကျောင်းပြင်ပပညာရေးနဲ့ ကိုယ်တိုင်သင်ယူ ပညာရေးအရတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်။

(၆) ယနေ့အထိလည်း နိုင်ငံတော်ပညာရေးအတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်ဆိုတဲ့ ခံယူချက်နဲ့ ပညာရေးတာဝန်ကို ထမ်းဆောင်နေသူဖြစ်တယ်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာအလုပ်သမားများ အခက်အခဲကြုံတွေ့ပါက မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ရုံးတို့မှ ဖြေရှင်းဆောင်ရွက်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး မေးခွန်း(၃)ခုကို မေးမြန်းဖြေကြားခဲ့ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ အလုပ်သမားများ ခံစားခွင့်၊ ရပိုင်ခွင့်ဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၏ **"၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် အလုပ်သမားများအားလုံး ခံစားခွင့်ရရှိရန် ယခုအစိုးရသက်တမ်းတွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေတွင် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များတွင် မဝင်မနေရပြဋ္ဌာန်းချက်၌ အလုပ်သမား(၅)ဦးနှင့် အထက်ရှိသော လုပ်ငန်းများကိုသာ သတ်မှတ်ထားရာမှ လျှော့ချ၍ အလုပ်သမား (၃)ဦးနှင့် အထက်(သို့မဟုတ်) (၁)ဦးနှင့်အထက်ကို အကျုံးဝင်စေခြင်း၊ လက်ရှိ မြို့နယ်ရုံးခွဲများတွင် အကျုံးဝင်ခြင်း မရှိသေးသော မြို့နယ်များအား နီးစပ်ရာမြို့နယ်ရုံးများတွင် အကျုံးဝင်ရန် တိုးချဲ့သတ်မှတ်၍ အကျုံးဝင်စေခြင်း၊ လူမှုဖူလုံရေးဥပဒေသစ်တွင်ပါရှိသော စာချုပ်ဆေးရုံ၊ ဆေးခန်းစနစ်ကို အကျုံးဝင်မြို့နယ်များတွင် အကောင်အထည်ဖော်ခြင်း စသည့်လုပ်ငန်းများ



ဒုတိယဝန်ကြီး
ဒေါ်ဝင်းမော်ထွန်း။

ဆက်လက်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း။

လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများ အဆင့်မြှင့်တင်တိုးချဲ့ပြီး တစ်မျိုးသားလုံး အကျုံးဝင်နိုင်သည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အလုပ်ဌာနများမှ အလုပ်သမားများအားလုံး လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိနိုင်စေရန် မြို့နယ်အားလုံး အကျုံးဝင်လာစေရေးအတွက် တိုးချဲ့သတ်မှတ်ဆောင်ရွက်ခြင်း၊ သတ်မှတ်လုပ်ငန်းများမှ အလုပ်သမားအားလုံး အကျုံးဝင်လာစေရန် သတ်မှတ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့် အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်အာမခံစနစ်နှင့် အခြားလူမှုဖူလုံရေးစနစ်ပါ အိမ်ရာစီမံကိန်းများကို လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဘဏ္ဍာငွေဖူလုံမှုအပေါ် မူတည်၍ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **"ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအတွက် နိုင်ငံတော်က မည်သည့်အကူအညီများပေး၍ ပြည်ပအလုပ်အကိုင် ရှာဖွေရေးကိုယ်စားလှယ်လုပ်ငန်းများကို မည်ကဲ့သို့ ထိန်းသိမ်းကြပ်မတ်နေသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ပအလုပ်အကိုင်အကျိုးဆောင် အေဂျင်စီ(၂၀၂)ခုကို တရားဝင် အကျိုးဆောင်လိုင်စင်များ ထုတ်ပေးထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အေဂျင်စီအသစ်များကိုလည်း စနစ်တကျစိစစ်ပြီး ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများလိုက်နာရမည့် စည်းကမ်းချက်များကို သီးခြားရေးဆွဲထုတ်ပြန်ထားပါကြောင်း၊ စည်းကမ်းဖောက်ဖျက်ပါက အကျိုးဆောင်လိုင်စင် ပိတ်သိမ်းခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ခွင့် ယာယီရပ်ဆိုင်းခြင်းစသည့် အရေးယူ



အလုံမဲဆန္ဒနယ်မှ
ဦးခိုင်မောင်ရည်။

မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုရီးယား၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်ထားဆောင်ရွက်လျက်ရှိပြီး အလုပ်သမားသံအရာရှိ မရှိသော နိုင်ငံများကို မြန်မာသံရုံးကတစ်ဆင့် အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော မြန်မာရွှေ့ပြောင်း အလုပ်သမားများ တရားဝင်လုပ်ကိုင်နိုင်ရန် One stop Service Center များ ဖွင့်လှစ်၍ အထောက်အထားများ ထုတ်ပေးခဲ့ပါကြောင်း။

အလုပ်သမားများ အခက်အခဲကြုံတွေ့ပါက မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ရုံးတို့မှ သံတမန်များအား ပြဿနာဖြစ်ပွားရာနေရာများသို့ စေလွှတ်၍ ဖြေရှင်းဆောင်ရွက်ပေးပါကြောင်း၊ သေဆုံး၊ ဒဏ်ရာရရှိသည့် အလုပ်သမားများအား ထိုက်သင့်သည့်လျော်ကြေးရရှိရေးအတွက် သက်ဆိုင်ရာနိုင်ငံရှိ အလုပ်သမားဝန်ကြီးဌာန၊ ကုမ္ပဏီများနှင့်ဆက်သွယ်၍ လျော်ကြေးငွေရရှိရန် ဆောင်ရွက်ပေးပါကြောင်း၊ ရွှေ့ပြောင်းသွားလာမှုနှင့် စပ်လျဉ်း၍ တိုင်ကြားနိုင်သည့် Complaint Mechanism Center များကို နေပြည်တော်နှင့် ရန်ကုန်တို့တွင် ဖွင့်လှစ်ထားပါကြောင်း၊ သင်တန်းများဖွင့်လှစ်၍ သက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့၊ ဥပဒေများကို သင်ကြားပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်းပြပွဲများကို ရန်ကုန်နှင့် အခြားမြို့ကြီးများတွင် ကျင်းပဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **"လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် လာမည့်ရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးရာ၌ စာနယ်ဇင်းများတွင် ရေးသားဖော်ပြလျက်ရှိသော အသုံးအနှုန်းများဖြင့် လွှတ်တော်၊ အစိုးရ၊ ဌာနဆိုင်ရာ၊ တပ်မတော်နှင့် လူပုဂ္ဂိုလ်များ ကို ဝေဖန်ဟောပြောခွင့် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်အတည်ပြုပြီးလျှင် မဲဆွယ်စည်းရုံးမှု ကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်စည်းကမ်းများအား လိုက်နာကြရမည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးဟောပြောရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၊ သက်ဆိုင်ရာပါတီကိုယ်စားလှယ်နှင့် ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းတို့က အခွင့်အာဏာလွဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်တို့သည် မဲဆွယ်စည်းရုံးရန်အတွက် စုဝေးဟောပြောရာတွင် ဖြစ်စေ၊ ရေးသားပုံနှိပ်ဖြန့်ချိရာတွင် ဖြစ်စေ တည်ဆဲဥပဒေများကို လိုက်နာရမည့်အပြင် သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ အခန်း(၁၃)နှင့် (၁၄)တို့တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကို သိရှိနားလည်ပြီး ဥပဒေချိုးဖောက်မှုမျိုးမဖြစ်စေရေး သတိပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိ၏ဟောပြောချက်များသည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ယင်းတည်ဆဲဥပဒေအရ အရေးယူခြင်းခံရနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ကွမ်းစားခြင်းသည် ကျန်းမာရေး၊ စီးပွားရေးကို ထိခိုက်စေပြီး လူ၏ ဥပဓိရုပ်နှင့် နိုင်ငံ့ပုံရိပ်ကို ညှိုးမှိန်စေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က **ကွမ်းယာစားသုံးသူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ကွမ်းယာဆိုင်များတွင် သတိပေးစာတန်းများ ထားရှိနိုင်ရေး**နှင့် စပ်လျဉ်း၍ မေးမြန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအတွင်း ဆေးပါသော ကွမ်းစားမှုနှုန်းအများဆုံး ဖြစ်နေပြီး ကွမ်းစားခြင်းနှင့် နီးနွယ်သော ခံတွင်းကင်ဆာရောဂါအပါအဝင် ကင်ဆာရောဂါဖြစ်ပွားမှုလည်း များပြားလာသည်ကို တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကွမ်းစားခြင်း၏



ဒုတိယဝန်ကြီး
ဒေါက်တာဝင်းမြင့်။

ဆိုးကျိုးများနှင့် ကွမ်းစားခြင်းကို ရှောင်ကြဉ်သင့်ကြောင်း နှိုးဆော်ချက်များဖြင့် ပြည်သူများအား အသိပညာပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ထုတ်ပြန်ခဲ့ပြီးသော ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းဖြင့် မိမိနှင့် ပတ်ဝန်းကျင်ရှိ လူများတွင် ဖြစ်ပေါ်နိုင်သော ရောဂါလက္ခဏာ သတိပေးနှိုးဆော်ချက်၊ ကွမ်းစားခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်စာတန်းများအား တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ခရိုင်/မြို့နယ်ကျန်းမာရေးဦးစီးဌာနများမှတစ်ဆင့် ပြည်သူများသိရှိနိုင်ရန် ဖြန့်ဝေဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူများအား ကွင်းဆင်းပညာပေးရာတွင် **ကောင်းကျိုးမပြုကွမ်းစားမှု**ဟူသော ခေါင်းစဉ်များဖြင့် ကွမ်းစားခြင်းသည် ကျန်းမာရေး၊ စီးပွားရေးကို ထိခိုက်စေကြောင်း၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး လူ၏ ဥပဓိရုပ်နှင့် နိုင်ငံ့ပုံရိပ်ကို ညှိုးမှိန်စေသော လုပ်ရပ်များဖြစ်ကြောင်း သတိပေး ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာသင်ကျောင်းများ၊ အစိုးရဌာနဆိုင်ရာရုံးများ၊ ဈေးဆိုင်များ၊ အားကစားရုံ၊ ရုပ်ရှင်ရုံ၊ အများနှင့်သက်ဆိုင်သော အဆောက်အအုံစသော အများပြည်သူမြင်သာသောနေရာများတွင် သတိပေးနှိုးဆော်ချက်စာများ၊ ဗီနိုင်းစတစ်ကာများပြုလုပ်၍ ကပ်ထားခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်။

နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ် (၁၄)ခုတို့တွင် ကွမ်းစားခြင်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်ပေါ်ရေးနှင့် ကွမ်းစားခြင်းကြောင့်ဖြစ်ပေါ်နိုင်သည့် ရောဂါအန္တရာယ်ကို အသိပေးခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးအောင်ချိုဦး၏ **ဧရာဝတီမြစ်အတွင်း မြစ်သဲကျောက်စုပ်ယူနေခြင်းတွင် ဌာနအဖွဲ့အစည်းများ ပါဝင်နေမှု ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဟံစိန်က ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မြစ်သဲ၊ ကျောက်စရစ် ထုတ်လုပ်ခွင့်အား လိုင်စင်ပေးပိုင်ခွင့် မရှိပါကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးများသို့ လုပ်ငန်းရှင်များမှ လျှောက်ထားမှုအပေါ် ကွင်းဆင်းတိုင်းတာစိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားမှုကိုသာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေက ချင်းပြည်နယ်တွင် ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာများ ဖော်ထုတ်ရန် မြေနေရာများ ကျန်ရှိနေပါကြောင်း၊ ထိုသို့ဖော်ထုတ်ခြင်းအားဖြင့် နိုင်ငံတော်အတွက်၊ တောင်တန်းဒေသနေ ပြည်သူများအတွက် အကျိုးကျေးဇူးများခံစားနိုင်ကြမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြီး မြန်မာနိုင်ငံတွင် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးမှုနောက်ကျသည့် ပြည်နယ်များ၌ ဖော်ထုတ်နေသော ကုန်းမြင့်လယ်ယာ၊ လှေကားထစ်လယ်ယာ ဖော်ထုတ်ရေးလုပ်ငန်းကို ရေသွယ်ယူရရှိနိုင်သည့် ဒေသများနှင့် ချောင်းပိတ်၍ အသေးစားဆည်များ တည်ဆောက်နိုင်မည့် နေရာဒေသများကို ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ကွင်းဆင်းလေ့လာပြီးမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

ဥတုရာသီ
တောကိုမှီ၍



# မြန်မာနိုင်ငံ ကောင်းမွန်သောအုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆိုင်ရာဖိုရမ် ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် UNDP တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ ကောင်းမွန်သော အုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ ဖိုရမ်ကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC-2)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ နှင့် ဒုတိယဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ UNPD မှ တာဝန်ရှိ သူများ၊ နိုင်ငံတကာမှ ကျွမ်းကျင်ပညာ ရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နိုင်ခဲ့မှု လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသန္တရအုပ်ချုပ်မှု လေ့လာဆန်းစစ်ခြင်းနှင့်စပ်လျဉ်း၍ UNDP ၏ Country Director မစ္စတာ တိုင်လီကာဗန်နေ့ဗ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်တို့က ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒေသန္တရ အုပ်ချုပ်မှု လေ့လာခြင်းနှင့်ပတ်သက်သည့် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် UNDPမှ တာဝန်ရှိသူတစ်ဦးကကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဒေသန္တရအုပ်ချုပ်မှုနှင့် ပတ်သက်သည့် အဓိကကျသည့်အချက်အလက်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ဖိုရမ်သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါဖိုရမ်ကို မြန်မာနိုင်ငံရှိ ဆောင်ရွက်ဆဲ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ တင်ပြခြင်းနှင့် သုံးသပ်ဆွေးနွေးခြင်းအတွက် အမျိုးသားအဆင့် လုပ်ငန်းတစ်ရပ်အား ပါဝင်ကူညီပံ့ပိုးထူထောင်ပေးရန်၊ မြန်မာနိုင်ငံရှိ ဒေသန္တရအဆင့် အစိုးရအဖွဲ့များ၏ အနာဂတ်အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးမှုကို အထောက်အကူပြုစေရန်နှင့် အားပေးကူညီရန်၊ ဆောင်ရွက်ဆဲ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ မြှင့်တင်ပေးနိုင်ရန်နှင့် အထောက်အကူပြုစေရန်အတွက် အာဆီယံနိုင်ငံများ၊ အခြားပြည်ပနိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာခြင်း၊ သုံးသပ်ခြင်းနှင့် အတွေ့အကြုံများ ဖလှယ်ခြင်းကို ဆောင်ရွက်နိုင်ရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများ/ နည်းလမ်းများ ဖော်ထုတ်ရေးအတွက် စတင်ဆောင်ရွက်နိုင်မည့် အချက်အလက်များအား ပါဝင်ကူညီပံ့ပိုးပေးရန်ဟူသည့် ရည်ရွယ်ချက်(၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသို့ "တရားမျှတရေး အတူတကွ မြှင့်တင်ပေး" တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မဟာဗျူဟာစီမံကိန်း လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးဦးသာဒွေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မဟာဗျူဟာစီမံကိန်း လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အဖွဲ့ဝင်များက မဟာဗျူဟာစီမံကိန်း၏ နောက်ခံအကြောင်းအရာနှင့် ရေးဆွဲသည့်နည်းစနစ်များ၊ မဟာဗျူဟာရည်မှန်းချက်များ၊ မဟာဗျူဟာ အစီအစဉ်များကို ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်သည့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် သုံးနှစ်တာကာလအတွင်း ဆောင်ရွက်မည့် အစီအစဉ်များကိုဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ မဟာဗျူဟာစီမံကိန်း လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အတူ ကော်မတီအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသည့် UNDP၊ UNICEF၊ USAID၊ USAID-PRLP၊ USAID-ERA၊ JICA နှင့် ICJ စသည့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာတရားစီရင်ရေးစနစ် တိုးတက်စေရန် ဆောင်ရွက်မည့် သုံးနှစ်တာစီမံကိန်းတစ်ရပ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီး မိမိတို့၏ တရားစီရင်ရေးဆိုင်ရာ ရည်မှန်းချက်များကို အကျိုးသက်ဆိုင်သူများအားလုံး ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ သတ်မှတ်ကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် ယခုကဲ့သို့ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း မိတ်ဆက်ခြင်းအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်/သွင်းကုန် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၁၄-၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၅ ဒသမ ၆၈ သန်း၊နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၈ ဒသမ ၈၅ သန်းနှင့်စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၁၄ ဒသမ ၅၃ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၄၁ ဒသမ ၁၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၉ ဒသမ ၇၅ သန်းနှင့်စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၈၀ ဒသမ ၈၈ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၆၆ ဒသမ ၃၅ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၇၂ ဒသမ ၇၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၇၇ ဒသမ ၇၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၅၀ ဒသမ ၅၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၆၃၉ ဒသမ ၁၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၅၆ ဒသမ ၄၈ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၅၉၅ ဒသမ ၅၁ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဇန်နဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၉၄၄ ဒသမ ၉၅ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်/သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(ကြေးမုံ)**

# ရွှေမန်းသူယာဉ်လိုင်းမှ ခရီးသည်၏ ယာဉ်ပေါ်ကျန်ပစ္စည်းများအား ပိုင်ရှင်ထံပြန်လည်ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၆ နာရီခွဲက နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာလာသည့် ရွှေမန်းသူခရီးသည်တင်ယာဉ်အမှတ် ၉င/. . . သည် ရန်ကုန်ရွှေမန်းသူဂိတ်သို့ ည ၁၁ နာရီ မိနစ် ၅၀ တွင် ရောက်ရှိရာ ခရီးသည်များဆင်းသွားပြီးချိန်တွင် ယာဉ်ပေါ်သို့ လုံခြုံရေးအရ ရှင်းလင်းရှာဖွေစဉ် ထိုင်ခုံအမှတ် (၁၇/ ၁၉)တွင် ခရီးဆောင်အိတ်တစ်လုံးကျန်ရှိနေသည်ကို တွေ့ရှိသဖြင့် လုံခြုံရေးဝန်ထမ်း၊ သတင်းတပ်ဖွဲ့၊ တန်ဆာဌာနတာဝန်ခံနှင့် ယာဉ်အဖွဲ့များ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ၎င်းခရီးဆောင်အိတ်အတွင်းမှ ငွေသားကျပ် ၂၁၀၀၀၀၀၊ ရေဒီယို တစ်လုံး၊ ကင်မရာတစ်လုံး၊ မျက်မှန်တစ်လက်၊ စာညှိုသုံးစောင်၊ ဆေးမျိုးစုံတစ်ထုပ်၊အင်္ကျီငါးထည်၊ပုဆိုးလေးထည်၊ လိပ်စာကတ်ထည့်ထားသည့် ဘူးတစ်ဘူးကို တွေ့ရှိရပြီး ပိုင်ရှင်သို့ ဆက်သွယ်ခဲ့ရာ ပိုင်ရှင်ဖြစ်သူ ဦးထွန်းအောင်ကျော် တိုက်(၄၀) အခန်း(၁၀၁) ရတနာလမ်း ဒဂုံဆိပ်ကမ်းမြို့နယ်ထံ တာဝန်ရှိသူများရှေ့မှောက်တွင် စနစ်တကျ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းထုတ်ပြန်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ် လျှောက်ထားခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများတွင် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ (၁၉-၂-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးက အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီမှ ဦးမြသန်းက ရွှေသံစဉ်ဂျာနယ်အမည်ဖြင့် ထုတ်ဝေခွင့်လျှောက်ထားခဲ့ပြီး ယခင်လျှောက်ထားချက်အရ ခွင့်ပြုပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီမှ ထုတ်ဝေသူ ဦးခင်မောင်ချို့အမည်ဖြင့် ထုတ်ဝေလျက်ရှိသည့် ညီညွတ်ရေးသံစဉ်ဂျာနယ်ကို ထုတ်ဝေခွင့်ရုပ်သိမ်းပေးရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ထိုသို့ နိုင်ငံရေးပါတီတစ်ခုတည်းက ဂျာနယ်နှစ်စောင်လျှောက်ထားလာခြင်းနှင့် ကန့်ကွက်မှုရှိလာသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ စုံစမ်းမေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း ပါတီအတွင်း သဘောထားတိုက်ဆိုင်မှုမရှိသော အုပ်စုနှစ်စုရှိကြောင်းတွေ့ရပြီး တစ်ခုတည်းသော အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီအတွက် ကတိဝန်ခံချက်လက်မှတ်ရေးထိုးပေးမည့် ပုဂ္ဂိုလ်မရှိသေးပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီနှင့် တရားဝင်ဆက်သွယ်မှုအားလုံးကို ယာယီရပ်ဆိုင်းထားကြောင်း၊ ပါတီညီလာခံကျင်းပ၍ အများသဘောတူလက်ခံသော ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်ပြရန် တရားဝင်စာဖြင့် အကြောင်းကြားထားကြောင်း သိရပါသည်။ ထို့ကြောင့် အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီမှ စာပေနှင့်ယဉ်ကျေးမှုရေးရာဌာနတာဝန်ခံ ဦးမြသန်းက လျှောက်ထားသော ရွှေသံစဉ်ဂျာနယ်ကို ခွင့်မပြုကြောင်းနှင့် ယခင် ဦးခင်မောင်ချို့အမည်ဖြင့် ထုတ်ဝေခွင့်ပြုထားသော ညီညွတ်ရေးသံစဉ်ဂျာနယ် ထုတ်ဝေခြင်းကို ယာယီရပ်ဆိုင်းကြောင်း၊ တစ်ခုတည်းသော ပါတီအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုသည့် အထောက်အထားရရှိပြီးမှသာ ထုတ်ဝေခွင့်ပြုနိုင်ရေး ပြန်လည်လျှောက်ထားရန်အတွက် (၂၃-၂-၂၀၁၅)ရက်နေ့ ရန်ကုန်မြို့တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်မှ ဦးခင်မောင်ချို့နှင့်ဦးမြသန်းတို့အား ခေါ်ယူရှင်းလင်းဆွေးနွေးခဲ့ပြီး ၎င်းတို့နှစ်ဦးထံသို့ တရားဝင်စာဖြင့် အကြောင်းကြားထားပြီးဖြစ်ပါသည်။

ထုတ်ဝေခြင်းလုပ်ငန်း သက်တမ်းတိုးလျှောက်ထားလာသည့် ရှင်စာပေနှင့်အနုပညာဂျာနယ်ကိုလည်း ၎င်းဂျာနယ်များတွင် မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော ညစ်ညမ်းသည့်ပုံများကို ဖော်ပြလေ့ရှိသဖြင့် နောက်နောင်တွင် ထိုသို့ ညစ်ညမ်းသည့်ပုံများ ထည့်သွင်းဖော်ပြခြင်းမပြုရန်နှင့် ညစ်ညမ်းသည့်ပုံများ ထည့်သွင်းဖော်ပြပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှင်စာပေနှင့်အနုပညာဂျာနယ်ထုတ်ဝေသူ ဦးထိန်လင်းဦး ပြည်ပသို့ခရီးလွန်နေသဖြင့် ၎င်းကိုယ်စား ဦးသန်းဦးအား (၂၄-၂-၂၀၁၅ )ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ခေါ်ယူတွေ့ဆုံပြောကြားပြီး ဝန်ခံချက်ရယူကာ ဂျာနယ်အား သက်တမ်းတိုး ခွင့်ပြုပေးထားပြီးဖြစ်ပါသည်။

(၂၀-၂-၂၀၁၅) ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ရဲဘော်ကြင်မောင်ရေးသားသော ပြည်သူ့အာဏာ ဆောင်းပါးများ (၂၀၀၉-၂၀၁၃) စာအုပ်အား တရားမဝင် ထုတ်ဝေစာမဟုတ်ကြောင်း အမိန့်တစ်စုံတစ်ရာမချမှတ်မီဖြန့်ချိခြင်းမပြုရန် ယာယီတားဝရမ်းထုတ်ဆင့်ခြင်းနှင့်ပတ်သက်၍ ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူတို့အား (၂၃-၂-၂၀၁၅)ရက်နေ့က ရန်ကုန်မြို့တွင်တွေ့ဆုံရန် ခေါ်ယူခဲ့သော်လည်း ဖြန့်ချိသူမှာ ခရီးလွန်နေသဖြင့် မလာရောက်နိုင်ဘဲ ထုတ်ဝေသူဦးချစ်ညွန့်(ဇင်ရတနာစာစောစာပေ)နှင့် ဦးကျော်ကျော်(သုခရွှေစင်ပုံနှိပ်တိုက်)တို့အား ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်မှ တရားရုံး၏ ဆုံးဖြတ်ချက်အတိုင်း နောက်ထပ်အမိန့်တစ်စုံတစ်ရာမချမှတ်မီ ၎င်းစာအုပ်အား ဆက်လက်ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းမပြုရန် သတိပေးပြောကြားခဲ့ပါသည်။ ထုတ်ဝေသူအနေဖြင့် ၎င်း၏ထုတ်ဝေခွင့်ကတ်ကိုငှား၍ ထုတ်ဝေခြင်းပြုခဲ့သဖြင့် နောင်တွင် အလားတူ ထုတ်ဝေခွင့်ကတ်ကို ငှားရမ်းခြင်းမပြုရန် သတိပေးဆောင်ရွက်ထားပါကြောင်း သိရှိနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်တွင်းရေးရာ



○ကျောဖုံးမှ

အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာတက္ကသိုလ်နှင့် ကောလိပ်တို့မှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တိုင်းရင်းသားလူငယ် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဦးစိုးတင့်နှင့် ကျောင်းအုပ်ကြီး ဦးညွန့်ဆောင်တို့က တက္ကသိုလ်၊ ဒီဂရီကောလိပ်ဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များပေးအပ်လှူဒါန်းသည့် ကွန်ပျူတာအလုံး ၇၀ စီအား လည်းကောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ စီအား လည်းကောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ရာ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးတို့က အသီးသီး လက်ခံရယူ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် စားသောက်ဖွယ်ရာများ၊ စာအုပ်စာစောင်များ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့မှ လှူဒါန်းငွေကျပ်သိန်း ၂၀၀ စီအား စစ်ရေးချုပ်ဗိုလ်ချုပ်ဆန်းဦးက ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးတို့က လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို သက်စွန့်ကြိုးပမ်းရာမှ ကျဆုံး၊ ထိခိုက်၊ ဒဏ်ရာရရှိခဲ့သည့် အရာရှိ/ စစ်သည်များအတွက် တက္ကသိုလ်နှင့် ဒီဂရီကောလိပ် မိသားစုများ၏ လှူဒါန်းငွေကျပ် ၁၅ သိန်းစီအား ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးတို့က ပေးအပ်လှူဒါန်းရာ စစ်ရေးချုပ်က လက်ခံရယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် မိမိနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၀ ကျော် စုစည်းနေထိုင်ကြပြီး ၁၉၄၈ ခုနှစ်မှ ယနေ့တိုင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် နှစ်ပေါင်း ၆၀ ကျော် ကြိုးပမ်းတည်ဆောက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု ရနိုင်သလောက် မရခဲ့ကြောင်း၊ ကိုလိုနီဘဝ သွေးခွဲအုပ်ချုပ်မှုကြောင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ ဘာသာရေး၊ အယူဝါဒရေးကွဲပြားမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယနေ့ဈေးကွက်စီးပွားရေးစနစ်နှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဥပဒေနှင့်အညီ လျှောက်လှမ်းနေချိန်ဖြစ်၍ တိုင်းရင်းသားအားလုံး တူညီသောဆန္ဒဖြင့် ယင်းလမ်းကြောင်းပေါ် လျှောက်လှမ်းကြရန်လိုကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီးအားလုံး၊ တိုင်းရင်းသားများ အားလုံးအား ဥပဒေနှင့်အညီ တူညီသောအခွင့်အရေးများပေးထားကြောင်း၊ တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးအား ရှေးအစဉ်အဆက်က လုပ်ဆောင်ခဲ့သော်လည်း တည်ငြိမ်အေးချမ်းမှုအပေါ် မူတည်၍ ဖွံ့ဖြိုးတိုးတက်မှုများ ကွာဟသွားခဲ့ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် ကျေးလက်ဒေသများ၌ လူနေမှုစနစ်၊ ကျန်းမာရေးနှင့် ပညာရေးတို့တွင် မြို့ပြနှင့် ကွာဟမှုများရှိကြောင်း၊ အထူးသဖြင့် ပညာရေးကွာဟချက်များပြီး ကျေးလက်နေကလေးများ ပညာရေးတိုးတက်မှု နှေးကွေးပါကြောင်း၊ တိုင်းရင်းသားများအကြား မြန်မာနိုင်ငံ၏ ပင်မစကားဖြစ်သည့် မြန်မာစကားပြောမှု အားနည်းသဖြင့် ပညာသင်ကြားရေးတွင် အခက်အခဲများရှိကြောင်း၊ လေ့လာဆန်းစစ်ချက်အရ ကျောင်းနေသင့်သည့်အရွယ်တွင် ၉၅ ရာခိုင်နှုန်းခန့်မှာ ကျောင်းနေကြပါကြောင်း၊ ယင်းမှတစ်ဆင့် သူငယ်တန်း၊ တစ်တန်း၊ နှစ်တန်းစသည်ဖြင့် မူလတန်းအဆင့်တန်းစဉ်ကူးပြောင်းသင်ကြားမှု ရာခိုင်နှုန်း ဒေသအချို့တွင် တော်တော်နည်းသွားပါကြောင်း၊ ပညာသင်ကြားမှုသက်တမ်း ၁၀ နှစ်အကြာ ၁၀ တန်းရောက်သူ၊ တက္ကသိုလ်ရောက်သူ ရာခိုင်နှုန်းမှာ အလွန်နည်းနေသည်ကို တွေ့ရပါကြောင်း၊ ပညာရေး အားနည်းခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျကျန်စေပါကြောင်း၊ နယ်စပ်ဒေသ၊ ကျေးလက်ဒေသ၏ အဓိကလိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးသည့် ကျောင်းများဖြစ်၍ ပညာရေးမြှင့်တင်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုတို့ကို ယခုထက်ပို၍ မြှင့်တင်နိုင်ရန် လိုအပ်ပါကြောင်း၊ ပညာရေးမြှင့်တင်မှုအထောက်အကူပြုရန် ယခုလှူဒါန်းသည့် သင်ထောက်ကူပစ္စည်းဖြစ်သော ကွန်ပျူတာများအား တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်အလှူရှင်များ၊ ကုမ္ပဏီများက ပူးပေါင်းပါဝင်လှူဒါန်းခြင်းဖြစ်၍ စေတနာရှင် အလှူရှင်များအားလည်း ကျေးဇူးတင်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ယခုထက်ပို၍ ပံ့ပိုးကူညီဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ ကျောင်းပြီး၍ တာဝန်ကျရာ ဒေသအသီးသီးသို့ရောက်ရှိပါကလည်း အုပ်ချုပ်မှုအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ မိမိနယ်မြေဒေသ တိုးတက်အောင် လုပ်မည်ဆိုသည့်စိတ်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာ၌ ဘာပဲလုပ်လုပ် စည်းမျဉ်းစည်းကမ်း ဥပဒေနှင့်အညီသာ လိုက်နာလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကျောင်းစည်းကမ်း၊ လူမှုစည်းကမ်း ကောင်းမွန်မှုများကိုလည်း အခြေခံခိုင်မာအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ယနေ့အထိ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်း ၁၂၄၉၃ ဦး၊ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ဆင်း ၁၁၄၂ ဦး မွေးထုတ်ပေးခဲ့ပြီး နိုင်ငံအနှံ့အပြားရှိ ဒေသအသီးသီးတို့တွင် ဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်နေကြပါကြောင်း၊ သင်တန်းနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များကို ငွေကြေးဖြင့် တိုင်းတာ၍ရသော်လည်း ရရှိသည့် အကျိုးကျေးဇူးမှာ အသုံးချနိုင်မှုအပေါ် မူတည်သဖြင့် တိုင်းတာ၍မရကြောင်း၊ ကျောင်းမှသင်ကြားပေးလိုက်သည့် ဖွံ့ဖြိုးရေးအသိအမြင်များကို တာဝန်ကျရာဒေသများအထိ သယ်ဆောင်သွားပြီး ဒေသတွင် အကျိုးရှိအောင် ဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်တို့မှ လောက်ကိုင်ဒေသရှိ တပ်မတော်သားများအတွက် လှူဒါန်းမှုကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ လောက်ကိုင်ဖြစ်စဉ်တွင် ကိုးကန့်ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် စတင်လုပ်ဆောင်သူမှာ ဖုန်ကြားရှင်ဦးဆောင်သည့် ကိုးကန့်သောင်းကျန်းသူများပင်ဖြစ်ကြောင်း၊ ၎င်းတို့သည် နိုင်ငံတော်အစိုးရ၏ အစိတ်အပိုင်းတစ်ခုကို တိုက်ခိုက်ထိပါးမှု ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ၏ တစ်စိတ်တစ်ဒေသကိုမှ ထိခိုက်မှု မခံနိုင်ကြောင်း၊ အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အသက်အိုးအိမ်စည်းစိမ်ကိုလည်း လုံးဝအထိခိုက်မခံနိုင်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမှုမှန်သမျှ အမြစ်ပြတ်အောင် ချေမှုန်းလုပ်ဆောင်ကာကွယ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ပြတိုက်တွင် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုကာ **(အပေါ်ပုံ)** ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယနေ့ပြုလုပ်သည့် သင်ကြားမှုအထောက်အကူပြု ကွန်ပျူတာများ လှူဒါန်းသည့် အခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့်အတူ ကမ္ဘောဇကုမ္ပဏီလီမိတက်၊ မက်စ်မိသားစု၊ ထူးဖောင်ဒေးရှင်းမိသားစု၊ ချမ်းဟိန်းကုမ္ပဏီလီမိတက်မိသားစု၊ အိုင်ဂျီအီးမိသားစု၊ Jewellery Lucky Production ကုမ္ပဏီလီမိတက်မိသားစု၊ Gateways Group of Companies မိသားစု၊ Asia World ကုမ္ပဏီလီမိတက်မိသားစု၊ ဧဒင်ကုမ္ပဏီလီမိတက်မိသားစု၊ ကြယ်နီလာကုမ္ပဏီများအုပ်စုမိသားစု၊ Sky One & Lucky Man လီမိတက်မိသားစု၊ အောင်မြင်သူများကုမ္ပဏီအုပ်စုမိသားစု၊ Amazin ကုမ္ပဏီလီမိတက်မိသားစု၊ နောင်တုံကုမ္ပဏီလီမိတက်မိသားစု၊ Authentic ကုမ္ပဏီလီမိတက်မိသားစုတို့ကလည်း ပူးပေါင်းပါဝင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ရန်ကုန်ကလေးဆေးရုံကြီးတွင် သတ္တမမြောက် ရင်ချင်းဆက်အမြွှာ အောင်မြင်စွာခွဲစိတ်ပြီးစီး

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်သည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ရန်ကုန်ကလေးဆေးရုံကြီးတွင် အသက် တစ်နှစ်နှင့် ခုနစ်လ အရွယ်ရှိ ရင်ချင်းဆက်အမြွှာညီအစ်မ(ဘေဘီမိုးသူဇာ-၁ နှင့် ၂)တို့ကို ယနေ့ နံနက် ၈ နာရီက ကလေးခွဲစိတ် အထူးကုဆရာဝန်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးများ၊ ကလေးဆေးပညာ ဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမ များဖြင့် အဖွဲ့ငယ်များခွဲ၍ ခွဲစိတ်ကုသခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ခန္ဓာကိုယ်ချင်း သီးခြားစီ ခွဲစိတ်နိုင်ခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲတွင် ရင်ချင်းဆက်အမြွှာကို အောင်မြင်စွာ ခွဲစိတ်ပြီးစီးခဲ့သည်။

အဆိုပါ ရင်ချင်းဆက်အမြွှာညီအစ်မကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ အဘ ဦးကျော်ဆန်းရှိန်နှင့် အမိ ဒေါ်မိုးသူဇာတို့က ၂၀၁၃ ခုနှစ် ဇူလိုင် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပဆေးရုံကြီး၌ မွေးဖွားခဲ့ရာ ခန္ဓာကိုယ်ချင်းဆက်နေသော ရင်ချင်းဆက် အမြွှာများဖြစ်နေသည့်အတွက် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရန်ကုန်ကလေးဆေးရုံကြီးသို့ လွှဲပြောင်းစောင့်ရှောက်ခဲ့သည်။



အဆိုပါ ရင်ချင်းဆက်အမြွှာညီအစ်မကို အောင်မြင်စွာခွဲစိတ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ရင်ချင်းဆက်အမြွှာခွဲစိတ်မှုကော်မတီနှင့် အထွေထွေစီမံ ခန့်ခွဲရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ခွဲစိတ်ကုသနိုင်ရန် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများဖြင့် ကြပ်မတ်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ရင်ချင်းဆက်အမြွှာခွဲစိတ်ကုသရန် ဆပ်ကော်မတီများဖွဲ့စည်းကာ ကုသမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ရင်ချင်းဆက်ကလေးငယ်များ ခွဲစိတ်ကုသရာတွင် လိုအပ်သည့် လူအင်အား၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ၊ စရိတ်စကများအားလုံးကို နိုင်ငံတော်အစိုးရက ပံ့ပိုးဖြည့်ဆည်းခဲ့သည်။ ခွဲစိတ်မှုတွင် ပါဝင်မည့် ဆရာဝန်၊ ဆရာမများအား ကြိုတင်လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ရင်ချင်းဆက်ကလေးငယ်များ၏ ခွဲစိတ်ကုသနိုင်ရန် လိုအပ်သော ကျန်းမာရေးအခြေအနေရရှိသည့် အချိန်တွင် ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရင်ချင်းဆက်အမြွှာညီအစ်မသည် မွေးကင်းစအရွယ်မှ ယခုအချိန်ထိ ရောဂါကြီးကြီးမားမားမရှိဘဲ ခန္ဓာကိုယ်နှင့် ဦးနှောက်ဖွံ့ဖြိုးမှုမှာ ပုံမှန်ကလေးများနည်းတူဖြစ်သည်။ မခွဲစိတ်မီ ကျန်းမာရေးကြိုတင်စစ်ဆေးမှုများတွင် အသည်းအနည်းငယ်ဆက်နေသည်မှလွဲ၍ ကျန်ခန္ဓာကိုယ်အစိတ်အပိုင်းများမှာ ပုံမှန်ကလေးများနည်းတူဖြစ်ကြောင်း သိရသည်။

ရင်ချင်းဆက်အမြွှာညီအစ်မ ခွဲစိတ်ကုသမှုကို ရန်ကုန်ကလေးဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးထူးဟန်၊ ရန်ကင်းကလေးဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်အေးအေး၊ ကလေးကျန်းမာပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးရဲမြင့်ကျော်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ မေ့ဆေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါ်ကြည်ကြည်စန်းနှင့် မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးမြစိုးတို့ဦးဆောင်သော ဆရာဝန်၊ ဆရာမများပါဝင်သည့် ခွဲစိတ်ဆရာဝန်များနှင့် ဆရာမများ အဖွဲ့နှစ်ဖွဲ့၊ မေ့ဆေးဆရာဝန်များ အကြံပေးအဖွဲ့နှင့် အဖွဲ့ငယ်နှစ်ဖွဲ့ခွဲကာ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် အထူးကြပ်မတ်ကုသဆောင်မှ ဆရာဝန်၊ ဆရာမများ၊ ရောဂါဗေဒဆရာဝန်ကြီး၊ ဓာတ်မှန်ဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ခန္ဓာကိုယ်ချင်းဆက်အမြွှာခွဲစိတ်မှုကို ၁၉၇၁ ခုနှစ်တွင် မနန်းစိုး၊ မနန်းစံ ရင်ချင်းဆက်အမြွှာနှင့် ၁၉၉၃ ခုနှစ်တွင် အေးအေးငြိမ်း၊ အိအိငြိမ်း ရင်ချင်းဆက်အမြွှာတို့ကို ရန်ကုန်ကလေးဆေးရုံကြီးတွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၀၂ ခုနှစ်တွင် မိုးမမအောင်၊ မိုးပပအောင် တင်ချင်းဆက်အမြွှာကို မန္တလေးကလေးဆေးရုံကြီးတွင် အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် စိုပြေလင်း၊ စိုပြေဝင်း ရင်ချင်းဆက်အမြွှာ၊ ၂၀၁၁ ခုနှစ်တွင် အင်ကြင်းခိုင်၊ အင်ကြင်းလှိုင် ရင်ချင်းဆက်အမြွှာနှင့် ရန်ကင်း၊ ရန်ရှင်း ရင်ချင်းဆက်အမြွှာ၊ ၂၀၁၂ ခုနှစ်တွင် ဘေဘီချိုချိုဝင်း ရင်ချင်းဆက်အမြွှာတို့ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ရာ မြန်မာ့ဆေးပညာလောက၏ ရင်ချင်းဆက်အမြွှာခွဲစိတ်မှု ကိုးကြိမ်ရှိသည့်အနက် ယခုခွဲစိတ်မှုသည် ရန်ကုန်ကလေးဆေးရုံကြီးတွင် ခွဲစိတ်သည့် သတ္တမမြောက် ရင်ချင်းဆက်အမြွှာဖြစ်သည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်း

**တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး**
**ကာကွယ်စောင့်ရှောက်သည့် ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)**
**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**
**(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကိုတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းရင်းသားလူမျိုးများ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြသော လူမျိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများမပါဝင်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတကပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရနိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏သဘောတူညီချက်ဖြင့် တိုင်းရင်းသားလူမျိုးရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော ဝန်ကြီးဌာနကို ဆိုသည်။

(င) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရနိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(စ) **တိုင်းရင်းသားရေးရာ**ဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ ရရှိရေးတို့အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့်ကိစ္စရပ်များကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

(င) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန်။

## အခန်း(၃)
## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များ

၄။ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ကိုယ်ကျင့်တရား အကျိုးငှာပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် -

(က) မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိတို့၏ စကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒကိုထိခိုက်မှုမရှိစေဘဲသင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။

(ဂ) မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်။

(ဃ) မိမိတို့၏ စာပေနှင့်အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ခွင့်နှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွတ်လပ်စွာသုတေသနပြု ဖော်ထုတ်ခွင့်ရှိသည်။

(င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။

(စ) မိမိတို့၏ရိုးရာတိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှု မရှိစေရေးအတွက်ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

(ဆ) မိမိတို့၏ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခွင့်ရှိသည်။

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်သောလူဦးရေရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် မိမိတို့ကိုယ်စားလှယ်များပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) ပုဒ်မခွဲ(ဇ)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် ကိုယ်စားလှယ်ပါဝင်ခွင့်ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။

(ည) မိမိတို့တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်များကို ထုတ်ဖော်ခွင့်နှင့်အမွေအနှစ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ခွင့်ရှိရမည်။

## အခန်း(၄)
## ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီးခန့်အပ်ခြင်း

၅။ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာဌာနေ တိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြအသိပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်။

၆။ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များကိုအလေးထားဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကိုပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ နိုင်ငံတော်သမ္မတသည် -

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (က) ပါ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်ကိုရွေးချယ်၍ယင်း၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်မရရှိပါက ယင်းပုဂ္ဂိုလ်အစားအမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၈။ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။ ပြည်ထောင်စုဝန်ကြီး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

## အခန်း(၅)
## ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း၊ သမိုင်းနှင့် ရှေးဟောင်းအမွေအနှစ်တို့ကို စူးစမ်းရှာဖွေဖော်ထုတ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝမြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းရပ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းသား လူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကို လည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ခြင်း၊

(ဆ) တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးခြင်း၊

(ဇ) တိုင်းရင်းသားအချင်းချင်းသို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်း၊

(ဈ) တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) လူနည်းစုဖြစ်သော၊ ကွယ်ပျောက်လုနီးပါးဖြစ်နေသော တိုင်းရင်းသားမျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေပါကိစ္စရပ်များနှင့်စပ်လျဉ်း၍သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော တိုင်းရင်းသားလူမျိုးရေးရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ဝန်ကြီးဌာနသည်လိုအပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၁။ ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါကကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာ အခြားပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းနိုင်ပြီး ယင်းတို့ကိုဖွဲ့စည်းပါက လုပ်ငန်းတာဝန်များကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် ယင်း၏လက်အောက်တွင် လိုအပ်သည့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရမည်။

## အခန်း (၆)
## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း

၁၄။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှုရရှိနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်။

၁၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြချက်ကိုလက်ခံရရှိသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုပေးရန်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

စာမျက်နှာ ၁၁ သို့ »»

»» စာမျက်နှာ ၁၀ မှ

( ခ ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်နိုင်ခြင်းမရှိပါက သင့်လျော်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၁၆။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသောဝန်ကြီးသည် -

(က) မိမိအား တာဝန်ပေးအပ်သော ကိစ္စရပ်နှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှု ပေါ်ပေါက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်သည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးမှုပေါ်ပေါက်ကြောင်း တွေ့ရှိပါက ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များနှင့် လိုအပ်သလိုပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ)အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသို့ လည်းကောင်း တင်ပြရမည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၉။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရသောကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ခြင်းမရှိပါက အကျိုးအကြောင်းပြည့်စုံစွာဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၉ အရ တင်ပြသောကိစ္စမှာ ပြည်ထောင်စုအဆင့်တွင် ဆောင်ရွက်ပေးရမည့်ကိစ္စဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါက လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၂၀ အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က)အရ တာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးသည့်ကိစ္စတွင် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ ပြည်ထောင်စုအဆင့်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ရမည်။

**အခန်း (၇)**

**တားမြစ်ချက်များ**

၂၂။ မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပိတ်ပင်တားဆီးခြင်း မပြုရ။

၂၃။ မည်သူမျှ ဤဥပဒေပါပြဋ္ဌာန်းချက်များကို နိုင်ငံရေးကိစ္စအလို့ငှာ အလွဲသုံးစားမပြုလုပ်ရ။

၂၄။ မည်သူမျှတိုင်းရင်းသားလူမျိုးများအချင်းချင်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတစ်မျိုးမျိုးကို ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန်အကြောင်းရှိသော အပြုအမူများကို မပြုလုပ်ရ။

**အခန်း (၈)**

**ပြစ်ဒဏ်များ**

၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း(၉)**

**အထွေထွေ**

၂၈။ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသော တိုင်းရင်းသားလူမျိုးများဆိုင်ရာ အခြေအနေကို အခါအားလျော်စွာ တင်ပြရမည်။

၂၉။ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၉ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းခြင်း ပြုနိုင်သည်။

၃၀။ ဝန်ကြီးဌာနသည် ဤဥပဒေအရဖွဲ့စည်းသောကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၃၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ တိုင်းရင်းသားရေးရာကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် မိမိတို့အစိုးရအဖွဲ့၏ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ်ဆောင်ရွက်စေရမည်။ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် ဝန်ကြီးအား ဆောင်ရွက်စေရမည်။

၃၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကမ္ဘာပတ် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် မန္တလေးမြို့သို့ မတ် ၁၀ ရက် ရောက်ရှိမည်




ဆွစ်ဇာလန်နိုင်ငံမှ ပထမဆုံး တီထွင်ထုတ်လုပ်ခဲ့သည့် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် (Solar Impulse-2) ၏ ကမ္ဘာတစ်ပတ် ပျံသန်းမှု ခရီးစဉ်ကို မတ်လ ပထမပတ်တွင် စတင်မည်ဖြစ်ကာ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့သို့ မတ် ၁၀ ရက်တွင် ဆိုက်ရောက်ဆင်းသက်မည်ဖြစ်ပြီး သုံးရက်တာ ရပ်နားသွားမည်ဖြစ်သည်။

အဆိုပါ နေစွမ်းအင်သုံး လေယာဉ်ခရီးစဉ်ကို အရှေ့အလယ်ပိုင်းဒေသ အဘူဒါဘီမှ စတင်သွားမည်ဖြစ်ကာ အိုမန်၊ အိန္ဒိယ၊ မြန်မာ(မန္တလေး)၊ တရုတ်၊ ပစိဖိတ်သမုဒ္ဒရာဒေသ (ဟာဝိုင်အီ)၊ အမေရိကန်နိုင်ငံမှ ပြည်နယ်သုံးခု၊ အတ္တလန္တိတ်သမုဒ္ဒရာနှင့် ဥရောပတောင်ပိုင်း၊ မြောက်အာဖရိကဒေသတို့သို့ ဖြတ်ကာ နေ့ရောညပါ ပျံသန်းသွားမည်ဖြစ်ပြီး ဩဂုတ်လအတွင်း အဘူဒါဘီမြို့တွင်ပင် ကမ္ဘာတစ်ပတ်ခရီးစဉ် ပြီးဆုံးမည်ဖြစ်သည်။

"ဒီစိတ်ကူးအကြံဉာဏ်က ဆွစ်ဇာလန်မှာသန္ဓေတည်ခဲ့ပြီး မဖြစ်နိုင်ဘူးလို့ထင်တဲ့အရာတွေကို အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းက သာလွန်ကောင်းမွန်တဲ့ ရလဒ်တွေရရှိနိုင်တယ်လို့ ပြောပြပေးခြင်းဖြစ်ပါတယ်။ ဒီသမိုင်းဝင်ခရီးစဉ်မှာ သဘာဝအလှတရားတွေအပြည့်ရှိနေတဲ့ မြန်မာနိုင်ငံက လက်တွဲပူးပေါင်းလို့ ထွန်းလင်းတဲ့အနာဂတ်ကို ဖန်တီးတည်ဆောက်နိုင်မှာပါ။

မန္တလေးမြို့မှာ နားမယ့်အစီအစဉ်မှာ လေယာဉ်မှူး တစ်ယောက်က နည်းပညာနဲ့ အတွေ့အကြုံတွေကို ရှင်းလင်းပို့ချမှာပါ။ ဒီအစီအစဉ်ကို တစ်ရက်တည်း ဆောင်ရွက်သွားဖို့ လျာထားပါတယ်။ နောက်ရက်တွေကတော့ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး ဆုံးဖြတ်သွားမှာပါ"ဟု မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး H.E.Mr. Christoph Burgener က ပြောသည်။

လေယာဉ်ခရီးစဉ်တစ်လျှောက် ရပ်နားမည့်ဒေသများတွင် ဆွစ်ဇာလန်နိုင်ငံ၏ ဆန်းသစ်တီထွင်လိုမှု၊ အတွေ့အကြုံနှင့် နည်းပညာများကို နည်းပညာလေ့လာသင်ယူနေသော လူငယ်များအား မျှဝေသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အထင်ကရသမိုင်းဝင် ရှေးဟောင်းမြို့ဖြစ်သည့် ပုဂံမြို့၏ ကောင်းကင်ယံတွင် လေယာဉ်သရုပ်ပြပျံဝဲမည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"သဘာဝသယံဇာတတွေကို တိုးတက်အောင်ရှာဖွေဖို့က ခဲယဉ်းပြီး လူတွေကိုတော့ တိုးတက်အောင် လုပ်လို့ရပါတယ်။ ဒါကြောင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးဖို့ကို အလေးထားပြီး ပညာရေးနဲ့ ပုံစံခွက်ထဲက ကျော်ထွက်တဲ့ အတွေးအခေါ်တွေကို ရရှိအောင်ကြိုးစားစေချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆွစ်ဇာလန်၏ ဆိုလာလေယာဉ်ကို သဘာဝပတ်ဝန်းကျင်ထိခိုက်စေမည့် လောင်စာများအသုံးပြုခြင်း လုံးဝမရှိဘဲ သဘာဝနေရောင်ခြည်စွမ်းအင်ကိုသာ အသုံးပြု၍ ကီလိုမီတာ ၃၅၀၀၀ (မိုင်ပေါင်း ၂၂၀၀)ကို ငါးလတာပျံသန်းပြီး ကမ္ဘာတစ်ပတ်ပျံသန်းပြသသွားမည် ဖြစ်သည်။ ဆွစ်ဇာလန်လူမျိုး လေယာဉ်မှူးများဖြစ်သည့် Bertrand Piccard နှင့် Andre Borschber တို့မှာ စွန့်ဦးတီထွင်ဆန်းသစ်လိုသူများဖြစ်ပြီး ဆိုလာလေယာဉ်နှင့် ပတ်သက်၍ ၁၂ နှစ်ကြာ စီစဉ်ဖန်တီးတည်ဆောက်ခဲ့ကြသည်။

"မြန်မာနိုင်ငံအစိုးရတာဝန်ရှိသူတွေနဲ့ ကျွန်တော်တို့ရဲ့ လက်တွဲဖော်တွေဟာ သန့်စင်တဲ့နည်းပညာတွေရဲ့ အရေးပါပုံကို သတိပြုမိကြပါတယ်။ အရင် Orbiter 2 နဲ့ ပျံသန်းခဲ့တဲ့တုန်းက ဆိတ်ငြိမ်အေးချမ်းပြီး ပညာဉာဏ်တွေရဲ့ ပြယုဂ်ဖြစ်တဲ့ စေတီပုထိုး ကျောင်းကန်တွေအပေါ်မှာ ပျံသန်းရတာ ခမ်းနားတဲ့ပျံသန်းမှုတစ်ခုဖြစ်ခဲ့ပါတယ်"ဟု ဆိုလာလေယာဉ်၏ ပူးတွဲတည်ထောင်သူနှင့် လေယာဉ်မှူးဖြစ်သည့် Bertrand Piccard က ဆိုသည်။

ကမ္ဘာတစ်ပတ် ပျံသန်းမည့် Solar Impulse-2 သည် မတ်လ အစောပိုင်းတွင် အဘူဒါဘီမှ စတင်ထွက်ခွာမည်ဖြစ်ကာ ဩဂုတ်လအတွင်း ခရီးစဉ်ပြီးဆုံးမည်ဖြစ်သည်။ ပျံသန်းမှုလမ်းကြောင်းတွင် Muscut၊ Oman၊ Ahmedabad၊ Varanasi India၊ မန္တလေး၊ Chongqing၊ Nanjing၊ Hawaii၊ Phoenix၊ the Midwest နှင့် JFK တို့တွင် ရပ်နားသွားမည်ဖြစ်သည်။

ဆိုလာလေယာဉ်၏ ခရီးစဉ်တစ်လျှောက် လိုအပ်သော ပံ့ပိုးမှုများကို ဆွစ်ဇာလန်ကုမ္ပဏီများဖြစ်သည့် ABB၊ Schindler Omega နှင့် ပြည်တွင်းပံ့ပိုးသူအဖြစ် FMI ကုမ္ပဏီတို့မှ တာဝန်ယူထားကြောင်း သိရသည်။

ကမ္ဘာတစ်ပတ် ပျံသန်းမည့် Solar Impulse-2 နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး H.E.Mr. Christoph Burgener၊ ABB၊ Schindler နှင့် FMI ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

**(မိုးသူဇာစိုး)**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအတွက် အလှူငွေပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းရွက်နေကြသော တပ်မတော်သားများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ကျင်းပရာ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄)မှ မိသားစုများက အမိနိုင်ငံတော်အတွက် ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် တိုက်ပွဲအသီးသီးတွင် အသက်ပေးလှူခဲ့ကြသည့် အရာရှိစစ်သည်များ၏ မိသားစုများအတွက် ၃၃ သိန်း ငါးသောင်းကျပ် ပေးအပ်လှူဒါန်းခဲ့ကြောင်း



(အပေါ်ပုံ)နှင့် အခြားဒေသအသီးသီးမှ အရာရှိမိသားစုဝင်များကလည်း အလှူငွေများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

●ကျောဖုံးမှ

ဖမ်းဆီးရမိပြီး ၎င်းထံမှ တရုတ်-မြန်မာနယ်နိမိတ် မှတ်တိုင်အမှတ် (၁၄၄)အနီး ကိုးကန့်သောင်းကျန်းသူများ ယာယီအခြေပြုလျက်ရှိသော ဟုန်ဇူထန်ကျေးရွာသို့ သွားရောက်ပို့ဆောင်မည့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ အား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ယနေ့မွန်းလွဲပိုင်းတွင် ပါစင်ကျော်ကျေးရွာနှင့် ချင်းရွှေဟော်ကြား ကားလမ်းတစ်လျှောက် နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းနှင့် ကိုးကန့်သောင်းကျန်းသူအင်အားစုများ လုံထန်ရွာအနီး၌ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများက ဆုတ်ခွာသွားသော ကိုးကန့်သောင်းကျန်းသူများနောက်သို့ လိုက်လံရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**




ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးရန်ကင်းကွာ လွှန်ချမ်းသာ

# တပ်မတော်သားများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို သက်စွန့်ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီး သန့်ဇော် - ၀၉-၇၃၂၀၆၆၉၉၊ ၀၁-၂၅၉၂၆(ရန်ကုန်)
(၂) ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေး - ၀၉-၅၂၅၀၉၉၅၊ ၀၃၃-၃၆၀၃၃(လားရှိုး)
(၃) ဒုတိယဗိုလ်မှူးကြီး စိုးမြင့် - ၀၉-၂၀၉၉၀၇၆၊ ၀၃၃-၃၃၀၆၅၊ ၀၃၃-၃၃၀၆၇၊ ၀၃၃-၃၃၀၇၁(မန္တလေး)
(၄) ဒုတိယဗိုလ်မှူးကြီး ရန်နောင် - ၀၉-၃၉၁၀၆၅၁၀၊ ၀၉-၃၆၁၉၂၉၃၉၊ ၀၃၄-၃၂၀၇၀ (တောင်ကြီး)

# လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင် ကျောင်းသား ကျောင်းသူများအတွက် ရောက်ရှိရာဒေသအသီးသီးတွင် စာမေးပွဲဖြေဆိုနိုင်ရေး စီစဉ်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသမှ တိုက်ပွဲများကြောင့် ဒေသအသီးသီးသို့ ရောက်ရှိနေကြသူ ကျောင်းသား ကျောင်းသူများ မိမိရောက်ရှိရာဒေသတွင် အတန်းဆုံးစာမေးပွဲဖြေဆိုနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ စီစဉ်ထားရှိပြီးဖြစ်ရာ အမှတ်(၁)အခြေခံပညာ



**အထက(၂)လောက်ကိုင်မှ စတုတ္ထတန်း ကျောင်းသား မောင်ဖြိုးဝေယံဦး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(တပ်ကုန်း)တွင် စာမေးပွဲဖြေဆိုနေစဉ်။**

အထက်တန်းကျောင်း(တပ်ကုန်း)တွင် စတုတ္ထတန်း ကျောင်းသားတစ်ဦး၊ အထက(၂) ကော့ကရိတ်တွင် နဝမတန်း ကျောင်းသားတစ်ဦး၊ အမက(၂၃၀)ကော့ကရိတ်တွင် ပထမတန်းကျောင်းသား တစ်ဦး၊ အထက (မင်းကုန်း) လှည်းကူးမြို့နယ်တွင် ဆဌမတန်းကျောင်းသားနှစ်ဦးနှင့် ပထမတန်းကျောင်းသူ တစ်ဦးတို့အား စာမေးပွဲဖြေဆိုနိုင်ရေးစီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုရန်အတွက် လောက်ကိုင်ဒေသ၌ စာရင်းသွင်းထားသူ ၁၁၅ ဦးရှိသည့်အနက် ကွမ်းလုံမြို့တွင် စာစစ်ဌာနအသစ် ဖွင့်လှစ်ပေးပြီးဖြစ်သည့်အပြင် လားရှိုးမြို့နယ်ရှိ စာစစ်ဌာနတွင် ၄၉ ဦး၊ အလက(၉) လှိုင်သာယာစာစစ်ဌာနတွင် တစ်ဦး၊ အထက (မင်းကုန်း) လှည်းကူးမြို့နယ် စာစစ်ဌာနတွင် တစ်ဦး၊ အထက ကျိုက်မရော စာစစ်ဌာနတွင်နှစ်ဦး၊ အလက(၄) မင်္ဂလာဒုံစာစစ်ဌာနတွင် တစ်ဦး ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

ကျန်စာဖြေသူများအတွက် မိမိရောက်ရှိအခြေပြုရာဒေသရှိ စာစစ်ဌာနများတွင် ဖြေဆိုလိုပါက သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများကိုဆက်သွယ်၍ ဖြေဆိုနိုင်ကြောင်းနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနရှိ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ကြောင်းလည်း သိရသည်-

(က) ဦးမျိုးမြင့်အောင်(ဦးစီးအရာရှိ)
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ဖွဲ့ကပင်ဆောင်)
ဖုန်း-၀၁-၆၅၃ ၅၀၉၊ ၀၉-၅၀၆၁၇၇၆
(ခ) ဒေါက်တာမြတ်စိုးအောင်
(လက်ထောက်ညွှန်ကြားရေးမှူး)
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊
နေပြည်တော်
ဖုန်း-၀၆၇-၄၃၀၁၆၈၊ ၀၉-၂၅၆၀၈၈၅၂၁

**(သတင်းစဉ်)**

# မူဆယ် (၁၀၅) မိုင်မှ ပန်ဆိုင်းသို့သွားသည့် ဖရဲသီးတင် ၁၂ ဘီးယာဉ်နှစ်စီး ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့နယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပန်ဆိုင်းမြို့အဝင် ဆိုင်းဘုတ်အနီး ပြည်ထောင်စုလမ်းမကြီးတွင် ယနေ့နံနက် ၈ နာရီခန့်က ပြောက်ကျားဝတ်စုံနှင့် စစ်စိမ်းရောင်ဝတ်ဆင်ထားသည့် လက်နက်ကိုင်အင်အား ၁၅ ဦးခန့်သည် လက်နက်ကိုယ်စီကိုင်ဆောင်လျက် မူဆယ် (၁၀၅)မိုင်မှပန်ဆိုင်းသို့ ထွက်ခွာလာသည့် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်နေ ယာဉ်မောင်း ဦးအေးကို(၅၁)နှစ် မောင်းနှင်လာသည့် ဖရဲသီးတင်ဆောင်လာသည့် ၁၂ ဘီးယာဉ်အား တားဆီးပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ဦးသောင်းမြင့်တို့အား ယာဉ်ပေါ်မှ ဆင်းစေ၍ "ဆက်ကြေးတောင်းတဲ့စာရလား၊ ဆက်ကြေးမပေးလို့"ဟု လက်နက်ကိုင်အဖွဲ့မှ ပြောဆိုပြီး ယာဉ်၏ရှေ့ခန်းသို့ ဗုံးတစ်လုံး ပစ်သွင်းဖောက်ခွဲရာ ယာဉ်ခေါင်းပိုင်း ကြေမွပျက်စီးသွားခဲ့သည်။

အဆိုပါ ယာဉ်၏နောက်မှ အတူလိုက်ပါလာသော ယာဉ်မောင်း ဦးအေးသိန်း(၅၀)နှစ် မောင်းနှင်လာသော ဖရဲသီးတင်ဆောင်လာသည့် ၁၂ ဘီးယာဉ်ကိုလည်း လက်နက်ကိုင်များက တားဆီး၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ယာဉ်ပေါ်မှ ဆင်းခိုင်းပြီး ယာဉ်အောက်သို့ ဗုံးတစ်လုံး ထပ်မံပစ်သွင်းဖောက်ခွဲခဲ့သည်။

ယင်းဖြစ်စဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာရဲတပ်ဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## သာသနာနုဂ္ဂဟဘွဲ့တံဆိပ် လက်ခံရယူမည့် လူပုဂ္ဂိုလ်များအတွက် ဖိတ်စာများထုတ်ယူနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၁၃၇၆ ခုနှစ် တပေါင်းလပြည့်နေ့ (၂၀၁၅ ခုနှစ် မတ်လ ၄ ရက် ဗုဒ္ဓဟူးနေ့)တွင်ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လက်ခံ ရယူကြမည့် လူပုဂ္ဂိုလ်များသည် ဖိတ်စာများကို နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ ဧည့်ရိပ်သာ(၂) အဆောင်(၄၅) ကြီးကြပ်ရေးရုံးခန်း၌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှမော် ဖုန်း-၀၉-၄၂၀၇၃၀၇၀၃ ထံတွင် မတ် ၁ ရက်မှစ၍ ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

နဝမအကြိမ် ထွန်းဖောင်ဒေးရှင်း (၂၀၁၄) စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းစာပေဆု ကော်မတီနာယက ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသော်ကောင်းက ထွန်းဖောင်ဒေးရှင်းစာပေဆုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်- ဓနုဖြူ)က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ နာယက ဦးသိန်းထွန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်၊ ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ထွန်းဖောင်ဒေးရှင်းတစ်သက်တာစာပေဆုရ ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)၊ စာပဒေသာစာပေဆုရ ဒေါက်တာချစ်၊ ယဉ်ကျေးမှု(အင်္ဂလိပ်) စာပေဆုရ ဒေါ်ကြည်ကြည်လှ၊ သုတပဒေသာစာပေဆုရ နတ်မောက်ထွန်းရှိန်၊ ယဉ်ကျေးမှုစာပေဆုရ လယ်တွင်းသားစောချစ်နှင့် နေဝင်းစံ၊ ရှေးဟောင်းကျမ်းစာပေဆုရ ဦးစိန်မောင်ဦး(ရှေးဟောင်းသုတေသန)၊ သမိုင်းစာပေဆုရ မောင်ဝင့်သူ၊ စီးပွားရေးစာပေဆုရ သိန်းလွင် (ပြည်ပပို့ကုန်)၊ လူငယ်စာပေဆုရ မောင်ကိုကို (အမရပူရ)၊ လူငယ်(အင်္ဂလိပ်) စာပေဆုရ ဆရာကောင်းသန့်နှင့် ညီညီဖေ၊ အတ္ထုပ္ပတ္တိစာပေဆုရ မောင်မောင်ဟန် (အေးရွာ)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာပေဆုရ ဆရာဦးဝင်းထိန် (ဟိုတယ်/ခရီး)၊ ရည်ညွှန်းကျမ်းစာပေဆုရ ဦးသန့်(လာဘ်မိုးစွေ)၊ ကလေးစာပေစာမူဆုရ မဲကလေး(ခေတ္တ-အမိုကရို)၊ ရှေးဟောင်းကျမ်းစာပေစာမူဆုရ ဒေါက်တာကျော်ဆွေဦးနှင့် သမိုင်းစာပေစာမူဆုရ မောင်နွယ်သန်းတို့အား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီနာယကက ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီကိုယ်စား ဒေါက်တာဦးမြင့်အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ဆုရရှိကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**


၂၀၁၅ ခုနှစ်၊ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်
(၁၃-၂-၁၅)ရက်နေ့မှ(၂၄-၂-၁၅)ရက်နေ့ထိ ဆုတံဆိပ်ရရှိမှု အခြေအနေ

| ပြည်နယ်/တိုင်းဒေသကြီး | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ၇၁ | ၄၆ | ၃၄ | ၁၅၁ |
| မန္တလေးတိုင်းဒေသကြီး | ၃၉ | ၃၉ | ၅၀ | ၁၂၈ |
| ပဲခူးတိုင်းဒေသကြီး | ၁၉ | ၂၁ | ၂၅ | ၆၅ |
| မကွေးတိုင်းဒေသကြီး | ၁၆ | ၉ | ၁၃ | ၃၈ |
| ဧရာဝတီတိုင်းဒေသကြီး | ၁၂ | ၁၃ | ၂၅ | ၅၀ |
| ရခိုင်ပြည်နယ် | ၁၁ | ၁၃ | ၂၃ | ၄၇ |
| ကရင်ပြည်နယ် | ၁၀ | ၇ | ၆ | ၂၄ |
| နေပြည်တော်ကောင်စီနယ်မြေ | ၁၀ | ၇ | ၁၃ | ၃၀ |
| မွန်ပြည်နယ် | ၈ | ၁၉ | ၁၉ | ၄၆ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၆ | ၁၀ | ၁၂ | ၂၈ |
| ကချင်ပြည်နယ် | ၆ | ၇ | ၁၂ | ၂၅ |
| တနင်္သာရီတိုင်းဒေသကြီး | ၅ | ၁၀ | ၂၀ | ၃၅ |
| ကယားပြည်နယ် | ၅ | ၉ | ၉ | ၂၃ |
| ရှမ်းပြည်နယ် | ၃ | ၁၃ | ၂၂ | ၃၈ |
| ချင်းပြည်နယ် | ၂ | ၁ | ၁ | ၄ |

✤✤✤✤ စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ (၂၈)ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ကျင်းပမည်ဖြစ်ပါသည်။

**■အမျိုးသားအားကစားပွဲတော်မှ**

ဝမ်းတင်ကိုကို (နေပြည်တော်)ကို လည်းကောင်း၊ အောင်သူ(မွန်)က မြတ်နိုးမောင် (မကွေး)ကို လည်းကောင်း၊ ဖြိုးလင်းအောင်(မန္တလေး)က ဟိန်းသန့်နိုင် (စစ်ကိုင်း)ကို လည်းကောင်း၊ ဗန်တိုအတိုက်ပြိုင်ပွဲတွင် ဝေယံလင်း (ရခိုင်)က မင်းနိုင်(ကချင်)ကိုလည်းကောင်း၊ မျိုးထွန်းအံ့(ရန်ကုန်)က အောင်စည်သူ (ပဲခူး)ကို လည်းကောင်း၊ မျိုးကြိုင်(တနင်္သာရီ)က ဇေမောင်မောင်(မွန်)ကို လည်းကောင်း၊ သိန်းထိုက်ဦး(ရခိုင်)က ကျော်ထွန်း (မန္တလေး)ကိုလည်းကောင်း၊ အေးမင်း(တနင်္သာရီ)က ဇော်မင်းသွင်(မွန်)ကို လည်းကောင်း၊ ဟိန်းမင်းစိုး(မန္တလေး)က ခန့်ကျော်ဇေ(မကွေး)ကို လည်းကောင်း၊ ဇိုက်ကေ (နေပြည်တော်)က အောင်ပြည့်ဇင်(ရှမ်း)ကိုလည်းကောင်း အနိုင်ရကြသည်၊

ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း-၁၌ အမျိုးသမီး/အမျိုးသား မီတာ၅၀၀၀၊ အမျိုးသမီး/အမျိုးသား လှံတံပစ်၊ အမျိုးသမီး/အမျိုးသား အလျားခုန်၊ အမျိုးသမီး/အမျိုးသား မီတာ၁၀၀၊ အမျိုးသမီး/အမျိုးသား မီတာ၄၀၀တန်းကျော်၊ အမျိုးသမီး/အမျိုးသား မီတာ ၈၀၀ ပြိုင်ပွဲများကို ကျင်းပရာ အမျိုးသမီး မီတာ၅၀၀၀ ပြိုင်ပွဲ၌ ဖြူဝါသက်(ပဲခူး)က ပထမ၊ ပပ(မန္တလေး)က ဒုတိယ၊ မြင့်မြင့်အေး(ပဲခူး)က တတိယ၊ အမျိုးသားမီတာ၅၀၀၀ ပြိုင်ပွဲ၌ ဆန်းနိုင်(မန္တလေး)က ပထမ၊ မာကောက်(စစ်ကိုင်း)က ဒုတိယ၊ စိုးမင်းသူ(မကွေး)က တတိယ၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၌ အေးအေးသန်း(စစ်ကိုင်း)က ပထမ၊ ဖရန်စွကာ(ကယား)က ဒုတိယ၊ နှင်းရည်ဝေ(ပဲခူး)က တတိယ၊ အမျိုးသားအလျားခုန်ပြိုင်ပွဲ၌ ကျော်ထက်အောင်(ပဲခူး)က ပထမ၊ ဇင်ကိုကို(ပဲခူး)က ဒုတိယ၊ စိုင်းမောင်မောင်(ရန်ကုန်)က တတိယ၊ အမျိုးသမီးမီတာ ၁၀၀ ပြိုင်ပွဲ၌ စုကြည်အောင် (မကွေး)က ပထမ၊ သဲပွင့်ဖြူ(တနင်္သာရီ)က ဒုတိယ၊ လဲ့လဲ့ဝင်း(မကွေး)က တတိယ၊ အမျိုးသားမီတာ ၁၀၀ ပြိုင်ပွဲ၌ ကျော်ဇင်အောင်(မကွေး)က ပထမ၊ ကျော်ဆန်းလင်း(မွန်)က ဒုတိယ၊ လင်းဇေယျာနောင်(စစ်ကိုင်း)က တတိယ၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ၌ နှင်းဝတ်ရည်(မန္တလေး)က ပထမ၊ နီနီတိုး(စစ်ကိုင်း)က ဒုတိယ၊ ဝင့်ဝါထွန်း(ရန်ကုန်)က တတိယ၊ အမျိုးသားမီတာ၄၀၀တန်းကျော်ပြိုင်ပွဲ၌ ကျော်မျိုးမင်း(ရန်ကုန်)က ပထမ၊ စိုးမိုးဝင်း(မကွေး)က ဒုတိယ၊ သန့်ဇင်သိန်း(မန္တလေး)က တတိယ ရရှိကြသည်။

ဘတ်စကက်ဘောပြိုင်ပွဲကို လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အမျိုးသားပွဲစဉ်တွင် နေပြည်တော်က ပဲခူးကို (၄၅-၄၀)မှတ်ဖြင့် လည်းကောင်း၊ မန္တလေးက စစ်ကိုင်းကို (၇၁-၆၉)မှတ်ဖြင့်လည်းကောင်း အမျိုးသမီးပွဲစဉ်တွင် မွန်က မကွေးကို (၅၀-၄၄)မှတ် ဖြင့်လည်းကောင်း၊ ပဲခူးက ရှမ်းကို (၆၀-၂၇)မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းက ကရင်ကို (၈၆-၃၇)မှတ်ဖြင့်လည်းကောင်း အနိုင်ရကြသည်။ ဘော်လီဘောပြိုင်ပွဲကို နံနက် ၈ နာရီတွင် လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အမျိုးသားပွဲစဉ်တွင် ရန်ကုန်က ပဲခူးကို လည်းကောင်း၊ ကယားက ကရင်ကို လည်းကောင်း၊ စစ်ကိုင်းက မကွေးကိုလည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ရန်ကုန်က မကွေးကိုလည်းကောင်း၊ ရှမ်းက ပဲခူးကိုလည်းကောင်း၊ ရခိုင်က မန္တလေးကိုလည်းကောင်း၊ စစ်ကိုင်းက ဧရာဝတီကိုလည်းကောင်း အနိုင်ရကြသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲသုံးယောက်တွဲအဖွဲ့လိုက်အုပ်စုပွဲစဉ်များကို နံနက် ၈နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ-B ၌ ကျင်းပရာ အမျိုးသမီးရှုံးထွက်ပွဲစဉ်တွင် မွန်က ရှမ်းကိုလည်းကောင်း၊ ပဲခူးက မကွေးကို လည်းကောင်း၊ ရန်ကုန်က မန္တလေးကို လည်းကောင်း၊ ဧရာဝတီက စစ်ကိုင်းကိုလည်းကောင်း၊ အမျိုးသားရှုံးထွက်ပွဲစဉ်တွင် ဧရာဝတီက ကချင်ကိုလည်းကောင်း၊ မန္တလေးက ကယားကိုလည်းကောင်း၊ ရန်ကုန်က မကွေးကိုလည်းကောင်း၊ ရခိုင်က စစ်ကိုင်းကိုလည်းကောင်းအနိုင်ရရှိကာ အကြိုဗိုလ်လုပွဲတက်ရောက်ကြသည်။

လက်ဝှေ့ပြိုင်ပွဲများကို မွန်းလွဲ ၂ နာရီတွင် ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အမျိုးသမီး ၄၈ကီလိုတန်းတွင် ယဉ်ယဉ်အောင်(စစ်ကိုင်း)က မြတ်မိုးသူ(ဧရာဝတီ)ကို လည်းကောင်း၊ ၅၁ကီလိုတန်းတွင် နှင်းမို့မို့နိုင်(ရှမ်း)က နယ်လီ(စစ်ကိုင်း)ကိုလည်းကောင်း၊ ၅၄ကီလိုတန်းတွင် ခင်နှောင်းတင့်(ရှမ်း)က အိဖြူထွေး(တနင်္သာရီ)ကိုလည်းကောင်း၊ နွယ်နီဦး(ပဲခူး)က မာရီးနာ(ကယား)ကို လည်းကောင်း၊ ၆၀ကီလိုတန်းတွင် ဘယ်ရောနီကာ(ရှမ်း)က နော်ဥမ္မာစိုး(ပဲခူး)ကို လည်းကောင်း၊ အမျိုးသား ၄၆ကီလိုတန်းတွင် မောင်းရှိန်း(ချင်း)က အေးမင်း (တနင်္သာရီ)ကိုလည်းကောင်း၊ ချမ်းသာဦး(ပဲခူး)က နိုင်ဇော်အောင် (ဧရာဝတီ) ကိုလည်းကောင်း အနိုင်ရကြသည်။

ဖူဆယ်ပြိုင်ပွဲကို ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသားအကြိုဗိုလ်လုပွဲစဉ်တွင် ကချင်က ရှမ်းကို (၉-၀)ဂိုးဖြင့်လည်းကောင်း၊ စစ်ကိုင်းက ပဲခူးကို အချိန်ပို၌ (၅-၄) ဂိုးဖြင့်လည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်ကြသည်။

❖❖❖

## ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ၂၅-၂-၂၀၁၅ ရက်နေ့တွင် ကျင်းပမည့် အားကစားပြိုင်ပွဲအစီအစဉ်

| စဉ် | အားကစားနည်း | ပြိုင်ပွဲအရေအတွက် | အချိန် | ယှဉ်ပြိုင်မည့်အသင်း | ကျင်းပမည့်နေရာ | ဆုချီးမြှင့်မည့်အချိန် |
|---|---|---|---|---|---|---|
| ၁ | ပြေးခုန်ပစ် | ကျား (၁၀) ပွဲ မ(၅)ပွဲ | (၀၇း၃၀)နာရီ စတင်ပါမည် | | ဝဏ္ဏသိဒ္ဓိကွင်း | (၉း၃၀)နာရီ (၁၁း၀၀)နာရီ နှစ်ကြိမ်ခွဲ၍ ဆုပေးပါမည်။ |
| ၂ | ဘောလုံး(မ) | ဆီမီး (၂)ပွဲ | (၀၇း၃၀)နာရီ (၁၅း၀၀)နာရီ | ဧရာဝတီနှင့် နေပြည်တော် ရန်ကုန်နှင့် ရှမ်း | လေ့ကျင့်ရေးကွင်း (၃) | |
| ၃ | ဘတ်စကက်ဘော | ကျား(၂)ပွဲ မ(၃)ပွဲ | (၀၈း၀၀)နာရီ စတင်ပါမည် | | TC-1 လေ့ကျင့်ရေးရုံ | |
| ၄ | ဘော်လီဘော | ကွာတား ကျား(၄)ပွဲ | (၀၈း၀၀)နာရီ စတင်ပါမည် | | TC-1 လေ့ကျင့်ရေးရုံ | |
| ၅ | စားပွဲတင်တင်းနစ် | တစ်ဦးချင်း ကျား(၂၀)ပွဲ မ(၁၀)ပွဲ နှစ်ယောက်တွဲ ကျား/မ (၁၁)ပွဲ ကျား+မ(၉)ပွဲ | (၀၈း၃၀)နာရီ စတင်ပါမည် | | Cluster(3) | |
| ၆ | ပိုက်ကျော်ခြင်း | (၃)ယောက်တွဲ အဖွဲ့လိုက် (ကျား)(မ) တတိယလုပွဲနှင့် ဗိုလ်လုပွဲ (၂)ယောက်တွဲ အဖွဲ့လိုက် ကျား(၅)ပွဲ မ(၃)ပွဲ | (၀၉း၀၀)နာရီ စတင်ပါမည် (၁၄း၀၀)နာရီမှ (၁၇း၀၀)နာရီထိ | (အမျိုးသား) ဧရာဝတီနှင့် မန္တလေး ရန်ကုန်နှင့်ရခိုင် (အမျိုးသမီး) မွန်နှင့်ပဲခူး ရန်ကုန်နှင့် ဧရာဝတီ | ဝဏ္ဏသိဒ္ဓိ(B)ရုံ | (၁၅း၀၀)နာရီ ခန့်တွင် ဆုချီးမြှင့်ပါမည်။ |
| ၇ | မြန်မာ့သိုင်း | (ကျား)(မ)ပြိုင်ပွဲ စွမ်းရည်ပြ | (၀၉း၀၀)နာရီ စတင်ပါမည် | | ဝဏ္ဏသိဒ္ဓိ(C)ရုံ | (၁၆း၀၀)နာရီ ဆုချီးမြှင့်ပါမည် |
| ၈ | ဖူဆယ်(မ) | ဆီမီး မ(၁)ပွဲ မ(၁)ပွဲ | (၀၉း၀၀)နာရီ (၁၀း၃၀)နာရီ | ပဲခူးနှင့်ရှမ်း ဧရာဝတီနှင့် မန္တလေး | ဖူဆယ်ပြိုင်ပွဲရုံ | |
| ၉ | အလေးမ | ကျား(၁၃)ပွဲ မ(၄)ပွဲ | (၁၀း၀၀)နာရီ စတင်ပါမည် | | ပေါင်းလောင်း အားကစားခန်းမ | (၁၂း၀၀)နာရီ (၁၅း၀၀)နာရီ (၁၇း၃၀)နာရီ (၃)ကြိမ်ခွဲ၍ ဆုချီးမြှင့်ပါမည် |
| ၁၀ | ဖူဆယ်(ကျား) | တတိယလုပွဲ ဗိုလ်လုပွဲ | (၁၃း၀၀)နာရီ (၁၄း၃၀)နာရီ | ရှမ်းနှင့်ပဲခူး ကချင်နှင့် စစ်ကိုင်း | ဖူဆယ်ပြိုင်ပွဲရုံ | (၁၆း၀၀)နာရီ ဆုချီးမြှင့်ပါမည် |
| ၁၁ | လက်ဝှေ့ | (ကျား)ပြိုင်ပွဲ ကျား(၁၃)ပွဲ | (၁၄း၀၀) နာရီ စတင်ပါမည် | | လက်ဝှေ့ပြိုင်ပွဲရုံ | |
| ၁၂ | ဘောလုံး(ကျား) | ဆီမီး (၂)ပွဲ | (၁၅း၀၀) နာရီ (၁၇း၃၀)နာရီ | ချင်း နှင့် ကရင် ပဲခူးနှင့် မန္တလေး | ဝဏ္ဏသိဒ္ဓိကွင်း ။ | |

# အီရန်နျူကလီးယားအရေး ထိပ်တန်းအဆင့် ထပ်မံဆွေးနွေး




**ဂျီနီဗာ ဖေဖော်ဝါရီ ၂၄**

အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့သည် နျူကလီးယားလက်နက်ဆိုင်ရာ ထိပ်တန်းအဆင့် ဆွေးနွေးညှိနှိုင်းမှုများကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ဂျီနီဗာမြို့တွင် စတင်ခဲ့သည်။

တနင်္ဂနွေနေ့တွင် နှစ်နာရီကြာညှိနှိုင်းဆွေးနွေးပြီးနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီအပါအဝင် အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗတ်ဇာရစ်ဖ်၊ အမေရိကန်စွမ်းအင်ဝန်ကြီး အန်းနက်စ်မွန်နစ်ဇ်၊ အီရန်နျူကလီးယားဆိုင်ရာဌာနအကြီးအကဲ အလီအက်ဘာဆာလီဟီတို့သည် ဒုတိယမြောက်နေ့အဖြစ် ထပ်မံဆွေးနွေးခဲ့သည်။

"ဆွေးနွေးစရာကျန်နေတဲ့အပိုင်းတွေကို ဆက်လက်ဆွေးနွေးမှာဖြစ်ပါတယ်"ဟု အီရန်အဆင့်မြင့် အရာရှိတစ်ဦးက ရိုက်တာသတင်းဌာနသို့ပြောသည်။

"ကွာဟမှုတွေကတော့ အများကြီးပေါ့။ ဒါပေမယ့် ညှိနှိုင်းဆွေးနွေးရေးသမားတွေကတော့ သဘောတူညီမှုရဖို့ အလေးပေးဆောင်ရွက်နေတယ်။ အခြေအနေက ကောင်းတယ်။ ဒါပေမယ့် အခက်အခဲလေးတွေတော့ရှိနေတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

"အခြေအနေတွေကတိုးတက်မှုရှိတယ်။ ဆွေးနွေးစရာလေးတွေကျန်နေသေးတယ်"ဟု အမေရိကန်အဆင့်မြင့် အရာရှိတစ်ဦးကပြောသည်။

မည်သည့်အချက်များ ညှိနှိုင်းပြီးပြီလဲဆိုသည်ကိုမူ အသေးစိတ်မသိရသေးပေ။ ညှိနှိုင်းရေးသမားများက မတ်လ ၃၁ ရက်မတိုင်မီ သဘောတူညီမှုရယူနိုင်ရန် မျှော်လင့်နေကြသည်။

သို့သော် ဆွေးနွေးပွဲနောက်ဆုံးရက်ရောက်သည့်တိုင် အမေရိကန်သမ္မတ၏ လိုလားတောင့်တချက်များကို ဖြည့်ဆည်းနိုင်ခြင်းမရှိလျှင် မည်သည့်သဘောတူညီချက်ကိုမျှ လုပ်ဆောင်မည်မဟုတ်ဟု အမေရိကန်အရာရှိများက ဆိုသည်။

"အီရန်နျူကလီးယားကိစ္စကို နျူလက်နက်ထုတ်လုပ်ရေး ရပ်ဆိုင်းတဲ့အထိ ဆက်ဆွေးနွေးရမှာပဲ"ဟု အရာရှိများက ဆက်လက်ပြောသည်။

အမေရိကန်နိုင်ငံအပါအဝင် အင်အားကြီးနိုင်ငံများဖြစ်သည့် ရုရှား၊တရုတ်၊ ဗြိတိန်၊ပြင်သစ်နှင့် ဂျာမနီနိုင်ငံများက အီရန်နှင့် နျူကလီးယားလက်နက်ထုတ်လုပ်မှုရပ်ဆိုင်းရေး သဘောတူညီမှုရရှိရန် အစွမ်းကုန်ကြိုးပမ်းနေကြသည်။

ဂျီနီဗာမြို့တွင် နှစ်ရက်ကြာ ဆွေးနွေးပွဲကျင်းပပြီးနောက် ဆွေးနွေးညှိနှိုင်းမှုကို လာမည့်တနင်္လာနေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ မည်သည့်နေရာတွင် တွေ့ဆုံညှိနှိုင်းမှုများလုပ်ဆောင်မည်ဆိုသည်ကို မသိရသေးပေ။

နျူကလီးယားဆိုင်ရာ သဘောတူညီမှုရရှိမည်ဆိုလျှင် အီရန်နိုင်ငံအနေဖြင့် စီးပွားရေးပိတ်ဆို့မှုမှ လွတ်မြောက်မည်ဖြစ်သည်။ **ရိုက်တာ။**

# မြောက်ကိုရီးယား မာရသွန်အပြေးပြိုင်ပွဲ နိုင်ငံခြားသားများပါဝင်မှုပိတ်ပင်မည်



**ဆိုးလ် ဖေဖော်ဝါရီ ၂၄**

ဧပြီလတွင် ကျင်းပမည့် နှစ်ပတ်လည် နိုင်ငံတကာ မာရသွန်အပြေးပြိုင်ပွဲ၌ နိုင်ငံခြားသားများ၊ ပါဝင်မှုကို ပိတ်ပင်မည်ဖြစ်ကြောင်း၊ အီဘိုလာဗိုင်းရပ်ရောဂါ ကူးစက်မည့်အရေးကို စိုးရိမ်သည့်အတွက် ယင်းသို့ ပိတ်ပင်ရခြင်းဖြစ်ကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကုမ္ပဏီများက ပြောကြားသည်။

ပြုံယမ်း မာရသွန်အပြေး ပြိုင်ပွဲ၌ နိုင်ငံခြားသားများ ပါဝင်ယှဉ်ပြိုင်ရန် ခွင့်ပြုမည်မဟုတ်ဟု မြောက်ကိုရီးယားအစိုးရအဖွဲ့က မိမိတို့ကို အသိပေးအကြောင်းကြားခဲ့ကြောင်း တရုတ်နိုင်ငံအခြေစိုက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကုမ္ပဏီများက ပြောကြားကြသည်။

မြောက်ကိုရီးယားနိုင်ငံ၌ ယခုအချိန်အထိ အီဘိုလာဗိုင်းရပ် ရောဂါဖြစ်ပွားသူ လုံးဝမရှိခဲ့ပေ။ မြောက်ကိုရီးယားနိုင်ငံသည် အောက်တိုဘာလတွင် နယ်စပ်ဒေသကို ပိတ်ခဲ့ပြီး နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များကို ဝင်ရောက်ခွင့် ရပ်ဆိုင်းခဲ့သည်။ သံတမန်များဖြစ်သည့် နိုင်ငံခြားသားများ ဝင်ရောက်ရာတွင်လည်း ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို တင်းကျပ်စွာ လိုက်နာစေခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ကမ္ဘာတစ်လွှား ကူးစက်ပျံ့နှံ့နိုင်သော ရောဂါဘယများကို တားဆီးကာကွယ်နိုင်ရန်လုပ်ဆောင်ခဲ့သည့် သာဓကများရှိခဲ့သည်။ ၂၀၀၃ ခုနှစ်က ကူးစက်မြန် ပြင်းထန် နမိုးနီးယားရောဂါ (ဆားစ်) ကူးစက်ဝင်ရောက်လာခြင်း မရှိစေရန် နိုင်ငံခြားခရီးသွားလုပ်ငန်းကို သုံးလကြာမျှ ရပ်ဆိုင်းထားခဲ့သည်။ **ပီတီအိုင်။**

# အီရတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်မှုများပြုလုပ်နိုင်ရန် နယူးဇီလန်တပ်ဖွဲ့ဝင်များ စေလွှတ်မည်

**ဝယ်လင်တန် ဖေဖော်ဝါရီ ၂၄**

အစ္စလာမ့်နိုင်ငံထူထောင်ရေး (အိုင်အက်စ်) စစ်သွေးကြွများအား ချေမှုန်းတိုက်ခိုက်နေသည့် အီရတ်တပ်ဖွဲ့ဝင်များကို စစ်ရေးလေ့ကျင့်မှုသင်တန်းများ ပို့ချပေးရန် နယူးဇီလန်နိုင်ငံက တပ်ဖွဲ့ဝင်များအား စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် နယူးဇီလန်တပ်ဖွဲ့ဝင်များအနေဖြင့် အိုင်အက်စ်တို့အား စစ်ရေးအရ တိုက်ခိုက်မှုများ၌ ပါဝင်မည်မဟုတ်ကြောင်း နယူးဇီလန်အစိုးရအဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

တပ်ဖွဲ့ဝင် ၁၄၃ ဦး ပါဝင်သော နယူးဇီလန် တပ်ဖွဲ့ဝင်များသည် ဩစတြေးလျနိုင်ငံမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ အီရတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်သွားမည်ဟု နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကီးက ပြောကြားသည်။

အီရတ်သို့ နယူးဇီလန်တပ်ဖွဲ့ဝင်များ စေလွှတ်ဖြန့်ကြက်ရေး ဆုံးဖြတ်မှုမှာ အလွယ်တကူ ဆုံးဖြတ်ခဲ့ခြင်း မဟုတ်သော်လည်း ယင်းသို့ ဆုံးဖြတ်ခဲ့ခြင်းမှာ မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်ကြောင်း နယူးဇီလန်လွှတ်တော်၌ ဝန်ကြီးချုပ် ဂျွန်ကီးက ပြောကြားသည်။ **ဘီဘီစီ။**

# အက်စ်ဆီးရီးယန်းခရစ်ယာန် ၉၀ ကျော်အား အိုင်အက်စ်တို့ ဖမ်းဆီးခေါ်ဆောင်



**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၄**

ဆီးရီးယား နိုင်ငံတွင် အိုင်အက်စ်စစ်သွေးကြွများက အက်စ်ဆီးရီးယန်းခရစ်ယာန်များနေထိုင်သည့် ရွာနှစ်ရွာကို ဝင်ရောက်စီးနင်းကာ ကလေးများအပါအဝင် ရွာသူရွာသား ၉၀ ကျော်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဆီးရီးယားနိုင်ငံ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဆိုသည်။

အိုင်အက်စစ်သွေးကြွများနှင့် ကာ့ဒ်တပ်များ ပိုင်းခြားအုပ်ချုပ်သည့် ဟာဆာကာစီရင်စုရှိ တယ်မာ့မြို့အပြင်ဘက်တွင် ယနေ့ အရုဏ်တက်အချိန်၌ စီးနင်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုများ အပါအဝင် ဆီးရီးယန်းကာ့ဒ်တပ်ဖွဲ့များက အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းနေခြင်းကြောင့် အိုင်အက်စ်တို့က တန်ပြန်သည့်အနေဖြင့် ရွာသားများအား ဖမ်းဆီးခေါ်ဆောင်သွားခြင်း ဖြစ်သည်။

ဟာဆာကာ စီရင်စုသည် တူရကီနိုင်ငံနှင့် အီရတ်နိုင်ငံအတွင်းရှိ အိုင်အက်စ်တို့ သိမ်းပိုက်ထားသော နယ်မြေများနှင့် ဧရိယာဆက်စပ်လျက်ရှိသည့်အတွက် တိုက်ခိုက်ရေးဆင်နွှဲရာတွင် မဟာဗျူဟာကျသည့်နေရာဖြစ်သည်။

၁၉၃၃ ခုနှစ်က အက်စ်ဆီးရီးယန်းခရစ်ယာန်များသည် အီရတ်နိုင်ငံတွင် ဖိနှိပ်ချုပ်ချယ်ခြင်းခံနေရသည့်အတွက် ပြင်သစ်အာဏာပိုင်များက ခါဘာမြစ်တစ်လျှောက်တွင် ၎င်းတို့အတွက် ရွာများတည်ထောင်ပေးခဲ့သည်။ အက်စ်ဆီးရီးယန်းအများစုသည် စစ်ဘေးရှောင်ရန်နှင့် အိုင်အက်စ်တို့ကဲ့သို့သော အကြမ်းဖက်သမားများ၏ရန်ကို ရှောင်ရှားရန် ဆီးရီးယားနိုင်ငံမှ ထွက်ခွာသွားကြောင်း ထင်မြင်ယူဆကြသည်။ ဆီးရီးယားနိုင်ငံရှိ အက်စ်ဆီးရီးယန်းလူဦးရေအများစုသည် ဟာဆာကာစီရင်စုတွင်နေထိုင်ကြပြီး အနည်းစုမှာ အက်လပို၊ဟိုမ်နှင့် ဒမတ်စကတ်မြို့များတွင် နေထိုင်ကြသည်။

အိုင်အက်စ်စစ်သွေးကြွများက ၎င်းတို့အား အစ္စလာမ်ဘာသာသို့ အတင်းအကျပ် ဘာသာပြောင်းခိုင်းသည်။ မပြောင်းပါက ဘာသာရေးစည်းကြပ်ငွေ ပေးဆောင်ရသည်။ ထိုသို့မဟုတ်လျှင် အသက်သေရမည်ဖြစ်သည်။

ယခု ဖမ်းဆီးခေါ်ဆောင်သွားသည့် ရွာသားများကို မည်သို့လုပ်ဆောင်မည်ဆိုသည်ကို မသိရသေးပေ။ ယခုလအစောပိုင်းတွင် အိုင်အက်စ်တို့က အီဂျစ်ခရစ်ယာန် ၂၁ ဦးအား ခေါင်းဖြတ်သတ်သည့် ဗီဒီယိုဖိုင်ကိုပြသခဲ့သည်။ **ဘီဘီစီ။**

# နှစ်သစ်ကူး အားလပ်ရက်ကာလအတွင်း ဟောင်ကောင်သို့ တရုတ်ခရီးသည်လာရောက်မှု ကျဆင်း

**ဟောင်ကောင် ဖေဖော်ဝါရီ ၂၄**

နှစ်သစ်ကူး အားလပ်ရက်ကာလအတွင်း တရုတ်ပြည်မကြီးမှ ဟောင်ကောင်သို့ အလည်အပတ်လာရောက်သူဦးရေသည် နှစ် ၂၀ ကာလအတွင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့ကြောင်း၊ ဟောင်ကောင်တွင် နိုင်ငံရေး မငြိမ်မသက်ဖြစ်မှု၏ အကျိုးဆက်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နှစ်သစ်ကူးပွဲတော်ကာလ အားလပ်ရက်၏ ပထမသုံးရက်တာ ကာလအတွင်း တရုတ်ပြည်မကြီးမှ ဟောင်ကောင်သို့ အလည်အပတ်လာရောက်သူဦးရေ သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဟောင်ကောင် ခရီးသွားလုပ်ငန်းကောင်စီ အမှုဆောင်ညွှန်ကြားရေးမှူး ဂျိုးဆက်တွန်းက ပြောကြားသည်။

ဟောင်ကောင်သို့ အလည်အပတ်လာရောက်သူ ဦးရေကျဆင်းမှုအတွက် မိမိတို့ စိုးရိမ်ပူပန်မိကြောင်း ၎င်းက ပြောကြားသည်။

တရုတ်ပြည်မကြီးမှ ဟောင်ကောင်သို့ အလည်အပတ်လာရောက်သူ ဦးရေမှာ လွန်ခဲ့သည့်နှစ်က သန်း ၄၀ ကျော် ရှိခဲ့သည်။ ခရီးသည်လာရောက်မှုများပြားခြင်းနှင့်အတူ ကုန်တိုက်ကြီးများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များနှင့် စတိုးဆိုင်များ ဝင်ငွေတိုးတက်ရရှိခဲ့သည်။

ဟောင်ကောင်တွင် လွန်ခဲ့သည့်နှစ်က ဒီမိုကရေစီလိုလားသော ဆန္ဒပြပွဲများ ဖြစ်ပွားခြင်းနှင့်အတူ နိုင်ငံရေးတင်းမာမှု ဖြစ်ပေါ်ခဲ့သည်။

**ပီတီအိုင်။**

## မဟာဓာတ်အားလိုင်းမှ ၂၄နာရီ လျှပ်စစ်မီး ရရှိရေး မြို့နယ်ကော်မတီကို ဖွဲ့စည်း

**ကလေး ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ၂၄ နာရီ ကျေးလက်မီးလင်းရေးအတွက် မြို့နယ်ကော်မတီကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၁ နာရီက မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမတွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

"ကလေးမြို့ကို မဟာဓာတ်အားလိုင်းကနေ ၂၄ နာရီ လျှပ်စစ်မီးက စက်တင်ဘာလဆိုရောက်မှာပါ။ ကလေး မြို့ကို ဓာတ်အားရောက်ပြီး မြို့ကို မီးလင်းတာနဲ့ ကျေးရွာတွေဆီကိုပါ တစ်ပါတည်းမီးလင်းနိုင်ဖို့ ရည်ရွယ်ပြီး ကော်မတီကိုဖွဲ့တာပါ "ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်ကပြောသည်။

"မဟာဓာတ်အားလိုင်းဖြတ်သွားတာက ကျေးရွာနဲ့ နီးတာပဲ ဖြတ်ဆွဲလိုက်မှာ ပေ့ါဆိုပြီး ထင်နေကြတယ်။ တကယ်လုပ်ရမှာကပင်မဓာတ်အားခွဲရုံကနေ တစ်ဆင့် ၆၆ ကေဗွီဓာတ်အားချရမယ်။ အဲဒီကမှ ၃၃ကေဗွီ ဓာတ်အားချရမယ်။ အဲဒီကနေမှ ကိုယ့်ဒေသကို ၁၁ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားသွယ်တန်းရမယ်။ ကျေးရွာတွင်းကို ဆွဲဖို့ဆိုရင် ၄၀၀ ဗို့အားကြိုးနဲ့ ဆွဲယူရမယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်ကဆက်လက် ရှင်းပြသည်။

ကလေးမြို့နယ်အနေဖြင့် အိမ်ခြေတစ်ထောင်ကျော်ရှိသောကျေးရွာများ မြောက်များစွာရှိပြီး မြို့ပေါ်တွင် အိမ်ခြေ ၂၂၀၀၀ ကျော်ရှိကာ မြို့၏တောင်ဘက်ပိုင်းတွင် ကျေးရွာအုပ်စု ၂၁ အုပ်စုနှင့် မြောက်ဖက်ပိုင်းတွင် ၂၀ အုပ်စု ရှိကြောင်းသိရသည်။

**လင်းလက်ကြယ်စင်**

## အင်းတော်မြို့နယ် နားနောင်ရွာမှ ဂျပန်အရာရှိတစ်ဦး၏ ရုပ်ကြွင်းအရိုးများကို ဂျပန်အရိုးကောက်အဖွဲ့များ လာရောက်သယ်ဆောင်

**အင်းတော် ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နားနောင်ကျေးရွာ ဦးကျားဘိုနေအိမ်သို့ ဖေဖော်ဝါရီ ၁၉ ရက်နံနက် ၁၁နာရီခန့်က Mr.Konuma Toshio ဦးဆောင်သော ဂျပန်အရိုးကောက်အဖွဲ့ရောက်ရှိကြောင်းသိရသည်။

အဆိုပါအဖွဲ့တွင် Mr.Konuma Toshio ရန်ကုန်တက္ကသိုလ်မနုဿဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာမြမြခင်နှင့် ဂျပန်ဧည့်လမ်းညွှန် ဦးစိုးဝင်းတို့ပါရှိကြောင်းသိရသည်။

၎င်းဂျပန်အရိုးရရှိခဲ့သည်မှာ ပြီးခဲ့သည့်၂၀၁၃ခုနှစ် မေ ၁၄ ရက်က နားနောင်ကျေးရွာ ဦးကျားဘိုနေအိမ်ခြံဝင်းအတွင်းရေတွင်းတူးဖော်ရာမှ ဂျပန်စစ်သားများကိုင်ဆောင်လေ့ရှိသော ဓားနှင့်ရုပ်ကြွင်းအရိုးစုတို့ ပူးတွဲရရှိထားသောအရိုးစုအား လာရောက်ကောက်ယူခြင်းဖြစ်ကြောင်းသိရသည်။

ယင်းအရိုးစုမှာ ဂျပန်စစ်သားအရာရှိတစ်ဦး၏ ရုပ်ကြွင်းအရိုးစုဖြစ်ကြောင်း အဆိုပါအဖွဲ့မှ အတည်ပြုပြောကြားခဲ့သည်။

အဆိုပါအရိုးစုကို ဦးကျားဘိုထံမှ ဂျပန်အရိုးကောက်အဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာတွင် အင်းတော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ မြို့နယ်စည်ပင်သာယာရေးကော်တီဥက္ကဋ္ဌ ဦးညွှန့်လှိုင်၊ မြို့နယ်အထောက်အကူပြုကော်မတီ ဦးတင်လှိုင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်း၊ အင်းတော်မြို့မရဲစခန်း ဒုရဲအုပ်သောင်းစိန်ထွန်းနှင့် အဖွဲ့တို့ကကူညီဆောင်ရွက်ပေးကြပြီး ဦးကျားဘိုနေအိမ်မှ အရိုးများကိုဂျပန်အရိုးကောက်အဖွဲ့မှ ညနေ ၃ နာရီခန့်တွင် သယ်ဆောင်သွားကြောင်း သိရသည်။ **မောင်ချစ်လင်း**



## အထူးကျေးဇူးတင်ရှိခြင်း

ဤနေရာ၊ ဤဒေသတွင် သဘာဝသယံဇာတများဖြစ်သည့် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားနှင့် ခဲမဖြူ အဖြိုက်နက်စသော သဘာဝသယံဇာတ များ ပေါကြွယ်ဝစွာ အမြောက်အမြားထွက်ရှိသည်။ သီးနှံစိုက်ပျိုးမြေများလည်း ဖြစ်ထွန်းအောင်မြင်သည်။ သို့သော် ဤနေရာ၊ ဤဒေသတွင် ကမ္ဘာဦးအစ ခေတ်ကာလအဆက်ဆက် ရှေးပဝေသဏီကတည်းက "ရေ" ရှားပါးသည်။ "ရေ" လုံးဝမရှိခဲ့ပါ။ ခေတ်အဆက်ဆက် မည်သို့ပင် နည်းမျိုးစုံဖြင့် ကြိုးစားရှာဖွေတူးဖော်ခဲ့ကြသော်လည်း "ရေ" မထွက်ပါ။

သို့သော် ဤနေရာ၊ ဤဒေသတွင် ယခုအခါ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားထက် ရှားပါးသော "ရေ" ကို တစ်မြို့လုံး၊ တစ်နယ်လုံး၊ ကျေးရွာများမကျန် ပေါများပြည့်လျှံစွာ အိမ်တိုင်ရာရောက်၊ အိမ်တိုင်းစေ့ လွယ်ကူအဆင်ပြေ စိတ်ချမ်းသာစွာ သုံးစွဲနိုင်ခဲ့ကြပြီဖြစ်သည်။

ခေတ်ကာလအဆက်ဆက် ဤနေရာ၊ ဤဒေသအတွက် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားထက် လွန်စွာတန်ဖိုးကြီးသော "ရေ" ကို လှိုင်လှိုင်ပေါများထွက်ရှိအောင် ခေတ်မီရေတူးစက်ကြီး(၅)စီးဖြင့် သက်ရင့်ဓာတ်သတ္တုကျောက်လွှာများအတွင်း ထိုးဖောက်၍ ပေပေါင်းမြောက်မြားစွာကို ခက်ခက်ခဲခဲ နေ့ညမအား အစွမ်းကုန် အားထုတ်တူးဖော်ပေးခြင်း၊ တစ်နယ်လုံးတွင် ရေလှောင်ကန်များတည်ဆောက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ တရားစခန်းများအထိအရောက် တူးဖော်ပေးခြင်း၊ စိတ်အေးချမ်းသာစွာဖြင့် "ရေ" ကို ပြည့်စုံလုံလောက်စွာ သုံးစွဲနိုင်အောင် စက်ရေတွင်းပေါင်းအမြောက်အမြားတူးဖော်ပေး၍ အိမ်တိုင်ရာရောက် လွယ်လင့်တကူသုံးစွဲနိုင်အောင် ဆောင်ရွက်ပေးခဲ့ခြင်းအတွက် နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံတော်အစိုးရ၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စက်အဖွဲ့သားများနှင့် အဘက်ဘက်မှ ကျေးဇူးတင် ထိုက်သူများအားလုံးကိုလည်းကောင်း၊ အထူးသဖြင့် ထူးကဲမွန်မြတ်လှသော ဤ "ရေ" အလှူကို ဦးဆောင်စီစဉ် လှူဒါန်းခဲ့သော ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးမိသားစုတို့အား အထူးပင်ကျေးဇူး ဥပကာရတင်ရှိပါကြောင်း အလေးအနက် မှတ်တမ်းတင်မော်ကွန်းရေးထိုးအပ်ပါသည်။

**"ရေအကျိုးဆယ်ပါး၊ မတောင်းဘဲပြည့်စေသောဝ်"**

ဆရာတော်နှင့် ဒါယိကာ ဒါယိကာမများ
ရွှေမြစည်းကျောင်း၊ ကံဦးကျောင်း၊ ကုန်းမဲဝိဇ္ဇာတောင်ကျောင်း၊
သဲကုန်းဘုန်းတော်ကြီးကျောင်း၊ ကျောက်ထပ် ဘုန်းတော်ကြီးကျောင်း၊
ဘော်ဆိုင်းမြို့ မြို့မိမြို့ဖများ၊ ဒေသခံ နယ်သူနယ်သားများနှင့် ကျေးရွာသူ ကျေးရွာသားများ၊
ရှမ်းပြည်တောင်ပိုင်း။

# ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာ စားပွဲ ဟားခါး မြို့တွင် ကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၂၄**

၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်မှ ယဉ်ကျေးမှုအဖွဲ့များနှင့် အရှိုချင်းယဉ်ကျေးမှုအဖွဲ့ဝင်များအား ချင်းပြည်နယ်အစိုးရအဖွဲ့မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၆ နာရီက ဟားခါးမြို့ခိုင်ကမ်းအားကစားရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော မြို့နယ်အသီးသီးမှ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး ယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ဂုဏ်ပြုညစာသုံးဆောင်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အမျိုးသမီးငယ်များအကြမ်းဖက်မှုမှ ကာကွယ်ရေး ဟောပြောပွဲ တောင်တွင်းကြီးမြို့နယ်တွင် ကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၄**

လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် အမျိုးသမီးငယ်များအကြမ်းဖတ်မှုမှ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဟောပြောပွဲကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉ နာရီက တောင်တွင်းကြီးမြို့နယ် အင်ကုန်းကျေးရွာ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းက လူမှောင်ခိုလူကုန်ကူးမှုတာဆီးကာကွယ်ရေးအကြောင်းသိကောင်းစရာများကို ဟောပြောခဲ့သည်။

ယင်းအပြင် အမျိုးသမီးငယ်များအကြမ်းဖတ်မှုမှကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အသိပညာများအား ဒေါ်စန္ဒာမောင်မောင်နှင့်ဒေါ်သီရီတင်တို့က ရှင်းလင်းဆွေးနွေးခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအား ဆေးဝါးနှင့်အာဟာရဖြည့်အစားအစာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သက်ကြီးဘိုးဘွားများအား ဆေးဝါးများ၊ အာဟာရဖြစ်စေသည့်အစားအစာများကို ပေးအပ်လှူဒါန်းခဲ့ကြပြီး သုံးမွှာပူးမိခင်ဒေါ်အေးအေးမာအားလူမှုဝန်ထမ်းဦးစီးဌာနမှထောက်ပံ့သော နို့မှုန့်ဘူးများနှင့် မြို့နယ်အသင်းမှ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်းသိရသည်။

**ကြေးမုံ**

# ကျောက်တံခါးမြို့နယ်တွင်မိရိုးဖလာဒေသသုံး ပုတ်များ နယ်လှည့်ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေရ

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာအုပ်စု ဇီးကုန်း ကျေးရွာမှထွက်ရှိသော မိရိုးဖလာပုတ်ရက်လုပ်ငန်းမှာ ထင်ရှားသည်။ မိသားစုတစ်ပိုင်တစ်နိုင်ဖြင့် ကျောက်တံခါးမြို့နယ်ဒေသတစ်ဝိုက်ရှိကျေးလက်ဒေသများသို့ နွားလှည်းဖြင့်ပုတ်များ ရောင်းချခြင်းကြောင့် စီးပွားရေးအဆင်ပြေလျက်ရှိကြောင်းသိရသည်။



"ကျွန်တော်တို့ဇီးကုန်းရွာမှာ လက်မှုလုပ်ငန်းဖြင့် အများဆုံးလုပ်ကိုင်ကြပါတယ်။ မိသားစုတစ်ပိုင်တစ်နိုင် ပုတ်များကို အရွယ်အစားအလိုက် ရက်လုပ်ကြပါတယ်။ ငါးဆယ်တင်းပုတ်၊ နှစ်ဆယ့်ငါးတင်းပုတ်၊ ဆယ့်နှစ်တင်းခွဲပုတ်နဲ့ခြောက်တင်းဆန့်သော ပုတ်မျိုးစုံရက်လုပ်ကြပါတယ်။ အခုအချိန်မှာ တောင်သူတွေ စပါးတလင်းပြီးပြီမို့ ဝမ်းစာစပါး၊ မျိုးစပါး၊ ပဲမျိုးစုံနဲ့ဆန်များထည့်ဖို့အတွက် တောင်သူတွေအများဆုံးဝယ်ယူကြပါတယ်။

ပုတ်တောင်းတွေရဲ့ ဈေးနှုန်းက အမျိုးမျိုးရှိပြီး ရောင်းဈေးမှာ စပါးငါးဆယ်တင်းပုတ်ကို ကျပ် ၈၀၀၀၊ စပါးနှစ်ဆယ့်ငါးတင်းပုတ်ကို ကျပ် ၅၀၀၀၊ ဆယ့်နှစ်တင်းခွဲပုတ်ကို သုံးထောင့်ငါးရာကျပ်နဲ့ခြောက်တင်းပုတ်ကို နှစ်ထောင်ကျပ်ဆိုပြီး ရောင်းချပါတယ်။ ဝယ်ယူသူတွေအနေနဲ့ ဝမ်းစာစပါး၊ ဆန်၊ ပဲ မထည့်မီ ပုတ်ကို နွားချေးနဲ့ ရေရောနယ်ပြီး ပုတ်ကိုသုတ်လိမ်းနေပူလှန်းရပါတယ်။ ခြောက်သွားပြီးဆိုပါက ကြိုက်နှစ်သက်ရာ ဆန်စပါးကအစ ထည့်လို့ရပြီး ပိုးကိုက်ခြင်း၊ ပိုးထိုးခြင်းမရှိလို့ တောင်သူတွေအနေနဲ့ မိရိုးဖလာသုံးပုတ်ကို အများဆုံးသုံးစွဲကြပါတယ်။

ကျွန်တော်တို့မိသားစု လှည်းပေါ်မှာ ပုတ်တွေတင်ပြီး ရွာကနေ မနက်အစောကြီးထွက်၍ နေ့ချင်းပြန် သို့မဟုတ် တစ်ညအိပ် နယ်လှည့်ရောင်းချရတာ ပျော်လည်းပျော်ပါတယ်။ မိသားစု စားဝတ်နေရေးအတွက်လည်း တွက်ခြေကိုက်လို့ အဆင်ပြေမှုရှိပါတယ်"ဟု ဇီးကုန်းရွာမှ နယ်လှည့်ပုတ်ရောင်းချသူ ဦးမောင်ဌေးမှပြောသည်။

**ခင်ကို(ကျောက်တံခါး)**

# ဂန့်ဂေါခရိုင်ဆောမြို့နယ် ကျေးလက်လူငယ်များ စွမ်းဆောင်ရည် မြှင့်တင်ရေးဆင့်ပွား သင်တန်းဖွင့်

**ဆော ဖေဖော်ဝါရီ ၂၄**

ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေး(ဆင့်ပွား)သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်နံနက်ပိုင်းက လောင်းရှည်မြို့ဈေးတန်းခမ္မာရုံ၌ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနား၌ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်က အမှာစကားပြောကြားခဲ့သည်။

သင်တန်းသို့ ကျေးရွာ ၄၆ ရွာမှ သင်တန်းသား၊သင်တန်းသူ ၂၂၂ ဦးတို့တက်ရောက်ကြကာ သင်တန်းကာလမှာ သုံးရက်ဖြစ်သည်။

ယင်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပေါ်ပေါက်လာပုံ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုလမ်း၊ တံတားပြုပြင် ဆောက်လုပ်ခြင်း၊ ရေပေးဝေရေး၊ လျှပ်စစ်မီးလင်းရေး စသည့်ဘာသာရပ်များကို မြို့နယ်ဦးစီးမှူး ဒေါက်တာဟာထန်းဘွေနှင့် တာဝန်ရှိသူများက ပို့ချဆွေးနွေးကြကြောင်း သိရသည်။ **(၄၆၅)**



# မြို့မဈေးကြီးအတွင်း မီးငြိမ်းသတ်ရေးလေ့ကျင့်

**သာစည် ဖေဖော်ဝါရီ ၂၄**

ပူပြင်းခြောက်သွေ့သောနွေရာသီရောက်ရှိလာပြီဖြစ်ရာမီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့်မီးလောင်မှုဖြစ်ပွားပါကအချိန်မီ မီးငြိမ်းသတ်နိုင်ရေး ကြိုတင်ပူးပေါင်းဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၂ရက် ညနေ ၃နာရီက မိတ္ထီလာခရိုင်သာစည်မြို့ မြို့မဈေးကြီးတွင် ကျင်းပပြုလုပ်ခဲ့သည်။

မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် ဈေးသူဈေးသားများပူးပေါင်းပြီး မီးငြိမ်းသတ်ရေးယာဉ်များ၊ မီးသတ်ဆေးဘူးများဖြင့် ကြိုတင်လေ့ကျင့်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးလှဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းနှင့် စည်ပင်သာယာရေးကော်မတီဝင်များက ကြီးကြပ်ခဲ့ကြကြောင်းသိရသည်။

**ထွန်းထွန်း(သာစည်)**

# ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကုန်းသာကျေးရွာ၌ ဖိုးပြည့်စုံဘဝတက္ကသီလာ တစ်ထပ်အဆောက်အအုံ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ပျော်ဘွယ် ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ကုန်းသာကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာ၌ ဖိုးပြည့်စုံဘဝတက္ကသီလာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်တွင်ကျင်းပခဲ့သည်။

စာကြည့်တိုက်အဆောက်အအုံသစ်ကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ ကုန်းသာကျေးရွာခွဲအုပ်ချုပ်ရေးမှူး ဦးလှိုင်မြင့်၊ စာကြည့်တိုက်အဆောက်အဦး အလှူရှင် ဦးဖိုးထောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး စာကြည့်တိုက်အလှူရှင် ဦးဖိုးထောင်က စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်စာကြည့်တိုက်အတွက် ပရိဘောဂနှင့်စာအုပ်စာစောင်များကို လှူဒါန်းကြရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးက သုတရသစာအုပ်များကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဖုန်းနိုင်က သုတရသစာအုပ်မျိုးစုံ ၁၁၀ အုပ်ကို လည်းကောင်း၊ ကုန်းသာကျေးရွာ ရွာဦးကျောင်းဆရာတော် အရှင်စန္ဒာဇောတိက ကျပ်နှစ်သိန်းတန်ဖိုးရှိ မှန်ဗီဒိုတစ်လုံးကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနန္တဂုဏ်ရည်စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ယောသိတနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒတို့က ကျပ်သုံးသိန်းတန်ဖိုးရှိ ပိဋကတ်သုံးပုံ စာအုပ်တစ်စုံကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်၊ အင်းကုန်းစက်မှုလယ်ယာမှ ဦးအောင်စိုး-ဒေါ်မြင့်မြင့်ဇော် မိသားစုက ကျပ်သုံးသိန်းတန်ဖိုးရှိ သုတရသစာအုပ်မျိုးစုံတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်အဆောက်အဦးမှာ အလျား ၁၈ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၂ ပေရှိ RC သွပ်မိုး တစ်ထပ်အဆောက်အအုံဖြစ်ကြောင်းသိရသည်။

ထိုသို့စာကြည့်တိုက်ဆောက်လုပ်ခြင်းကြောင့် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတများတိုးပွားစေမည်ဖြစ်ပြီး သာစည်မြို့နယ်၊ ဘုရားငါးဆူကျေးရွာနေ ဦးဖိုးထောင် ဒေါ်မြင့်မြင့်ဌေးမိသားစုက ကျပ်သိန်း ၃၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ကရင်ပြည်နယ်အတွင်းရှိစာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂၄**

ကရင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာစာကြည့်တိုက်များ၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးလုပ်ငန်းတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ရက်၊နံနက် ၉ နာရီ၌ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအစည်း အဝေးခန်းမတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်က နှုတ်ဆက်စကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းခဲ့သည်။


အဆိုပါစာကြည့်တိုက်မှူးဆွေးနွေးပွဲတွင် ဘားအံခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ စာကြည့်တိုက်တာဝန်ခံများ၊ ဘားအံမြို့နယ်နှင့် ဖာပွန်မြို့နယ်ရှိရပ်ကွက်၊ ကျေးရွာစာကြည့် တိုက်မှူးများ စုစုပေါင်း ၄၀ ဦးတက်ရောက်ကြပြီး စာကြည့်တိုက်ပညာဆိုင်ရာ မိတ်ဆက်ခြင်း၊စာကြည့်တိုက်ဖွဲ့စည်း ပျိုးထောင်ရေးနှင့် စီမံခန့်ခွဲခြင်း၊ စာအုပ်မျိုးတူစုအလိုက်ဘာသာရပ်ခွဲခြားခြင်း၊ စာအုပ်ငှားရမ်းစစ်ဆေးထိန်းသိမ်းခြင်း၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်မှု မြှင့်တင်ခြင်းနှင့်ကျေးရွာစာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နှစ်ရက်တာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

***ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။***

# လူလေးသို့ပေးစာများ –၃

မြ သန်း တင့်






**ဗုဒ္ဓဟူးနေ့။**

**လူလေး**

လွန်ခဲ့တဲ့ တနင်္ဂနွေနေ့တုန်းက မစ္စတာဘိုဒင်ရဲ့ အိမ်မှာ မင်းပြောဆိုဆက်ဆံပုံတွေ ကောင်းတဲ့အတွက်ချီးမွမ်းတာကို ခံထိုက်ပါပေတယ်။ ပြီးတော့မင်းဒီလိုနေထိုင်တာကိုမြင်လိုက်ရတော့ လိမ္မာယဉ်ကျေးခြင်းနဲ့ ပတ်သတ်တဲ့ စည်းကမ်းတချို့တလေကိုလည်း ဖေဖေပြောချင်လာတယ်။ ဒီစည်းကမ်းတွေကို မင်းလိုက်နာလိမ့်မယ်လို့လည်းဖေဖေ ယုံကြည်တယ်။

လူအများရဲ့ အထင်ကြီးလေးစားမှု၊ ချစ်ခင်မြတ်နိုးမှုကို ခံချင်ရင် ပညာရှိဖို့လိုသလို သမာဓိနဲ့ သီလလည်းရှိဖို့ လိုတယ်။ လူတောထဲမှာ၊ စကားဝိုင်းမှာ မင်းကိုသဘောကျပြီး ဆီးကြိုစေချင်ရင် ယဉ်ကျေးသိမ်မွေ့မှုနဲ့ လိမ္မာယဉ်ကျေးခြင်းတို့ရှိဖို့လည်း အလားတူလိုအပ်တယ်။ သီလ၊ သမာဓိ၊ ပညာစတဲ့ကြီးကျယ်တဲ့ အရည်အချင်းတွေဟာ သာမန်လူတွေ အထက်မှာရှိတယ်။ သာမန်လူများဟာ ဒီအရည်အချင်းတွေကို ပိုင်လည်းမပိုင်ကြဘူး။ သူများတွေမှာရှိရင်လည်း အကဲမဖြတ်တတ်ကြဘူး။ ဒါပေမယ့် ယဉ်ကျေးသိမ်မွေ့ခြင်း၊ နှစ်လိုဖွယ်ကောင်းခြင်း၊ အလိုက်သိတတ်ခြင်း၊ ရည်မွန်စွာ ပြောဆိုဆက်ဆံတတ်ခြင်းစတဲ့ အငယ်စားအရည်အချင်းကလေးတွေနဲ့ ပတ်သက်လာရင်တော့ သာမန်လူတွေဟာ တရားသူကြီးများဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအရည်အချင်းတွေမှာ ကောင်းတဲ့အကျိုးသက်ရောက်မှုတွေရှိပြီး လူ့အဖွဲ့အစည်းကြီးကို သက်တောင့်သက်သာဖြစ်အောင်၊ ကျေနပ်စရာကောင်းအောင် လုပ်ပေးတယ်ဆိုတာကိုသူတို့သဘောပေါက်ကြလို့ပဲ။

လိမ္မာယဉ်ကျေးခြင်း ရှိသင့် မရှိသင့်ကို နေရာတော်တော်များများမှာ စဉ်းစားဉာဏ်နဲ့ ဆုံးဖြတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့အရာတွေဟာ အချိန်တစ်ချိန်မှာ လူတစ်ယောက်အတွက် ယဉ်ကျေးတယ်လို့မြင်နေပေမယ့် အခြားအချိန်တစ်ချိန်မှာ အခြားလူတစ်ယာက်အဖို့ တစ်မျိုးမြင်နေတတ်လို့ပဲ။ ဒါပေမယ့် ဘယ်နေရာပဲဖြစ်ဖြစ် အမြဲမှန်နေတဲ့ လိမ္မာယဉ်ကျေးခြင်းနဲ့ ပတ်သတ်တဲ့ ယေဘုယျစည်းကမ်းတွေတော့ ရှိတယ်။ ဥပမာအားဖြင့် လူတစ်ယောက်နဲ့ စကားပြောရင် သူ့ရဲ့ဂုဏ်သိက္ခာ၊ အဆင့်အတန်း၊ အသက်အရွယ်ကို လိုက်ပြီးဟုတ်ကဲ့ခင်ဗျာ၊ မဟုတ်ပါဘူးခင်ဗျာ စသည်ဖြင့် ခင်ဗျာထည့်သုံးရမယ်။ ဒီလို မသုံးဘဲ ဟုတ်ကဲ့၊ မဟုတ်ဘူး စသဖြင့်တုံးတိကြီး ပြောတာမျိုးဟာ ဘယ်ချိန်ဘယ်နေရာမှာပဲဖြစ်ဖြစ် ရိုင်းပျရာရောက်တယ်။ ပြင်သစ်စကားမှာ ဟုတ်ကဲ့ မွန်စီယာ၊ ဟုတ်ကဲ့မဒမ်၊ ဟုတ်ကဲ့မတ်မွိုင်ဇယ်စသဖြင့် သုံးသလိုပေါ့။ ပြင်သစ်စကားမှာ အိမ်ထောင်ရှိတဲ့ အမျိုးသမီးကို မဒမ်လို့ သုံးပြီး၊ အိမ်ထောင်မရှိတဲ့ အမျိုးသမီးကို မတ်မွိုင်ဇယ်လို့ သုံးတာကိုတော့မင်းသိပြီး ဖြစ်မှာပေါ့။

လူတွေက ကိုယ့်ကိုစကားလာပြောရင်ထိုက်သင့်တဲ့ အာရုံဝင်စားမှုကိုမပြတာ၊ ယဉ်ကျေးတဲ့အဖြေကို မပေးတာဟာလည်း အလွန်ရိုင်းတယ်။ ကိုယ့်ကို စကားပြောနေတုန်းမှာ တခြားကိုထသွားတာ၊ ဒါမှမဟုတ် ဒီပြင်အလုပ်တစ်ခုကို ကောက်လုပ်နေတာမျိုးဟာလည်း အလွန်ရိုင်းတယ်။ ဒီလိုလုပ်လိုက်တော့ တစ်ဖတ်သားက သူ့ကိုအထင်သေးလို့ လုပ်တာလို့ ထင်သွားနိုင်တယ်။ သူပြောတဲ့စကားဟာ နားထောင်လောက်အောင်တန်ဖိုးမရှိလို့၊ ပြန်ဖြေရလောက်အောင်တန်ဖိုးမရှိလို့ ဒီလိုလုပ်တာလို့ထင်သွားနိုင်တယ်။ ပြီးတော့အခန်းထဲမှာ ကိုယ့်က အကောင်းဆုံးနေရာမှာ ဝင်ထိုင်တာ၊ ထမင်းစားပွဲမှာဘယ်သူမှမစားခင် ကိုယ်ကြိုက်တဲ့ အစားအစာကိုဇွတ်ခနဲ ကောက်စားလိုက်တာ၊ တခြားဘယ်သူတွေဘာဖြစ်နေနေ ဂရုမစိုက်တဲ့ပုံမျိုးနဲ့ ဘယ်သူ့ကိုမှဦးစားမပေးဘဲ ကိုယ်ကအရင်ကောက်စားလိုက်တာမျိုးဟာလည်း အလွန်ရိုင်းတယ်ဆိုတာ ဖေဖေပြောစရာတောင် မလိုဘူးထင်တယ်။ စားသောက်ရာမှာ ဒီလို မလုပ်သင့်ဘူး။ ကိုယ်နဲ့အတူ ရှိနေသူတွေ အဆင်ပြေရေးကို တတ်နိုင်သမျှ ဦးစားပေးရမယ်၊ လိမ္မာယဉ်ကျေးခြင်းဆိုတာ တမင်လုပ်ယူတာမျိုး မဖြစ်စေရ၊ သက်တောင့်သက်သာပဲလွယ်လင့်တကူနဲ့ယဉ်ကျေးတာမျိုးဖြစ်ရမယ်။ လူကြီးလူကောင်းတစ်ယောက်ရဲ့ အမူအရာမျိုးနဲ့ ယဉ်ကျေးတာမျိုးဖြစ်ရမယ်။ဒီနေရာမှာပြင်သစ်လူမျိုးတွေကို လေ့လာသင့်တယ်။

ရှက်တတ်ကြောက်တတ်တာနဲ့ပတ်သက်လို့ပြောရဦးမယ်။ အမှန်ကိုလုပ်ဖို့ ဘယ်တော့မှ ရှက်ကြောက်ခြင်းမရှိပါနဲ့။ ဒါကို အမြဲသတိရပါ။ ကိုယ်က လိမ္မာယဉ်ကျေးခြင်းမရှိဘူးဆိုရင်တော့ အလွန်ရှက်စရာကောင်းတယ်။ ဒါပေမယ့် ကိုယ်က ယဉ်ကျေးတယ်ဆိုရင် ဘာဖြစ်လို့ ရှက်ရမှာလဲ။

ဘာကိုရှက်ကြောက်နေရမှာလဲ။ ဘယ်နှစ်နာရီထိုးပြီလဲလို့လာမေးတာမျိုးကို ကိုယ်က အလွယ်တကူ၊ သဘာဝကျကျ၊ ယဉ်ယဉ်ကျေးကျေးနဲ့ မဖြေနိုင်စရာဘာအကြောင်းရှိသလဲ။ဒီလိုရှက်ကိုးရှက်ကန်း ဖြစ်တာမျိုးကိုပြင်သစ်တွေက "သနားစရာအရှက်" လို့ မှန်မှန်ကန်ကန်ပဲ နာမည်ပေးထားကြတယ်။ ဒီလိုရှက်ကိုးရှက်ကန်းဖြစ်နေတာဟာ လူဖျင်းလူညံ့တစ်ယောက်ရဲ့ သိသာထင်ရှားတဲ့လက္ခဏာတစ်ခုပဲ။ အင်္ဂလိပ်လူဖျင်းလူညံ့တစ်ယောက်ဟာ ရည်မွန်တဲ့လူများနဲ့တွေ့ရင် ဒီလိုပဲစကားပြောရမှာကို သေမလောက်ကြောက်တယ်မဟုတ်လား။ မရှောင်သာလို့စကားပြောရရင်လည်း မျက်နှာတွေနီမြန်းထူပူပြီး အထစ်ထစ်အငေါ့ငေါ့နဲ့စကားကို လေလုံးကွဲအောင်မပြောတတ်တော့ဘူး။ သူ့တစ်ပါးရယ်မှာကို အခြေအမြစ်မရှိဘဲကြောက်နေပုံကိုကြည့်ရတာကိုက ရယ်စရာကောင်းနေပြီ။ ဒါပေမယ့် လိမ္မာယဉ်ကျေးသူတစ်ယောက်ကတော့ ကမ္ဘာပေါ်မှာ တန်ခိုးအကြီးဆုံး ဘုရင်ဧကရာဇ်နဲ့တွေ့ရင်လည်း မင်းနဲ့စကားပြောနေသလို ကြောက်လန့်မှုမရှိဘဲ အေးအေးဆေးဆေး လွယ်လွယ်ကူကူနဲ့ စကားပြောမှာပဲ။

ဒီတော့ ယဉ်ကျေးသိမ်မွေ့ခြင်း၊ သက်တောင့်သက်သာ သဘာဝကျကျယဉ်ကျေးသိမ်မွေ့ခြင်း (ဒါကို လိမ္မာယဉ်ကျေးတယ်လို့ ခေါ်ကြတယ်။) ဟာ အပေါင်းအဖော်များရဲ့ ချစ်ခင်ခြင်း၊ ကောင်းစွာ ဆီးကြိုခြင်းကို ခံရတဲ့တစ်ခုတည်းသော နည်းလမ်းဖြစ်တယ်။ ရိုင်းပျခြင်း၊ ရိုင်းစိုင်းခြင်းဟာ သည်းမခံနိုင်စရာကောင်းပြီး အပေါင်းအသင်းများရဲ့ ဖဲကြဉ်ခြင်းခံရတဲ့နည်းဖြစ်တယ်။ ရှက်ကိုးရှက်ကန်းဖြစ်ခြင်းဟာလည်း လူရယ်စရာကောင်းတယ်။ ဒါတွေကို မင်းကောင်းကောင်းသတိရပါ။ ဖေဖေ ပြောတဲ့အချက်တွေကို ဂရုစိုက်ပြီး လက်တွေ့လည်း လိုက်နာလိမ့်မယ်လို့ဖေဖေ ယုံကြည်တယ်။ ဒါကြောင့်မို့ မင်းကြီးပြင်းလာရင်မင်းဟာ အင်္ဂလန်ပြည်က မင်းရွယ်တူတွေမှာ အကောင်းဆုံး အတော်ဆုံးကျောင်းသားနဲ့ အလိမ္မာအယဉ်ကျေးဆုံး သူငယ်တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ဖေဖေယူဆတယ်။ အာဒီးယူး။

❑ ❑ ❑

**ဇူလိုင် ၂၅ရက်၊ ၁၇၄၁။**

**လူလေး**

အတင်းကျပ်ဆုံးနဲ့ အဖြောင့်မှန်ဆုံးသော သမာဓိနှင့် သီလတို့ ရှိမှသာလျှင် လူ့အသိုင်းအဝိုင်းရဲ့ လေးစားတန်ဖိုးထားခြင်းခံရတယ်။ လုပ်ရည်ကိုင်ရည်နှင့် ကြံရည်ဖန်ရည်ရှိမှသာလျှင် အသိုင်းအဝိုင်းရဲ့ ချစ်ခင်မြတ်နိုးမှုနဲ့ ကောင်းချီးသြဘာပေးခြင်းတို့ကို ခံရတယ်။ ဒါပေမဲ့ ကိုယ်ရေးကိုယ်တာဘဝမှာတော့ အငယ်စားအရည်အချင်းကလေးတွေရှိဖို့ လိုကို လိုအပ်တယ်။ ဒီလိုရှိမှမင်းကို အများက နှစ်သက်ကြလိမ့်မယ်၊ ချစ်ခင်ကြလိမ့်မယ်၊ ပေါင်းသင်းကြလိမ့်မယ်။ ဒီအကြောင်းကို ဖေ့ဖေ့ အရင်စာတွေထဲမှာ ရေးခဲ့ပြီးပြီ။ အဲဒီအငယ်စားအရည်အချင်းကလေးတွေထဲမှာ လိမ္မာယဉ်ကျေးမှုကတော့ အဓိကအကျဆုံးဖြစ်ပြီး အလိုအပ်ဆုံးလည်းဖြစ်တယ်။ ဒီအရည်အချင်းဟာ သူ့ပင်ကိုယ်အားဖြင့် အရေးကြီးရုံမျှသာ မဟုတ်ဘူး။ စိတ်ဓာတ်နဲ့ နှလုံးသားကိုလည်း အရောင်အဝါ ထွက်အောင်လုပ်ပေးတယ်။

လိမ္မာယဉ်ကျေးတဲ့ အကြောင်းကို အရင်တုန်းက ဖေဖေရေးခဲ့ဖူးပြီ။ ဒါကြောင့်မို့ ဒီစာမှာတော့ လိမ္မာယဉ်ကျေးမှုဆိုတဲ့ အရည်အချင်းပြီးရင် နောက်ထပ်လိုအပ်တဲ့ အရည်အချင်းတစ်ခုအကြောင်းကို ရေးလိုက်မယ်။

အဲဒီ အရည်အချင်းကတော့ ရည်မွန်ပျော့ပျောင်းတဲ့ အပြုအမူနဲ့ အနေအထိုင်ဖြစ်တယ်။ ကိုးရိုးကားရားဟန်တွေ၊ မကောင်းတဲ့အကျင့်တွေ၊ အချိုးမကျဖြစ်တာတွေ လုံးဝမရှိတာမျိုးဖြစ်တယ်။ ဉာဏ်ပညာရှိပြီး အထက်တန်းကျပါတယ်ဆိုတဲ့ လူတော်တော်များများရဲ့ အပြုအမူမှာတောင် ဒီချွတ်ယွင်းချက်တွေရှိနေတယ်။ ရည်မွန်တဲ့ အပြုအမူဟာ ဘာမှ အရေးမကြီးဘူးလို့ ထင်ရပေမယ့် ပေါင်းသင်းဆက်ဆံရေး၊ အထူးသဖြင့် အမျိုးသမီးများနဲ့ ပေါင်းသင်းဆက်ဆံရေးမှာ တစ်ဖက်သားကို ကျေနပ်စေတဲ့အတွက် အလွန်အရေးကြီးတယ်။ ရည်မွန်ခြင်းမရှိဘဲ အချိုးမကျ၊ ကိုးရိုးကားရားနိုင်လှတဲ့အတွက် တွေ့တွေ့ချင်း အထင်သေးခံရ၊ မနှစ်သက်ခြင်းခံရတဲ့ လူတော်တော်များများကို ဖေဖေတွေ့ဖူးတယ်။ သူ့မှာ ဘယ်လောက်ကောင်းတဲ့ တခြားအရည်အချင်းတွေရှိသည့်တိုင် ဒီတစ်ချက်တည်းနဲ့ အထင်ကြီးခြင်းမခံရတော့ဘဲဖြစ်သွားရတယ်။ ရည်မွန်တဲ့ အပြုအမူကြောင့် လူတွေကိုယ့်ဘက်ပါလာကြတယ်။ ကိုယ့်ဘက်ကို တိမ်းညွတ်လာကြတယ်။ ကိုယ့်ကို ခင်မင်နှစ်သက်လာကြတယ်။

ကိုးရိုးကားရားနိုင်တယ်ဆိုတာ အကြောင်းနှစ်ခုကနေပေါ်လာတာဖြစ်တယ်။ တစ်ခုကတော့ ကောင်းမွန်တဲ့ အပေါင်းအသင်းမျိုး မရှိခဲ့လို့ဖြစ်ပြီး နောက်တစ်ခုကတော့ ကိုးရိုးကားရားမဖြစ်အောင် အာရုံမစိုက်လို့ဖြစ်တယ်။ ကောင်းမွန်တဲ့ အပေါင်းအသင်းရှိဖို့ကတော့ ဖေဖေက ဖန်တီးပေးရမှာပေါ့။ မင်းအနေနဲ့ သူတို့ရဲ့အနေအထိုင်၊ အပြောအဆိုတွေကို ဂရုစိုက်လေ့လာမှတ်သားပြီး ကိုယ်ပိုင်ရည်မွန်မှုရှိလာအောင် လုပ်ယူရလိမ့်မယ်။ အာရုံစိုက်ဖို့ဆိုတာကတော့ အခြားသောကိစ္စများမှာ လိုအပ်သလို ဒီနေရာမှာလည်း အာရုံစိုက်ဖို့ အထူးလိုအပ်တယ်။ အာရုံစိုက်မှုမရှိတဲ့ လူတစ်ယောက်ဟာ ဒီကမ္ဘာလောကကြီးမှာ အသက်ရှင်နေထိုင်ဖို့ မသင့်ဘူး။ ကိုးရိုးကားရားနိုင်တဲ့ လူတစ်ယောက် အခန်းထဲကို ဝင်လာရင် လွယ်ထားတဲ့ ဓားရှည်က ခြေထောက်ထဲ ရောက်သွားလို့ ခြေထောက်နဲ့ ဓားလွယ်တိုက်မိပြီးလဲကျမယ်။ ဒါမှမဟုတ်ရင်လည်း အနည်းဆုံးဒယီးဒယိုင်ဖြစ်သွားမယ်။ သတိရလို့ ကိုယ့်ကိုယ့်ပြန်ထိန်းလိုက်ပြီးတဲ့နောက်မှာလည်း အခန်းထဲမှာ ကြို့တို့ကြောင်တောင်နဲ့ ဟိုသွားဒီသွား လျှောက်သွားပြီး မထိုင်ရမယ့်နေရာမှာ သွားထိုင်မယ်။ ထိုင်မယ်အလုပ်မှာ ခေါင်းက ဦးထုပ်က ကျွတ်ကျမယ်။ ဦးထုပ်ငုံ့ကောက်နေတုန်းမှာ လက်ကကိုင်လာတဲ့ ကြိမ်တုတ်က လွတ်ကျသွားပြန်ရော။ ဒါနဲ့ ကြိမ်တုတ်ကို ပြန်ကောက်တော့ ခေါင်းမှာ ဆောင်းထားတဲ့ဦးထုပ်ကဒုတိယအကြိမ် ကျွတ်ကျပြန်ရော။ ဒီလိုနဲ့ ဆယ့်ငါးမိနစ်လောက် ကုန်းလိုက်ကွလိုက်နဲ့ အလုပ်များနေပြီးမှပဲ နေသားတကျ ဖြစ်တော့တယ်။ ကော်ဖီတို့၊ လက်ဖက်ရည်တို့ သောက်ပြန်ရင်လည်း အပူကြီးကို ကောက်သောက်လိုက်လို့ လျှာအပူလောင်ပြန်ရော။ လျှာအပူလောင်တော့ယောင်ပြီး လက်ဖက်ရည်ပန်းကန်လုံးဖြစ်ဖြစ်၊ ပန်းကန်ပြားဖြစ်ဖြစ် လွတ်ကျသွားတယ်။ ဒီတွင် လက်ဖက်ရည်တွေ၊ ကော်ဖီတွေ ဘောင်းဘီပေါ်မှာ ဖိတ်ကုန်တယ်။ အဲ. . . ညစာစားပြီးလျှောက်ဆိုရင်တော့ ပိုပြီးအလုပ်များ လာတဲ့အတွက် သူ့အခြေအနေက ပိုလို့တောင်ဆိုးလာသေးတယ်။ ဓားတို့၊ ဇွန်းတို့၊ ခက်ရင်းတို့ ကိုင်တာကလည်းသူများနဲ့ မတူ ကိုးရိုးကားယားလျှောက်ကိုင်။ ဓားနဲ့ ကော်စားလို့ အာခေါင်ကို ထိုးမိ၊ ခက်ရင်းနဲ့ သွားကြားထိုး၊ ဇွန်းနဲ့စားတော့လည်း ဇွန်းက ပါးစပ်ဆီမရောက်ဘဲ အကြိမ်နှစ်ဆယ်လောက် လည်ပင်းဆီရောက်သွား၊ နောက်ပန်းကန်ပြားထဲ ပြန်ထည့်တာမျိုးတွေဖြစ်တတ်တယ်။

အသားလှီးပြန်တော့လည်း အသားကို မလှီးမိဘဲ အရိုးကြီး သွားလှီးမိလို့ ပန်းကန်ကြားထဲက ဆော့စ်တွေ အနားက လူတွေကို လျှောက်စဉ်ကုန်တယ်။ လက်သုတ်ပဝါကို ကြယ်သီးပေါက်ထဲ ထိုးထည့်ထားလို့ မေးအဖျားကိုလာကလိ။ မေးမှာ အဆီတွေ၊ ဟင်းချိုရည်တွေက ပေလို့၊ ရေသောက်တော့လည်း ဖန်ခွက်ထဲမှာ ချောင်းဆိုးလိုက်လို့ အနားက လူတွေကို ရေတွေစဉ်ကုန်ရော။ ပြီးတော့ သူ့မှာ ထူးဆန်းတဲ့ အမူအရာတွေ၊ အကျင့်တွေကလည်း ရှိသေးတယ်။ နှာခေါင်းကို ရှုံ့ချီပွချီလုပ်တာ၊ မျက်နှာကို မဲ့တာရွဲ့တာ၊ နှာခေါင်းကို လက်နဲ့နှိုက်တာ။ လက်ကိုင်ပဝါကို နှပ်ညစ်ပြီး လက်ကိုင်ပဝါကို ဖြန့်ကြည့်တာ။ ဒီတော့ အနားမှာနေတဲ့လူ ဘယ်လောက် စိတ်ပျက်လိုက်မလဲ စဉ်းစားသာ ကြည့်ပေတော့။ ဒီအထဲမှာ လက်ကလည်း တမှောင့်။ လက်ထဲမှာ ကိုင်စရာမရှိရင် လက်ကို ဘယ်ထားရမှန်း မသိဖြစ်နေပြီး ဟိုထားရမလိုလို သည်ထားရမလိုလိုနဲ့။ တစ်ခါတလေ လက်က ဘောင်းဘီခွကြားကို ရောက်သွားလိုရောက်၊ ရင်ဘတ်ဆီကို တက်လာလိုလာနဲ့။ ပြီးတော့ အဝတ်အစားဝတ်တာကလည်း မသပ်မရပ်။ ချုပ်ပြောရရင် သူက တခြားသူတွေနဲ့ နည်းနည်းလေးမှ မတူဘဲဖြစ်နေတယ်။ ဟုတ်ပါတယ်။ ဒီလိုနေတာဟာ ရာဇဝတ်မှုဖြစ်တယ်လို့တော့ ဖေဖေမပြောလိုပါဘူး။ ဒါပေမဲ့ လူတောထဲမှာတော့ တော်တော်စိတ်ပျက်စရာ လည်းကောင်း၊ ရယ်စရာလည်းကောင်းတဲ့ အပြုအမူပဲ။ လူတွေရဲ့ ချစ်ခင်နှစ်လိုခြင်းကို ခံလိုသူများ အဖို့တော့ ဒီအရာတွေကို သတိထားပြီးရှောင်သင့်တယ်။

❑ ❑ ❑

**လူလေး**

မင်းမလုပ်သင့်တဲ့အရာတွေကို ဖတ်ကြည့်ခြင်းပြီးတဲ့နောက် မင်းလုပ်သင့်တဲ့ အရာတွေကို မင်းသိလောက်ရောပေါ့။ လောကကြီး အကြောင်းကို ကောင်းကောင်းသိတဲ့ နေတတ်ထိုင်တတ်သူများရဲ့ အပြုအမူ၊ အနေအထိုင်တွေကို အသင့်အတင့် အာရုံစိုက်လိုက်ရင်မင်းလည်းအကျင့်ဖြစ်သွားပြီး နေတတ်ထိုင်တတ် ဖြစ်သွားမှာပါပဲ။

အလားတူပဲ ခွကျတဲ့ အနေအထိုင်တွေကို ရှောင်သင့်သလိုခွကျတဲ့ အမူအရာတွေ၊ အပြောအဆိုတွေကိုလည်း သတိထားပြီး ရှောင်သင့်တယ်။ ဥပမာအားဖြင့် မှားတဲ့ အင်္ဂလိပ်စကားကို ပြောတာ၊ အသံထွက်မှားတာ၊ ဆိုရိုးစကားကို ပြောတာ၊ ဆီသည်မ လက်သုတ်ဖတ်လိုဖြစ်နေတဲ့ စကားပုံတွေကို သုံးတာစသည်တို့ဟာ အောက်တန်းကျပြီး ညံ့ဖျင်းတဲ့ အပေါင်းအသင်း၊ အသိုင်းအဝိုင်းက လာတယ်ဆိုတာ သက်သေပြနေတဲ့ အထောက်အထားတွေပဲ။ ဥပမာ တစ်ယောက်နဲ့ တစ်ယောက်အကြိုက်ချင်း မတူကြဘူး။ လူတိုင်းမှာ အကြိုက်တစ်မျိုးစီ ရှိကြတာပဲလို့ ပြောမယ့် အစားမင်းက စကားပုံတစ်ခုသုံးပြီး ပြောတယ်ဆိုပါစို့။အဲဒီလိုပြောတဲ့အခါမှာ တစ်ယောက်ရဲ့အသားဟာ တစ်ယောက်အဖို့ အဆိပ်ဖြစ်တယ်ဆိုတာမျိုး၊ ကိုယ်ကြိုက်ရင်ဘာဖြစ်သလဲ၊ ကိုယ့်နွားမကို ကိုယ်ငုံ့နမ်းတော့ကော ဘာအရေးလဲလို့ပြောတာမျိုးတွေ။ ဒီလိုစကားပုံတွေကို သုံးရင် မင်းဟာ အိမ်စေသူငယ်တွေနဲ့ အိမ်စေမကလေးတွေလောက်ပဲ အပေါင်းအသင်းရှိတဲ့လူမျိုးလို့ ထင်မှတ်မှားသွားနိုင်တယ်။ အာရုံစိုက်လိုက်ရင် ဒီအရာတွေဟာ ပျောက်သွားနိုင်တယ်။ အာရုံစိုက်မှုမရှိဘဲ ဘာမျှမပြီးမြောက်နိုင်ဘူး။ အာရုံစိုက်မှုမရှိခြင်းဟာ အတွေးအခေါ် မရှိခြင်းနဲ့ အတူတူပဲ။ အာရုံစိုက်မှု မရှိခြင်းဟာ မိုက်မဲမှု၊ သို့မဟုတ် ရူးသွပ်မှုနဲ့ အတူတူပဲ။ မင်းဟာ အရာရာမှာ အာရုံစိုက်ရမယ်။ အာရုံစိုက်ရမယ်ဆိုရာမှာလည်း မြန်မြန်အာရုံစိုက်တာမျိုး ဖြစ်ရမယ်။ တစ်ခဏကလေးအတွင်းမှာ အခန်းထဲမှာရှိတဲ့ လူတွေအားလုံးကို သတိပြုမိပြီးသားဖြစ်ရမယ်။ သူတို့ရဲ့လှုပ်ရှားဟန်တွေ၊ သူတို့ရဲ့ အမူအရာတွေ၊ သူတို့ရဲ့ စကားလုံးတွေကို သတိပြုမိပြီးသား ဖြစ်ရမယ်။ ဒါပေမယ့် ဒီလိုသတိပြုတဲ့နေရာမှာ သူတို့ကို စိုက်ကြည့်တာမျိုး၊ သူတို့ကို အကဲခတ်တာမျိုး မဖြစ်စေရဘူး။ ဒီလိုလျင်မြန်စွာ လူသူသတိမပြုမိဘဲ သတိပြုတတ်ခြင်းဟာ လူ့ဘဝမှာ အလွန်အကျိုးရှိတယ်။ ဒီလိုသတိပြုတတ်အောင် ဂရုစိုက်ကျင့်ယူရမယ်။ ဒီလိုမဟုတ်ဘဲနမော်နမဲ့ဖြစ်တာ၊ ယောင်တီးယောင်နဖြစ်တာ၊ အာရုံစိုက်မှုမရှိတာမျိုးဟာ လူတစ်ယောက်ကို အရူးတစ်ယောက်၊ အန္ဓတစ်ယောက်နဲ့ အလားသဏ္ဌာန်တူစေတယ်။ ဖေဖေရဲ့အမြင် ပြောရရင်တော့ လူရူးနဲ့ လူအန္ဓဟာ အတူတူပဲ။ဘာမှ ကွဲပြားခြားနားခြင်းမရှိဘူး။ လူအန္ဓတစ်ယောက်ဟာ ဘယ်တော့မှ အတွေးအခေါ်မရှိသူဖြစ်ပြီး လူရူးတစ်ယောက်ကတော့ အတွေးအခေါ်ပျောက်ဆုံးသွားသူဖြစ်တယ်။ သတိမရှိတဲ့လူ၊ နမော်နမဲ့နိုင်တဲ့လူဟာလည်း အဲဒီအခိုက်အတန့်မှာတော့ အတွေးအခေါ်မရှိတဲ့လူသာဖြစ်တယ်။

အာဒီးယူ။ နောက်စာရေးရင် ပါရီလိပ်စာနဲ့ရေးပါ။ ဖေဖေပြန်လာရင် မျှော်လင့်ထားတဲ့ တိုးတက်မှုမျိုးကို တွေ့ရအောင် ကြိုးစားပါ။

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**



ရေဝတီတိုင်းဒေသကြီး–ငါးသိုင်းချောင်းမြို့နယ်ရှိ စတုတ္ထတန်းနှင့်အဋ္ဌမတန်းအစိုးရစစ်အတန်းတင်စာမေးပွဲကို မြန်မာတစ်နိုင်ငံလုံး နည်းတူ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းမှစတင်၍ အထက၊ အထက(ခွဲ)၊ အလကတို့၌ ဖြေဆိုလျက်ရှိသည်။ "ကျွန်တော်တို့ငါးသိုင်းချောင်း အထကမှာ ဝင်ရောက်ဖြေဆိုသူ စတုတ္ထတန်းမှာ ဦး ၅၀၀ အဋ္ဌမတန်း ၄၈၈ဦး ရှိပါတယ်။ ပျက်ကွက်သူမရှိပါဘူး။ ရာနှုန်းပြည့်ဖြေဆိုပါတယ်"ဟုကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်းကပြောပြပါသည်။ ကျောင်းသားကျောင်းသူများစိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက်မြို့နယ်ပညာရေးဌာန၏အနီးကပ် ကြီးကြပ်မှုနှင့်ပြည်သူ့ ရဲ၊ မီးသတ်နှင့် ကျောင်းသားမိဘများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ ရွှေသိမ်းအေး(ငါးသိုင်းချောင်း)

# ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေး သင်တန်းအမှတ်စဉ်–၁/၂၀၁၅ဖွင့်

**မကွေး ဖေဖော်ဝါရီ ၂၄**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေးသင်တန်းအမှတ်စဉ်-၁/၂၀၁၅ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉နာရီကမကွေးတိုင်းဒေသကြီးတိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှလှသန်းမှ ၂၀၁၅ ခုနှစ်အတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဘက်လိုက်မှုကင်းရှင်းပြီး နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီအောင် အဘက်ဘက်မှ ကြိုတင်လေ့လာပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်ထားရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက အဆိုပါကာလတွင် အကြမ်းဖက်မှုနှင့် သက်ဆိုင်သည့် ကြိုတင်ကာကွယ်ရေး၊ ရွေးကောက်ပွဲအားအောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲအား (USIP)မှ ကိုယ်စားလှယ်များဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမတွင် ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိအလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

တွေ့ကြုံရနိုင်သည့် အဓိကစိန်ခေါ်မှုများ ဖြစ်နိုင်ခြေရှိသည့်အလားအလာများဆောင်ရွက်ရမည့် အစီအမံများလေ့လာရန် ပူးပေါင်း ဆောင်ရွက်ရမည့် လုပ်ငန်းသင်ကြားပို့ချပေးခြင်းဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်နှင့် ရဲအရာရှိများ ဆက်သွယ်ဆောင်ရွက်နိုင်ရန်ဖြစ်ကာ ရွေးကောက်ပွဲနှင့်ဆိုင်သောဥပဒေ၊ နည်းဥပဒေများကိုရွေးကောက်ပွဲမတိုင်မီကာလ၊ ကျင်းပဆဲကာလနှင့် ကျင်းပပြီးကာလ သုံးခုတွင် အရာရှိများအားလုံး သိရှိတတ်မြောက်နိုင်းရေးကြိုတင်လေ့လာထားရှိရမှာဖြစ်ပါကြောင်း ၎င်းက ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သော ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွေ့အကြုံများကို အခြေခံလျက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဆက်စပ် ဆောင်ရွက်ရမည့် ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ ပြည်တွင်းမှ လူမှုရေးအဖွဲ့အစည်းများ ပြည်တွင်းပြည်ပမှ လေ့လာအကဲခတ်သူများ၊ မီဒီယာများနှင့်ပူးပေါင်းကာ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီကိုရယူပြီး တက်ညီလက်ညီဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လုံခြုံရေးဆောင်ရွက်ရာမှာလည်း ဘက်လိုက်မှုကင်းပြီး နိုင်ငံတကာစံနှုန်းနှင့်အညီ ကြိုးစားအောင်မြင်အောင်ဆောင်ရွက်ခြင်းနှင့် တပ်ဖွဲ့၏ဂုဏ်သိက္ခာတိုးတက်မြင့်မားအောင် ဆောင်ရွက်ကြပါ"ဟု နိဂုံးချုပ် အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို တိုင်းအတွင်းခရိုင်ငါးခုမှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးငါးဦး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယစခန်းမှူး၊ မှုခင်းမှတ်တမ်းတာဝန်ခံများ၊ အရာရှိကြီးများ စုစုပေါင်း ဦး ၅၀ တက်ရောက်မည်ဖြစ်ပြီး အဆိုပါသင်တန်းကို ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြီးအောင်စိုးဝင်းက သင်တန်းပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းကာလမှာ ဖေဖော်ဝါ ရီ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်တိုင်တိုင် နေ့စဉ်ပုံမှန်သင် တန်းပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **ကြေးမုံ**

# သာစည်မြို့နယ်ရှိ နွားပွဲဈေးတွင် နွားရောင်းချသူ များပြား၍ နွားဈေးပျက်လျက်ရှိ

**သာစည် ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နွားပွဲဈေးတွင် နွားရောင်းချသူများပြားပြီး ဝယ်ယူမည့်သူနည်းသဖြင့် နွားဈေးပျက်လျှက်ရှိကြောင်းသိရသည်။

ယင်းဒေသတွင် နွားပွဲဈေးမှာ ငါးရက်တစ်ဈေးဖြစ်ပြီး ယခုလိုနွေကာလ၌ စိုက်ပျိုးရေးလုပ်ငန်းများရပ်နားချိန်မှာ နွားရောင်းချမည့်သူများလေ့ရှိကြောင်းသိရသည်။

"စိုက်ပျိုးစရိတ်ချေးငွေကလည်း ပြန်ဆပ်ရမဲ့ကာလဆိုတော့ နွားပွဲဈေးနေ့ဆိုနွားရောင်းချသူတွေ များပြားပြီး ဝယ်ယူမဲ့သူနည်းပါတယ်။ ဝယ်ယူမည့်သူနည်းတော့ နွားဈေးပျက်နေ ပါတယ်။ နို့ခွာနွားထီးပေါက် ချောနေရင်တော့ ဈေးကောင်းပေးပြီးဝယ်ယူကြပါတယ်။

"နွေဆိုနွားစာကလည်း ရှားလာတော့ တချို့က နွေကာလနွားစာဝယ်ပြီး မကျွေးရအောင် နွားတွေကို ရောင်းချကြပြီး မိုးဦးကျရောက်မှ လယ်ယာလုပ်ငန်းခွင်အတွက် ခိုင်းနွားများကို ပြန်လည်ဝယ်ယူကြတာပါ။ မိုးဦးကျဆိုရင်တော့ နွားဈေးကောင်းလေ့ရှိပါတယ်"ဟု သာစည်မြို့နယ်ဒေသခံတစ်ဦးကပြောသည်။

နွားရောင်းချရာတွင် နွားပွဲဈေးမှာ နွားတစ်ကောင်ဝင်ကြေး (ခြေချခ) အဖြစ် ကျပ် ၁၅၀၀ ပေးရပြီး နှစ်ဖက်နွားအရောင်းအဝယ်ဖြစ်ပါက နွားတစ်ကောင် ဒိုင်ကြေးအဖြစ် ဝယ်ယူသူကကျပ် ၃၀၀၀၊ ရောင်းချသူက ကျပ် ၃၀၀၀ ပေးရကြောင်း သိရသည်။

သာစည်မြို့ နွားပွဲဈေးတွင် နွားတစ်ကောင်ရောင်းချပါက ကျပ် ၇၅၀၀ ပေးသွင်းရပြီး အရောင်းအဝယ်မဖြစ်ပါက နွားပွဲဈေးသိမ်းသည့် နေ့ခင်း ၁၂ နာရီကျော်အထိ အချိန်ကုန်ခံပြီးနေရခြင်းကြောင့် စိုက်ပျိုးစရိတ်ချေငွေပြန်ဆပ်ရန် နွားရောင်းချသူတွေ အခက်အခဲဖြစ်ရကြောင်း သာစည်မြို့နယ်ဒေသခံတစ်ဦးက ပြောပြသည်။ **မျိုးမင်း(သာစည်)**

# မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဆောင်ရွက်

**ဝါးခယ်မ ဖေဖော်ဝါရီ ၂၄**

ဝါးခယ်မမြို့နယ် အတွင်းရှိပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးလောင်မှုလျော့နည်းကျဆင်းရေးအား ရည်ရွယ်ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက်လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကာ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီက ဧရာရွှေဝါ ကုမ္ပဏီလီမိတက် စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၃) ၌ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်းက ဦးဆောင်ပြီး မီးသတ်တပ်ဖွဲ့ဝင်အင်အား ၄၀ ဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုများပြုလုပ်ခဲ့ကြကြောင်းသိရသည်။ **လွှမ်းသီဟ**






# မြန်မာတွေ ထွက်ရပ်ပေါက်ဖို့ စက်မှုခေတ်သို့ အရောက်ချီ

**à ulb**

မြန်မာနိုင်ငံ၌ ပုဂံခေတ်မှစ၍ ဓာတုဗေဒဓာတ်ဆေးများ (Chemicals) သုံးစွဲတတ်သည့် အလေ့အထရှိနေပြီဖြစ်ကြောင်း ကျွန်ုပ်မှတ်သားခဲ့ရဖူးလေ၏။

ပုဂံမြို့ဟောင်း စောလှဝန်းဘုရားအနီးတည်ရှိသည့် ကျောက်စာအထောက်အထားအရ ပုဂံခေတ်တွင် မြန်မာများက ဓာတုဗေဒဓာတ်ဆေးများ အသုံးပြုတတ်နေပြီဟု သိရလေသည်။

ကုန်းဘောင်ခေတ်အစ အလောင်းမင်းတရားလက်ထက်တွင် ရေးမှတ်ထားခဲ့သော ပေစာမူအရ ဓာတုဗေဒဆိုင်ရာ ထုတ်လုပ်နည်းပေါင်း ၁၀၀ ကျော်ကို ဖော်ပြထားသည်။ အဆိုပါ ပေမူကို မြန်မာနိုင်ငံ၏ ဓာတုဗေဒကျမ်းအဖြစ် နှောင်းလူတို့က သတ်မှတ်ကြသည်။ ဖန်ချက်နည်း၊ သစ်သား၊ အရောင်တင်ဆီလုပ်နည်း၊ ပြဒါးသန့်စင်နည်း၊ လက်ချားလုပ်နည်း၊ မှန်ပြဒါး တင်နည်း၊ တရုတ်ပန်းကန်လုပ်နည်း၊ ချည်ဆိုးဆေးလုပ်နည်း၊ ဆံပင်မဖြူအောင် လုပ်နည်း၊ ဝက်ခြံပျောက်ဆေးဖော်နည်း စသည့် နည်းအသွယ်သွယ်တို့ကို နှောင်းလူတို့ သိရှိနိုင်စေရန် ပေထက်အက္ခရာတင်ခဲ့ကြလေသည်။

ရှေးမြန်မာကြီးများ လေ့လာခဲ့ကြသော အခြေခံ ကုန်ထုတ်ဓာတုဗေဒ နည်းစဉ်များတွင် ကျိုချက်ခြင်း၊ အငွေ့ပြန်ခြင်း (Evaporation)၊ ပေါင်းခံခြင်း (Distillation)၊ မီးဖြင့်လှော်ခြင်း၊ ပြုတ်ခြင်း၊ အပူတိုက်ခြင်း၊ မီးအုံးခြင်း၊ မီးကင်ခြင်း၊ မီးဖုတ်ခြင်း၊ အခြောက်ခံခြင်း၊ အအေးခံခြင်း၊ အမှုန့်ကြိတ်ခြင်း၊ ဆန်ခါချခြင်း၊ မွှေခြင်း၊ နယ်ခြင်း၊ အရည်စိမ်ခြင်း၊ အရည်ဖျော်ခြင်း၊ အနည်ထိုင်အကြည်ခံခြင်း၊ အရည်စစ်ခြင်း၊ ဓာတ်စွဲကပ်ခြင်း (Absorption)၊ အဆီထုတ်ခြင်း (Oil Extraction)တို့ပါဝင်သည်ဆို၏။

ရှေးမြန်မာကြီးများသည် အခြေခံကုန်ထုတ်ဓာတုဗေဒ နည်းစဉ်များနှင့်အညီ ထုတ်လုပ်မှုများပြုလုပ်ခဲ့ကြရာတွင် ထုတ်လုပ်မှု ကိရိယာများကို အသုံးပြုခဲ့သည်ဟု ကျွန်ုပ်မှတ်သားရလေသည်။

ရှေးမြန်မာကြီးများအသုံးပြုခဲ့သော ဓာတုဗေဒပစ္စည်းများမှာ အများအပြားရှိပြီး အပင်ထွက်ပစ္စည်းများနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို အသုံးပြု၍ ကုန်ထုတ်ဓာတုဗေဒ လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်ဟု သိရလေသည်။

ဓာတုဗေဒပညာရပ်ကို စတင်ခဲ့သူများမှာ ရှေးခေတ်အဂ္ဂိရတ် ဆရာကြီးများဖြစ်ကြပြီး ယမ်းငရဲမီး၊ ကန့်ငရဲမီး၊ ဆားငရဲ မီး၊ ရွှေစားငရဲမီး ထုတ်လုပ်ပုံ နည်းစနစ်များရှိခဲ့ကြောင်း၊ ရှေးမြန်မာကြီးများသည် မှန်ကန်သည့် ဓာတုဗေဒပညာလမ်းကြောင်းပေါ် ခြေချနိုင်ခဲ့ကြောင်း၊ အဂ္ဂိရတ်ပညာသည် ရွှေဖြစ်၊ ငွေဖြစ်၊ စိတ်ကူးယဉ်ဆန်သော ဝိဇ္ဇာပညာရပ်မျှသာမဟုတ်ဘဲ သိပ္ပံပညာလေ့လာမှုလည်း ပါဝင်ကြောင်း မြန်မာနိုင်ငံ၏ အထင်ကရ သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာမျိုးသန့်တင်က ရေးသားဖော်ပြဖူးလေသည်။

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်း၌ ဓာတုဗေဒအင်ဂျင်နီယာများ၏ အခန်းကဏ္ဍ ပိုမိုမြင့်မားလာသည်ကို ကျွန်ုပ်သတိမူမိသည်။

ဓာတုပစ္စည်းများ၊ လောင်စာ(စက်သုံးဆီ)၊ ဆေးဝါး၊ စားနပ်ရိက္ခာစသည့် ထုတ်ကုန်ပစ္စည်းများအား ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းတို့နှင့် သက်ဆိုင်နေသော ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် ဓာတုဗေဒ၊ ဇီဝဗေဒ၊ ရူပဗေဒနှင့် သင်္ချာပညာတို့၏ အခြေခံသဘောတရားများကို အသုံးချကြသူများမှာ ဓာတုဗေဒအင်ဂျင်နီယာများပင်ဖြစ်သည်။

ခေတ်သစ် ဓာတုဗေဒအင်ဂျင်နီယာ ဘာသာရပ်သည် ထုတ်လုပ်မှု နည်းစဉ်အင်ဂျင်နီယာပညာရပ်မျှသာမဟုတ်ဘဲ ထုတ်ကုန်အမျိုးမျိုး၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ထုတ်လုပ်ရေးကဏ္ဍတို့၌ ကျယ်ကျယ်ပြန့်ပြန့် အရေးပါအရာရောက်လာနေသည်ဟု ကျွန်ုပ်ရှုမြင်ရလေသည်။

> ရှေးမြန်မာကြီးများသည် အခြေခံ ကုန်ထုတ်ဓာတုဗေဒ နည်းစဉ်များနှင့်အညီ ထုတ်လုပ်မှုများ ပြုလုပ်ခဲ့ကြရာတွင် ထုတ်လုပ်မှု ကိရိယာများကို အသုံးပြုခဲ့သည်ဟု ကျွန်ုပ် မှတ်သားရလေသည်။ . . . .

၁၈ ရာစုခေတ် စက်မှုတော်လှန်ရေး မဆင်နွှဲမီက ကုန်ထုတ်ဓာတုဗေဒပစ္စည်းများနှင့် ဆပ်ပြာကဲ့သို့သော လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ခဲ့ကြရာတွင် လူအင်အားကို အင်တိုက် အားတိုက်သုံးစွဲ၍ ထုတ်လုပ်ခဲ့ကြရသည်။

ဓာတုဗေဒအင်ဂျင်နီယာပညာရပ် အံ့မခန်းတိုးတက်လာသော ယနေ့ကာလတွင်မူ ဓာတုဗေဒစက်ရုံများ၌ ဓာတုဗေဒနည်းစဉ်များအား အဆက်မပြတ် ဖြစ်ပေါ်စေကာ ဓာတုဗေဒပစ္စည်းများကို အမြောက်အမြား ထုတ်လုပ်လာနိုင်ပြီဖြစ်သည်။

လူသုံးဓာတုဗေဒပစ္စည်းများနှင့် ရေနံဓာတုဗေဒပစ္စည်းများကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်လာနိုင်ရေးအတွက် ဓာတုဗေဒအင်ဂျင်နီယာများက ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြလေ၏။

နည်းပညာဆိုင်ရာ နယ်ပယ်ရပ်အသီးသီး၌ လွှမ်းခြုံလာသော ဓာတုဗေဒအင်ဂျင်နီယာများသည် နည်းစဉ်များအား တွေးဆဖော်ထုတ်ခြင်း၊ ရုပ်ဝတ္ထုများအား ထုတ်လုပ်ရန်၊ အသွင်ပြောင်းရန်နှင့် သယ်ယူပို့ဆောင်ရန် နည်းစဉ်များရေးဆွဲခြင်းတို့ ပြုလုပ်လျက်ရှိကြလေသည်။

ကျွန်ုပ်တို့အာရှတိုက်ရှိ ဓာတုဗေဒအင်ဂျင်နီယာပညာသင် တက္ကသိုလ်ကျောင်းတော်ကြီးများအနက် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ရှိ တက္ကသိုလ်ကျောင်းတော်ကြီးများမှာ ထင်ရှားသည်ဟု လေ့လာသိရှိရလေသည်။

ကျွန်ုပ်သည် မကြာမီက စက်မှုဝန်ကြီးဌာန စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ ဓာတုဗေဒ အင်ဂျင်နီယာကြီးတစ်ဦးနှင့် တွေ့ဆုံခဲ့ရာတွင် ကော့စတစ်ဆိုဒါစက်ရုံ (သထုံ)စီမံကိန်းကို စတင်နေပြီဟု ကြားသိရသည်။

မွန်ပြည်နယ် သထုံမြို့နယ် အင်းရှည်ကျေးရွာအနီးတည်ရှိသော ကော့စတစ်ဆိုဒါစက်ရုံ (သထုံ)ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ စီမံကိန်းစတင်ဆောင်ရွက်လျက်ရှိသည်ဟု သိရလေသည်။

အကြိုအင်ဂျင်နီယာလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူထားပြီး စီမံကိန်းကာလမှာ ၃၆ လဖြစ်ကာ China North Industries Corporation(NORINCO) က ပူးပေါင်းဆောင်ရွက်မည်ဆို၏။

ယင်းစက်ရုံအတွက် သွင်းအားစုများအဖြစ် နေလှန်းဆား၊ ထုံးကျောက်၊ Alluminum Hydroxide၊ ရေ၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့တို့လိုအပ်ပေလိမ့်မည်။

အဆိုပါစက်ရုံမှနေ၍ ထုတ်လုပ်မည့် ထုတ်ကုန်ပစ္စည်းများမှာ-

(က) 50% Castic Soda Aqueous(NaOH)
(ခ) 99% Castic Soda Flake(NAOH)
(ဂ) 31% Hudrochloric Acid(HCI)
(ဃ) 10% Sodium Hypochloride (NaOCI)
(င) Bleaching Powder[ $Ca(OCl)_2$]
(စ) Poly Aluminium Chloride(PAC)

တို့ဖြစ်ပေလိမ့်မည်။

စီမံကိန်းတည်ဆောက်ရေးကာလမှာ သုံးနှစ်ဖြစ်ပြီး အဆိုပါ ကာလနောက်ပိုင်း တစ်နှစ်လျှင် အသားတင်အမြတ် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၁ သန်းခန့် စီးပွားဖြစ် ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှ အရင်းပြန်ပေါ်နှုန်းမှာ ၉ ဒသမ ၇၆ ရာခိုင်နှုန်းဖြစ်၍ အရင်းကြေကာလမှာ စီးပွားဖြစ်ကုန်ထုတ်လုပ်မှု စတင်သည့်နှစ်မှစ၍ ခုနစ်နှစ်ဖြစ်သည်။

ကော့စတစ်ဆိုဒါစက်ရုံ(သထုံ)စီမံကိန်းဒေသအနီးနေထိုင်သူ ဒေသခံပြည်သူများအတွက် လူမှုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်ဟု သိရလေသည်။

ကော့စတစ်ဆိုဒါစက်ရုံစီမံကိန်း(သထုံ)သည် မြန်မာနိုင်ငံတွင် ဓာတုဗေဒပစ္စည်းထုတ်လုပ်မှု ပမာဏအများဆုံးစက်ရုံ ဖြစ်လာမည်။ ကော့စတစ်ဆိုဒါ၊ PAC နှင့် Bleaching Powder တို့ကို အဓိက ထုတ်လုပ်မည်။ ကော့စတစ်ဆိုဒါသည် စက်မှုလုပ်ငန်းများ၏ ပါလေရာဓာတုပစ္စည်း (Mother Chemical) ဖြစ်ပြီး အဆိုပါ ထုတ်ကုန်နှင့် ဆက်စပ်၍ အခြားဓာတုစက်မှုလုပ်ငန်းများလည်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ PAC ထုတ်ကုန်ကို ရေသန့်စင်ခြင်းလုပ်ငန်းတွင် အဓိကအသုံးပြုပြီး စက်မှုသုံးရေနှင့် မြို့ပြရေသန့်စင်ခြင်း လုပ်ငန်းများအတွက် ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်မည်။

Bleachin Powder ထုတ်ကုန်ကို အဝတ်အထည်နှင့် စားသောက်ကုန်လုပ်ငန်းများတွင် အဓိက အသုံးပြုသည်။ ပြည်ပမှတင်သွင်းမှုကို အစားထိုးဖြည့်ဆည်းပေးနိုင်မည်ဆို၏။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်သာမက ပြည်ပသို့ တင်ပို့နိုင်ရေးအတွက်ပါ ရည်ရွယ်သဖြင့် ပို့ကုန်ဝင်ငွေ ရရှိလာမည်ဖြစ်သည်။

စက်ရုံ၏ အဓိကကုန်ကြမ်း နေလှန်းဆားလိုအပ်ချက်မှာ တစ်နှစ်လျှင် တန် ၆၈၀၀၀ ခန့်ဖြစ်၍ ပြည်ပမှ ဆားဝင်ရောက်လာမှုကြောင့် ဆားလုပ်ငန်း ယိမ်းယိုင်နေမှုကိုလည်း ပြန်လည်ဦးမော့စေနိုင်မည်။ ထုံးကျောက်တစ်နှစ်လိုအပ်ချက်မှာ တန် ၂၈၁၀၀ ခန့်ဖြစ်၍ ကျောက်ထုတ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာနိုင်မည်။

စီမံကိန်း ပတ်ဝန်းကျင်ဒေသများသည် အလုပ်အကိုင်၊ အခွင့်အလမ်းနှင့်လူမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဟု ကျွန်ုပ်မှတ်သားရလေသည်။

သုဝဏ္ဏဘူမိသထုံမြေ၌ ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ပေါ်ထွန်းလာမည့် ကော့စတစ်ဆိုဒါစက်ရုံကြီးကို ကျွန်ုပ်ပြေးမြင်မိရင်း "မြန်မာတွေ ထွက်ရပ်ပေါက်ဖို့ စက်မှုခေတ်သို့ အရောက်ချီ" ဟူ၍ တိုက်တွန်းလိုက်ရပေသတည်း။ ။

## ယခုနှစ် Bafta Game Awards အတွက် Alian: Isolation ဂိမ်းထိပ်ဆုံးက ဦးဆောင်

သိပ္ပံစိတ်ကူးယဉ် ဗီဒီယိုဂိမ်း Alian: Isolationon သည် ယခုနှစ်အတွက် အကောင်းဆုံးဂိမ်းဆု (The Best Game)၊ ဗြိတိန်ဂိမ်းဆု (British Game)၊ ဒီဇိုင်းဆု (Design)၊ အသံဆု (Audio Achievement)၊ တီထွင်ဆန်းသစ်မှုဆု (Innovation)နှင့် ဂီတဆု (Music) စသည့် ဆုပေါင်း ခြောက်ဆုဖြင့် ယခုနှစ် Bafta Game Awards အတွက် နာမည်စာရင်း တင်သွင်းခြင်းခံရသည်။



လူရွှင်တော်ကြီး ရုဖက်စ်ဟောင်းဒ်

အခြားဂိမ်းများဖြစ်သော Far Cry 4နှင့် Monument Valley တို့သည် ဆုငါးဆုစီနှင့် 80 Days၊ Destiny၊ Mario Kart 8နှင့် Middle Earth: Shadow Of Mordor တို့သည်လည်း ဆုလေးဆုစီ အသီးသီးနာမည်စာရင်း တင်သွင်းခြင်းခံရသည်။ ယခုနှစ်ဆုပေးပွဲတွင် ဂိမ်း ၅၁ ခု ပါဝင်ပြီး ဆုအမျိုးအစား ၁၇ မျိုး ခွဲခြားပေးအပ်သွားမည် ဖြစ်သည်။

ယင်းဆုပေးပွဲများကို the Bitish Academy of Film and Television (BAFTA) က ၂၀၀၃ခုနှစ်မှ စတင်ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွက် British Academy Games ဆုပေးပွဲကို ရုပ်ရှင်သရုပ်ဆောင်နှင့် လူရွှင်တော်ကြီး ရုဖက်စ်ဟောင်းဒ်က ပထမဆုံးအကြိမ် လက်ခံကျင်းပပေးသွားမည်ဖြစ်ကာ မတ် ၁၂ရက်တွင် လန်ဒန်တိုဘက်ကိုးဒေါ့ဒ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြထားသည်။ **(ခင်ခင်သက်)**

## ကလေးများပိုမိုဘေးကင်းလုံခြုံစေမည့် You Tube Kids အက်ပလီကေးရှင်းအသစ်



You Tube အနေဖြင့် ကလေးများအတွက် ပိုမိုဘေးကင်းစေမည့် ဝန်ဆောင်မှုအသစ်တစ်ခုကိုသုံးစွဲနိုင်ရန်အက်ပလီကေးရှင်းသစ်တစ်ခုကို သုံးစွဲနိုင်ရန် လာမည့်ဖေဖော်ဝါရီ၂၄ရက်တွင် စတင်ဖြန့်ချိသည်။ ယင်းအက်ပလီကေးရှင်းအားYou Tube Kids ဟုအမည်ပေးထားပြီးယင်းအက်ပလီကေးရှင်းအရ ကလေးများအနေဖြင့်မိဘများ၏ ထိန်းချုပ်မှုနှင့် ကန့်သတ်မှုအောက်မှသာ အကြောင်းအရာတစ်ခုခုကို တင်ပေးနိုင်သည်။

အဆိုပါအက်ပလီကေးရှင်းအသစ်သည် အဓိကYou Tube ဝန်ဆောင်မှုမှခွဲထွက်ကာ လုပ်ငန်းအသစ်အနေဖြင့် လည်ပတ်သွားမည်ဖြစ်ပြီး ယခုလက်ရှိတွင် အမေရိကန်ပြည်ထောင်စုတစ်နိုင်ငံတည်းတွင်သာ အသုံးပြုနိုင်သေးပြီး မကြာမီကာလတွင် ဗြိတိန်၌ အသုံးပြုသွားရန် စီစဉ်နေသည်။

ယင်းဖန်တီးမှုကို You Tube Kids ကလေးစောင့်ရှောက်ရေး ပရဟိတအဖွဲ့က အားပေးထောက်ခံမှုပြုထားသည်။ ယင်းပရဟိတအဖွဲ့အစည်းရှိ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက" အွန်လိုင်းက ကလေးစောင့်ရှောက် ထိန်းသိမ်းမှုက ဒီနောက်ပိုင်းမျိုးဆက်သစ်တွေအတွက် တကယ့်ကိုလိုအပ်နေပြီး ဒါကတကယ်ကိုကြီးမားတဲ့ ကာကွယ်စောင့်ရှောက်မှုပေးခြင်းပါပဲ။

"အခု မကြာမီအသုံးပြုနိုင်မှာဆိုတော့ ကြားရတာတကယ့်ကို မင်္ဂလာရှိပါတယ်။ မိဘတွေအနေနဲ့ကလည်း ကိုယ့်သားသမီးကို ဒီလိုမသင့်လျော်တဲ့ ကိစ္စရပ်တွေကို ပြုလုပ်မှာကို စိုးရိမ်နေကြရတာပါပဲ" ဟု ပြောကြားခဲ့သည်။

မိဘများပိုင်ဆိုင်ရမည့် အရည်အချင်းတစ်ရပ်တွင် ကလေးများအား ဗီဒီယိုဖိုင်များ ကြည့်ရှုနိုင်ရန် အချိန်သတ်မှတ်ပေးခြင်း၊ ကလေးများ မည်ကဲ့သို့သော သင်္ကေတများကို အသုံးပြုလျှင် မည်သို့သောဆောင်ရွက်ချက်ကို ဆောင်ရွက်နေသည်ဆိုသည့် ဗဟုသုတမျိုးလည်းပြည့်စုံရန်လိုအပ်သည်။

You Tube Kids တွင် Channel နှင့် Playlists ကို အဓိကအားဖြင့် Show၊ Music၊ Learning Explore ဟူ၍ အမျိုးအစားလေးမျိုး ခွဲခြားကာ အဆိုပါ အက်ပလီကေးရှင်းကို Google ထုတ်ကုန်၏ပစ္စည်းများအတွက် အခမဲ့ရယူနိုင်မည်ဖြစ်သည်။ **မေလှဲ့သင်း**

# မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မုံရွာခရိုင် ချောင်းဦး မြို့နယ်တွင် စနစ်ကျလယ်ယာမြေ ၁၀၀ ဖော်ထုတ်

**ချောင်းဦး၊ ဖေဖော်ဝါရီ ၂၄**

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲလျက်ရှိရာ စက်ကိရိယာများအသုံးပြု စိုက်ပျိုးရာတွင် လက်ရှိစိုက်ပျိုးလျက်ရှိသော လယ်ယာများကို သီးနှံအထွက်နှုန်းကောင်းသည့် စနစ်ကျသော လယ်ယာများအဖြစ် နိုင်ငံတော်အစီအစဉ်ဖြင့်လည်းကောင်း၊ ဒေသခံတောင်သူများ၏ အစီအစဉ်ဖြင့်လည်းကောင်း ဖော်ဆောင်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှု၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ အနီးကပ်ကြီးကြပ်မှု၊ ဒေသခံတောင်သူများ၏အစီအစဉ်ဖြင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာတွင် လက်ရှိလယ်မြေများအနက် စနစ်ကျ လယ်ယာမြေ ၁၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ယခင်စိုက်ပျိုးနေတဲ့လယ်ကွက်တွေက စိုက်ပျိုးရေကို အောင်စေပိုင်စေ လျှပ်စစ်မြစ်ရေတင်ကနေပြီး ရာသီမရွေးရတဲ့စိုက်ခင်းတွေပါ။ ပုံစံမကျတဲ့လယ်မြေတွေကို အကွက်ကျင်းတွေနဲ့ စိုက်ပျိုးကြတာဆိုတော့ စိုက်ပျိုးရေတွေမလိုလားအပ်ဘဲ ဆုံးရှုံးမှုများတယ်။ နောက်တစ်ခုက အတွင်းပိုင်းကျတဲ့ လယ်မြေတွေဆို စိုက်တဲ့အချိန်ကော၊ သီးနှံရိတ်သိမ်းတဲ့အချိန်မှာပါ အခက်အခဲရှိတယ်။ ငွေကြေးကုန်ကျမှုများပြီး လေလွင့်ဆုံးရှုံးမှု၊ အချိန်ကုန်မှုတွေများတဲ့အတွက် ဒေသခံတောင်သူတွေအနေနဲ့ အခုစနစ်ကျလယ်ယာဖော်ထုတ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ စနစ်ကျလယ်ယာဆိုတာက လက်ရှိလယ်မြေကွက်တွေကို တစ်ဧကအကျယ်ရှိ လယ်ကွက်တွေအဖြစ်ပြင်ဆင်ခြင်း၊ စိုက်ပျိုးရေသွင်းမြောင်းတွေ၊ မလိုအပ်တဲ့ရေတွေကို ပြန်စွန့်ထုတ်ပေးမယ့်ရေထုတ်မြောင်းတွေ၊ ကုန်ထုတ်လမ်းအကြမ်းတွေကိုဖော်ထုတ်ပေးမှာပါ။ နောင်နှစ်တွေကျမှ စိုက်ပျိုး ထုတ်လုပ်မှုအခြေအနေအရ ကုန်ထုတ်လမ်းတွေကိုအဆင့်မြှင့်တင်မယ်၊ရေသွင်းရေထုတ် မြောင်းတွေကို အခိုင်အမာ လုပ်မယ်။ အခုအခြေအနေကအဆင့်မြင့်လယ်ယာအတွက်စနစ်ကျအောင်အရင်ဖော်ထုတ်ပေးတာပါ။ လာမယ့်နွေစပါးစိုက်ရာသီအမီ တောင်သူတွေစိုက်ပျိုးနိုင်အောင်လုပ်ဆောင်နေပါတယ်။ ဒေသခံတောင်သူတွေအနေနဲ့အဆင့်မြင့်လယ်ယာတွေရဲ့အကျိုးအမြတ်တွေကိုတောင်သူတွေပိုသိရှိပြီး ဖော်ထုတ်နိုင်အောင်ရည်ရွယ်ဆောင်ရွက်ပေးတာပါ။စနစ်ကျလယ်ယာဧက ၁၀၀ ဖော်ထုတ်ဖို့အတွက် မြေတိုင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ ဆောင်ရွက်ခဲ့ပြီး လယ်ကွက်တွေ ရေသွင်းရေထုတ်မြောင်းနဲ့ ကုန်ထုတ်လမ်းတွေဖော်ခြင်းလုပ်ငန်းကိုတော့ ဖေဖော်ဝါရီ ၅ ရက်မှာစတင်လုပ်ဆောင်ခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးထွန်းနိုင်သန်းကပြောသည်။

စနစ်ကျလယ်ယာဖော်ထုတ်ခြင်းအား ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာမှ တောင်သူ ၆၅ ဦးပိုင်လယ်မြေဧက ၁၀၀ တွင် ချောင်းဦးမြို့နယ်နှင့် မုံရွာမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှဝန်ထမ်းများကယာဉ်စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါစနစ်ကျလယ်ယာဧက ၁၀၀ စိုက်ခင်းလုပ်ငန်းများ ပြီးမြောက်ပါက အောင်စေပိုင်စေလျှပ်စစ်မြစ်ရေတင်၏ မြောင်းလက်တံ ၉ နှင့် ၁၁ တို့မှ စိုက်ပျိုးရေရယူပြီး ရာသီမရွေး စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# တနင်္သာရီအ.မ.က ချောင်းငယ်ကျောင်းဆောင်သစ် ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီး



**တနင်္သာရီ၊ ဖေဖော်ဝါရီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက် အာယုလမ်းရှိ (ယခင်) အ. မ. က ချောင်းငယ်ကျောင်းမြေနေရာ၌ အောက်တိုဘာ ၂၁ ရက်မှစတင်၍ ဆောက်လုပ်လျက်ရှိသည့် အ. မ. က ကျောင်းဆောင်သစ်သည် ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ယင်းကျောင်းဆောင်အား ပညာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၄၈၆ သိန်းဖြင့် အလျား ၉၀ပေ × အနံ ၃၀ ပေ၊ အမြင့် ၁၁ ပေ၊ RC တစ်ထပ်သွပ်မိုး ကျောင်းဆောင်သစ်အဖြစ် River 9 ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ယင်းကျောင်းအတွက်ဖြည့်စွက်ရန် လိုအပ်လျက်ရှိသောစာသင်ခုံအစုံ ၃၀၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးတို့ကိုလည်း River 9 ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင့်နိုင်က လှူဒါန်းပေးခဲ့သည်။ ယခုအခါ ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။ **ထိန်ဝင်း(ပြန်ဆက်)**

# ဓာတ်ဆီထည့်စဉ်ဆေးလိပ်သောက်ရာမှ ဘုန်းစိုးရပ်အတွင်း အိမ်တစ်လုံးမီးလောင်

**မုံရွာ၊ ဖေဖော်ဝါရီ ၂၄**

ဓာတ်ဆီကို ရေသန့်ဘူးထဲသို့ထည့်စဉ် ဆေးလိပ်သောက်ရာမှ မီးလောင်ကျွမ်းမှုတစ်ခု မုံရွာမြို့ ဘုန်းစိုးရပ်ကွက် နယ်မြေ ၁၀ မြတ်လေးလမ်း၌ ဖေဖော်ဝါရီ ၂၁ ရက်ည ၉ နာရီခန့်က ဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ သံဃာတော်များ၊ ရပ်ကွက်သူရပ်ကွက်သားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

"မီးစလောင်လောင်ချင်း အတောက်မြန်တာတွေ့ရသလို ခဏလေးပြန်ငြိမ်းသွားပြီး နောက်ထပ်တစ်ခါပြန်တောက်လာတာကို တွေ့ရတယ်ဗျ။ သံဃာတော်တွေနဲ့ ပတ်ဝန်းကျင်ကသူတွေ အများကြီးဝိုင်းငြိမ်းကြတာ ခဏအတွင်းပဲ ငြိမ်းသွားပါတယ်" ဟု ဘုန်းစိုးရပ်ကွက်နေသူတစ်ဦးကပြောသည်။

မီးလောင်မှုကြောင့် သွပ်မိုး ထရံကာ ပျဉ်ခင်းအိမ်တစ်လုံး၊ ဂျာလင်းဆိုင်ကယ်တစ်စီးနှင့် တစ်ဖက်အိမ်ထရံ အနည်းငယ်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မုံရွာမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ရေသယ်ယာဉ်တစ်စီး၊ စက်မှုဇုန်၊အလုံအောင်ချမ်းသာ၊ချမ်းမြသာစည်၊ထန်းတော၊ရန်ကင်း၊ ဒေါနခြံ၊ ဘုရားကြီး၊ကွေ့ကြီးတို့မှမီးငြိမ်းသတ်ယာဉ် ၁၆ စီးရေသယ်ယာဉ်သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၃ ဦး၊ အရန် ၈၀ တို့လာရောက် ငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ပေါ့ဆသူအား မုံရွာမြို့နယ်ရဲစခန်းက (ပ)၄၁/၂၀၁၅ ပုဒ်မ ၂၈၅/၃၂၇ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဇီဝိတပါလဆေးခန်းနှင့်ပြည်တော်သာ တံတားဖွင့်ပွဲကျင်းပ

**မန္တလေး၊ ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး တောင်စလင်းတိုက်သစ်ဘာဝနာဌာန ဒေါက်တာအရှင်အာဒိစ္စဦးဆောင်၍ လူငယ်များ စာရိတ္တမြင့်မားရေးပညာပေးအထောက်အကူပြုအဖွဲ့ (ဘေးဇရိယာ-အမေရိကန်) နှင့် ဆရာတော်၏ ဒါယကာ၊ ဒါယိကာမတို့မှ လှူဒါန်းမှုစေတနာဖြင့် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မိုးကွဲကျေးရွာတွင် ဆောက်လုပ်လှူဒါန်းထားသော ဇီဝိတပါလဆေးခန်းနှင့် နိုင်ငံတော်အစိုးရ၏လှူဒါန်းမှု၊ ကျေးရွာပြည်သူများ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် ဆောက်လုပ်ပြီးသော ပြည်တော်သာတံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်နံနက်ပိုင်းက မိုးကွဲကျေးရွာ၌ ပြုလုပ်ကြောင်း သိရသည်။

အခမ်းအနားကို ဇီဝိတပါလဆေးခန်းရှေ့ ယာယီမဏ္ဍပ်၌ ပြုလုပ်ရာ မန္တလေးမြို့ တောင်စလင်းတိုက်သစ် တိုက်အုပ်ဆရာတော် ဦးနေမိန္ဒနှင့် ဒေါက်တာအရှင်အာဒိစ္စတို့က ဩဝါဒစကားမြွက်ကြားချီးမြှင့်ကြသည်။ ဆက်လက်၍ မန္တလေးမြို့ ဗြဟ္မစိုရ်အသင်းဥက္ကဋ္ဌ ဒေါက်တာဦးဝင်းမြင့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ကျော်တို့က ဂုဏ်ယူဝမ်းမြောက်စကားပြောကြားကြပြီး မိုးကွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညိုက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် ဇီဝိတပါလဆေးခန်းကို ဒေါက်တာအရှင်အာဒိစ္စ၊ ဒေါက်တာဦးဝင်းမြင့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ကျော်တို့ကဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ မိုးကွဲရွာပြည်တော်သာတံတားကို ဒေါက်တာဦးဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ကျော်နှင့် စခန်းမှူး ဒုရဲအုပ်အောင်နိုင်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ကျေးလက်ပြည်သူများ၏ ကျန်းမာရေးအတွက် အားကိုးအားထားရာ ဇီဝိတပါလဆေးခန်းမှာ ၃၃ ပေ×၂၃ ပေ×၁၂ ပေ အာစီသွပ်မိုး သမံတလင်းခင်း မှန်ပြတင်း၊ မျက်နှာကျက်ပါ အဆောက်အအုံအပြင် ရေမီးအစုံ ရေလောင်းအိမ်သာများပါဝင်ပြီး ကျပ် ၂၄၂ သိန်းအကုန်အကျခံဆောက်လုပ်ထားသည်။ ပြည်တော်သာကျေးရွာချင်းဆက်တံတားမှာ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ၄၅ သိန်းနှင့် ပြည်သူထည့်ဝင်ငွေ ၁၂၆ သိန်းဖြင့် တည်ဆောက်သောတံတားဖြစ်ကြောင်း သိရသည်။

ဆေးခန်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းမှ ဒေါက်တာဦးစုလေးနှင့် ဆရာဝန်သူနာပြုများက မိုးကွဲ၊ မိုးဖြူ၊ ချင်းယား၊ ဘုန်းတော်ပြည့် စသည့်အနီးအနားကျေးရွာများမှ ဒေသခံပြည်သူ ၂၆၇ ဦးအား အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **ဖေထွေးဏ်ဇော်(ရေစကြို)**

# စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီမှ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဇာတ်တိုက်လေ့ကျင့်

**စစ်ကိုင်း၊ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီမှ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဈေးမိဈေးဖများပါဝင်သော ပူးပေါင်းအဖွဲ့သည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးကြီးအတွင်းရှိ ဆိုင်ခန်းများ၏ လျှပ်စစ်မီးကြိုးသွယ်တန်းမှုအခြေအနေများကို လိုက်လံစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးသူ၊ ဈေးသားများအား အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြခြင်း ဇာတ်တိုက်လေ့ကျင့်ခြင်းတို့အား ဖေဖော်ဝါရီစတုတ္ထပတ်အတွင်းကပြုလုပ်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်လှိုင်မြင့်နှင့် မြို့မိမြို့ဖများ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုခဲ့ပြီး ဝန်ကြီးမှ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**ခိုင်ဇေယျ**



# စာပေဟောပြောပွဲ ပြုလုပ်

**မန္တလေး၊ ဖေဖော်ဝါရီ ၂၄**

မန္တလေးတက္ကသိုလ် စာပေနှင့်အနုပညာအသင်းက ကြီးမှူး၍ စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၆ နာရီက မန္တလေးတက္ကသိုလ် အင်း၀(၉) ခန်းမ၌ ကျင်းပရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသီတာဝင်းနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှဖွင့်လှစ်သော ဘွဲ့လွန်ဒီပလိုမာသင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။အခမ်းအနားမှူးကဟောပြောမည့်သူ၏ အတ္ထုပ္ပတ္တိကိုဖတ်ကြားပြီး အမျိုးသား စာပေဆုရ စာရေးဆရာမခင်ခင်ထူးက ဟောပြောခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ငါ့သရောက်မြို့နယ် စက်စက်ယိုကျေးလက်ကျန်းမာရေးဌာနမှ လူထုအခြေပြု ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးများ ထိုးနှံပေး

**ငါ့သရောက်၊ ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ငါ့သရောက်မြို့နယ် စက်စက်ယိုကျေးလက်ကျန်းမာရေးဌာနက မြို့နယ်အတွင်းကျေးရွာများသို့ သွားရောက်၍ အသက်ကိုးလမှ ၁၅ နှစ်ကလေးများနှင့် ပထမအကြိမ် ကျောင်းအခြေပြုကာကွယ်ဆေးထိုးရန်ကျန်ရှိသည့် ကလေးငယ်များကို ဒုတိယအကြိမ် လူထုအခြေပြု ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၂ ရက်နံနက်ပိုင်းက ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာရှိ အသက်ကိုးလမှ ၁၅ နှစ်ကလေးငယ် ၁၆၇ ဦးခန့်ကို ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများသို့သွားရောက်၍ အသက်ကိုးလမှ ၁၅ နှစ်ကလေးငယ်များကို လူထုအခြေပြု ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို စက်စက်ယိုကျေးလက်ကျန်းမာရေးဌာနမှ ဒေါ်ဝင်းမာလာ (သားဖွားဆရာမ) ဦးစီး၍ ဝန်ထမ်းများက မြို့နယ်အတွင်း ကျေးရွာများဖြစ်သည့် စက်စက်ယိုကျေးရွာ၊ တောင်တောကျေးရွာနှင့် မျက်ခါးတောကျေးရွာတို့တွင် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် စက်စက်ယိုကျေးလက်ကျန်းမာရေးဌာနမှ စီမံချက်ဖြင့် လူထုအခြေပြု ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများထိုးနှံပေးရသည့် ကျေးရွာများမှာ စက်စက်ယိုကျေးရွာ၊ တောင်တောကျေးရွာ၊ မျက်ခါးတောကျေးရွာနှင့် ဖြူကြီးကျေးရွာတို့ဖြစ်ကြောင်း စက်စက်ယိုကျေးလက်ကျန်းမာရေးဌာနမှ သိရသည်။ **ရဲဝင်းနိုင်(ပြန်/ဆက်)**

သတင်းဆောင်းပါး

# မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်အား လမ်းကြောင်းပေးမှု အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းအသီးသီးကို အသုံးပြုမောင်းနှင်နေကြသည့် ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်၊ ဆိုင်ကယ်၊ အနှေးယာဉ်၊ စက်ဘီးများ အသိသတိနှင့် ဂရုစိုက်၍လမ်းအသုံးချမောင်းနှင်ကြရန်လိုသော အချိန်ရာသီဖြစ်သည်။ ပူပြင်းခြောက်သွေ့သောရာသီတွင် မီးသတ်တပ်ဖွဲ့ဝင်များတွင်လည်း မျှော်စင်များမှ ကိရိယာပစ္စည်းစုံဖြင့် ပြည်သူများ၏ အသက်အိုးအိမ်ပစ္စည်းများ ဆုံးရှုံးမှုမဖြစ်စေရန် သတင်းရှာဖွေစုဆောင်းပြီး ဖြစ်စဉ်ဖြစ်ရပ်များကို အချိန်နှင့်တစ်ပြေးညီ စုဆောင်းရသလို တာဝန်သိပြည်သူများထံမှဖုန်းသတင်းပေးခြင်းများပေါင်းစပ်ကာ ဆုံးရှုံးမှုလျော့နည်း အောင် ကာကွယ်ငြိမ်းသတ်ကြရသည်။

ယင်းသို့ကာကွယ်ရန် လမ်းအသုံးပြုမောင်းနှင်ကြသော ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်၊ ဆိုင်ကယ်၊ အနှေးယာဉ်၊ စက်ဘီးများသည် မီးသတ်ယာဉ်အချက်ပေးဥသြသံကြားလျှင် လမ်းကြောင်းပေး၍ ရပ်တန့်ရန် အသိသတိရှိရန်လိုသည်။ ထိုနည်းတူ မီးပွိုင့်တာဝန်ကျ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း သတိထားပြီး မီးသတ်ယာဉ်အသုံးပြုသည့် ယာဉ်လမ်းကြောင်း ပွိုင့်မီးပေးကာ လမ်းကြောင်းပေါ်ရှိယာဉ်များ ဝိုင်းဝန်းထိန်းသိမ်းရှင်းလင်းပေးခြင်းဖြင့် မီးလောင်မှုဖြစ်ပွားရာအရပ်ဒေသသို့ အချိန်မီရောက်ကာ လက်ဦးမှုရယူပြီး မီးငြိမ်းသတ်နိုင်မည်ဖြစ်သည်။

ထိုမီးသတင်းကြားရာအရပ်ဒေသသို့ ဦးတည်ထွက်ခွာလာသော မီးသတ်ယာဉ်များအနက် ဦးစွာရောက်ရှိနိုင်သည့် မီးသတ်ယာဉ်မှာ ဒေသခံမီးသတ်ယာဉ်ဖြစ်သည်။ အခြားထိစပ်မြို့နယ်မီးသတ်ယာဉ်များသည် မိမိတို့ကျွမ်းကျင်သောလမ်းကြောင်းမဟုတ်၍ ဆက်သွယ်မှုလမ်းကြောင်းအတိုင်း မောင်းနှင်လာခြင်းကြောင့် လမ်းအဝင်အထွက်များ မှားယွင်းလေ့ရှိသဖြင့် မီးသတ်ယာဉ်နောက်မှမောင်းနှင်လိုက်ပါလာသော အခြားယာဉ်များသည်၁၅ပေ၊ ပေ ၂၀ ခန့်ခွာ၍ မောင်းနှင်သင့်သည်။ သို့မှသာ လမ်းကြောင်းမှား၍ မောင်းနှင်မိသော မီးသတ်ယာဉ်များသည် လျင်မြန်စွာပြန်လည် လမ်းကြောင်းပြောင်းပြီး ဖြစ်ပွားရာဒေသသို့ အချိန်မီရောက်ရှိနိုင်မည်ဖြစ်သည်။ ဖြစ်ပွားရာဒေသခံ မီးပွိုင့်တာဝန်ကျယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း မီးသတင်းစုံစမ်းရယူပြီး အခြားမြို့နယ်မှမီးသတ်ယာဉ်များကို လမ်းညွှန်ပေးရန် အထူးလိုအပ်သည်။

ယခင်က ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်၊ ဆိုင်ကယ်၊ အနှေးယာဉ်၊ စက်ဘီးများ အရေးကြီးလမ်းကြောင်း ကားအချက်ပေးသံ၊ မီးသတ်ယာဉ်ဥသြသံနှင့် အရေးပေါ်လူနာတင်ယာဉ်အချက်ပေးသံကြားလျှင် လမ်းဘေးရပ်တန့် လမ်းကြောင်းပေးကာ ကျော်တက်ဖြတ်ဝင်ခြင်းမျိုး ရှောင်ရှားကြသည်။ ယခုအချို့ယာဉ်မောင်းများ အသိသတိနှင့်ယှဉ်မှု လျော့နည်းခြင်းကြောင့် မီးသတ်ယာဉ်များ မီးသတင်းဖြစ်ပေါ်ရာအရပ်ဒေသသို့ အရောက်နောက်ကျခြင်းများရှိကြောင်း သိရသည်။ **ဂျီသရီး**

# ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်

**မုံရွာ၊ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်း ကျေးရွာ ၁၃ ရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၀ ရွာတွင် လျှပ်စစ်မီးတိုင်များ စိုက်ထူခြင်းနှင့် လျှပ်စစ်ကြိုးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း မြို့နယ်မီးလင်းရေးကော်မတီမှ သိရသည်။

"ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလုပ်ငန်းများ ဆောင်ရွက်နေမှုနဲ့ ပတ်သက်ပြီး လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းကို ယင်းမာပင်မြို့နှင့် ၆ မိုင်အကွာရှိ ဇီးတောတောင်ကျေးရွာကနေ အမေကြီးနန်းအထိ လုပ်ဆောင်နေပါပြီး လာမည့်အမေကြီးပွဲအမီ မီးလင်းမှာပါ။ ကျန်တဲ့ကျေးရွာတွေလည်း ဓာတ်တိုင်စိုက်ထူခြင်းနဲ့ လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းတွေကို လည်းလုပ်ဆောင်နေပါပြီ။ အခုလျှပ်စစ်မီးလင်းရေးလုပ်ဆောင်နေတဲ့ ကျေးရွာတွေအတွက်ကို မုံရွာမြို့ အရှေ့လယ်တီကျောင်းတိုက်က ဆရာတော် ဘဒ္ဒန္တကေလာသဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါတယ်"ဟု မြို့နယ်လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆွေကပြောသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကို ယင်းမာပင်မြို့နယ်အတွင်းရှိ ပြောင်းပြာ၊ မြို့ပေါ်၊ နှုံးကြီး၊ လက်လှုပ်၊ စားတောပြင်၊ ကုန်းရွာ၊ ရေအောင်း၊ အုန်းတော၊ ဇီးတော(တောင်)၊ ဇီးတော(မြောက်)၊ ရုံလေးပင်၊ လာဘို့၊ ရင်ပေါင်တိုင်စသော ကျေးရွာ ၁၃ ရွာတွင် လုပ်ဆောင်လျက်ရှိကြောင်းနှင့် ၂၀၁၅ ခုနှစ်အတွင်း လုပ်ငန်းများ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ရေစကြိုမြို့နယ် မြစ်ရေဝင်ကျွန်းပိုင်းဒေသများတွင် နွေနှမ်းများစိုက်ပျိုးရန် မြေယာများပြုပြင်ထွန်ယက်



**ရေစကြို၊ ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မြစ်ရေဝင်ကျွန်းပိုင်းဒေသများတွင် ကြက်သွန်နီများဖော်ပြီး နွေနှမ်းများစိုက်ပျိုးရန် မြေယာပြုပြင်ထွန်ယက်နေကြပြီဖြစ်သည်။

ယင်းသို့ မြေယာထွန်ယက်ပြုပြင်ရာတွင် ရေမြေသဘာဝအနေအထားအရ ပထမစိုက်ကွင်းတစ်ခုလုံးကို ထယ်ခွဲ၊ ထွန်မွှေကြရကြောင်း၊ ယင်းနောက် ၆ ပေ × ၆ ပေ သို့မဟုတ် ၈ ပေ × ၈ ပေ သို့မဟုတ် ၁၀ ပေ × ၁၀ ပေ တီကွက်ငယ်များဖော်ကြရကြောင်း၊ ယင်းကဲ့သို့ တီကွက်များဖော်ရခြင်းမှာ မြေကိုညီအောင် စက်ဖြင့်မညှိနိုင်၍ ညီညာမှုမရှိဘဲ အနိမ့်အမြင့်များဖြစ်ပေါ်နေသည့်အတွက် ရေပေးသွင်းသည့်အခါ မြင့်ရာမှနိမ့်ရာသို့ စီးဆင်းသော ရေ၏သဘာဝကြောင့် အမြင့်ဘက်တွင် ရေမရဘဲ အနိမ့်ဘက်တွင် ရေများစုနေသောကြောင့် တစ်ပြေးညီရေရရှိရန် တီကွက်ငယ်များဖော်၍ရေပေးသွင်းရကြောင်း သိရသည်။

ယင်းသို့ရေသွင်းပြီး မြေအစိုဓာတ်ကောင်းစွာရရှိခိုက် နှမ်းများကို ကြဲပက်စိုက်ပျိုးကြရသည်။

ရေစကြို တစ်မြို့နယ်လုံးတွင် ဆီထွက်သီးနှံများကို နွေ၊ မိုး၊ ဆောင်း တစ်နှစ်လျှင် သုံးကြိမ်စိုက်ပျိုးကြကြောင်းနှင့် မိုးနှမ်းစိုက်ဧကမှာ ၄၉၀၀ ခန့်၊ ဆောင်းနှမ်းစိုက်ဧကမှာ ၆၉၀၀ ခန့်နှင့် နွေနှမ်းစိုက်ဧကမှာ ၉၉၀၀ ဧကခန့် စိုက်ပျိုးကြောင်း လေ့လာသိရှိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ် ဆိပ်ဖြူ–ဆော–ကန်ပက်လက် ကားလမ်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်



**မကွေး၊ ဖေဖော်ဝါရီ ၂၄**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းကို ၁၈ ပေအကျယ်မှ ပေ ၄၀ အကျယ်အထိ လမ်းချဲ့ခြင်း၊ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီကတာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုး၊ မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာတို့သည် မိုင်တိုင် (၄၁/၅) မိုင်တွင် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့အား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းနေ့က မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား ကောင်းမွန်ဆောက်လုပ်ရေး တာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လမ်းပိုင်းအဆင့်မြှင့်တင်ပေးခြင်းကြောင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားရောက်နိုင်မည်ဖြစ်ပြီး အဆိုပါလမ်းသည် ကမ္ဘာလှည့်ခရီးသွားများ ပုဂံမှ ကန်ပက်လက်မြို့သို့သွားရာတွင် အဓိကအသုံးပြုသော လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင်တည်ရှိပြီး ဆောမြို့နယ်၊ ချင်းပြည်နယ်ရှိ ကန်ပက်လက်မြို့နှင့် မင်းတပ်မြို့များကိုသွားရာတွင် အဓိကအချက်အချာကျသောမြို့ တစ်မြို့ဖြစ်သည်။ ယခင်က ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းသည် မူလက ၁၈ ပေအကျယ်သာရှိပြီး ဆောမြို့နှင့်ချင်းပြည်နယ်မြို့များကို သွားလာရာတွင် ခက်ခဲသောလမ်းတစ်လမ်းဖြစ်ကြောင်းသိရသည်။မိုးရာသီတွင်တောင်ပြိုကျခြင်းများကြောင့် လမ်းများပိတ်ဆို့ခဲ့ခြင်းများလည်းရှိသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# (၂၄) နှစ်မြောက် ဌာနနှစ်ပတ်လည် အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ မြိတ်မြို့တွင်ပြုလုပ်

**မြိတ်၊ ဖေဖော်ဝါရီ ၂၄**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၄) နှစ်မြောက်ဌာနနှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီချိုက နိုင်ငံတော်၏ ဒီမိုကရေစီဖော်ဆောင်အောင်မြင်ရေးတွင် ပြည်သူများကိုယ်ပိုင်ဆုံးဖြတ်နိုင်ရေးအတွက် အသိပညာဖြန့်ဝေပေးသည့် ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်၊ ပြည်သူ့ဗဟိုပြုမီဒီယာလုပ်ငန်းများ မြန်ဆန်သွက်လက် ထက်မြက်စေရန် ထပ်ဆင့်ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် (၂၄) နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့ အခမ်းအနားတွင် တိုင်းဒေသကြီးရုံးအနေဖြင့် ပြည်နယ်နှင့်တိုင်းစံပြဆုရရှိခဲ့ပြီး မြိတ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးအနေဖြင့် မီဒီယာဒုတိယဆုရရှိခဲ့သဖြင့် အစဉ်အလာကောင်းများ ဆက်လက်ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ လာမည့်နှစ်တွင်လည်း ထူးချွန်ဆုများ ဆက်လက်ရရှိရန် ဝန်ထမ်းများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရုံးများမှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ နယ်လှည့်စာအုပ်စာစောင်များ ပြည်သူများထံသို့အရောက် ကွင်းဆင်း၍ ငှားရမ်းဆောင်ရွက်ပေးနိုင်မှု၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ကျေးရွာစာကြည့်တိုက်များ ထူထောင်ဆောင်ရွက်နိုင်မှုနှင့် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် စာငှားဆောင်ရွက်ပေးနေမှုတို့နှင့် ပြည်သူများသိသင့်သိထိုက်သည့် သတင်းများအား ထုတ်ပြန်ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြိတ်ခရိုင်(ပြန်/ဆက်)**

ဖတ်စရာ

# ခါးနာခြင်းအမျိုးမျိုးနှင့် ဆင်ခြင်စရာများ

**à lunf/Cifk)**

ခါးနာခြင်းအမျိုးမျိုးရှိရာ ဒဏ်ကြောင့်ဖြစ်သော ခါးနာရောဂါ၊ အထိုင်များ၍ဖြစ်သော ခါးနာ၊ အလေးအပင်မရင်းဖြစ်သောခါးနာတို့ထက် အိပ်ရာကြောင့်ဖြစ်သောခါးနာက ပို၍များလိမ့်မည်ထင်ပါသည်။

စာရေးသူကိုယ်တိုင် ငယ်စဉ်ကခါးနာဖူးသည်။ နာသည်မှ တစ်နှစ်ခန့်ကြာအောင် နာခဲ့သည်။ ကျောင်းတွင်ထိုင်တာကြာပြီး ပြန်ထလျှင် မနည်းထရသည်။ ကြာကြာထိုင်လျှင်လည်း ခါးဆက်ထဲမှ ပူပြီးနာလာသည်။ ခါးနာ၊ ခါးကိုက်ပျောက်ဆေးသောက်သည်။ ဘမ်းပရုတ်ဆီ လိမ်းသည်။ ခဏသက်သာပြီးနောက် ပြန်နာသည်။

ခါးနာဖြစ်ရသည့်အကြောင်းအရင်းကို ပြန်စဉ်းစားကြည့်သောအခါ ထိုခေတ်က အသုံးပြုလေ့ရှိသော စပရင်မွေ့ရာနှင့် အိပ်မိသောကြောင့်ဖြစ်သည်။ ထိုစပရင်မွေ့ရာမှာ အဟောင်းဖြစ်သဖြင့် အားပျော့ပြီး အချို့နေရာများတွင်ခွက်နေသည်။ အချို့နေရာတွင် ပေါက်ပြဲပြီး စပရင်အပြင်သို့ ကန်ထွက်နေသည်။ ပေါက်သည့်နေရာကို အပေါ်က ဂုံနီအိတ်အထူခင်းပြီးအိပ်သဖြင့် မွေ့ရာမှာ မြင့်သည့်နေရာတွင်မြင့်၊ ခွက်သည့်နေရာတွင်ခွက် ဖြစ်နေသည်။

စာရေးသူ ရန်ကုန်တက္ကသိုလ်တက်စဉ်က အဒေါ်တစ်ယောက်၏နေအိမ်မှ တက်ခဲ့ခြင်းဖြစ်သည်။ သူတို့အိမ်မှ ရှေးကသိမ်းထားသော မိဘများလက်ထက်ကမွေ့ရာကို စာရေးသူအိပ်ရန် ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ကျောင်းတစ်နှစ်ပြီး၍ နယ်မြို့လေးသို့ပြန်သောအခါ ကိုယ့်အိမ်မှအိပ်နေကျအိပ်ရာနှင့် ပြန်အိပ်ရသည်။ စာရေးသူ၏မိဘအိမ်က အိပ်ခန်းမှာ ခုတင်မရှိ၊ မွေ့ရာမရှိ၊ ကြမ်းပြင်တွင် သင်ဖြူးဖျာခင်းပြီး ခြင်ထောင်ထောင်အိပ်ရသည်။ ကျောင်းတက်ရင်းရခဲ့သောခါးနာသည် နယ်ကအိမ်ရောက်ပြီး တစ်လခန့်ကြာသောအခါ အလိုလိုသက်သာပြီး ပျောက်ကင်းသွားသည်။ ထိုအခါကျမှ စပရင်မွေ့ရာကြောင့်ဖြစ်သော ခါးနာဖြစ်ကြောင်းကို သတိထားမိတော့သည်။

စပရင်မွေ့ရာသာမဟုတ်၊ ကြာရှည်အသုံးပြုထားသဖြင့် ခါးနေရာတွင်ခွက်ဝင်နေသော ဆိုဖာမွေ့ရာ၊ ဝါဂွမ်းမွေ့ရာများဖြင့်အိပ်လျှင်လည်း ခါးနာနိုင်ပါသည်။ အိပ်ပျော်သောအခါ လူ၏အလေးချိန်ဖိအားနှင့် ခါးမှာ မွေ့ရာအတွင်း ခွက်ဝင်သွားသောကြောင့်ဖြစ်သည်။

ခါးရိုးဆစ် ခုနစ်ဆစ်ရှိရာ အိပ်ရာအနေအထားမမှန်လျှင် ခါးရိုးအဆစ်များပါ အနေအထားပျက်ယွင်းပြီး ကြာလျှင် ကျိုးပေါင်းတက်လာနိုင်သည်။ ခါးရိုးဆစ်များအတွင်းမှ အရွတ်ပြားများ အနေအထားပျက်ယွင်းခြင်း၊ အပြင်သို့ ကန်ထွက်ခြင်းတို့ ဖြစ်နိုင်သည်။

ခါးရိုးဆစ်ကျိုးပေါင်းတက်လျှင် ခါးရိုးဆစ်နံပါတ် (၄) နှင့် (၅) ကြားနှင့်၊ (၅) နှင့် (၆) ကြား အကြောညပ်လျှင် အနာကျင်ဆုံးဖြစ်သည်။ အချို့မှာ မီးညောင့်ရိုးဆစ်အထက်တွင် မခံနိုင်အောင်နာတတ်သည်။ ထိုင်လျှင်လည်းနာ၊ ပက်လက်လှန်အိပ်လျှင်လည်းနာနှင့် ဘေးနှစ်ဖက်ကို တစ်လှည့်စီစောင်းအိပ်မှ သက်သာလေ့ရှိသည်။

ခါးနာကြာလျှင် ကုသမှုစနစ်တကျမခံယူလျှင် အာရုံကြောရောင်ပြီး ခြေတစ်ဖက်တွင် ကိုက်ခဲပြီး လမ်းကောင်းကောင်းမလျှောက်နိုင်သော ဝေဒနာခံစားရတတ်သည်။ ဆိုင်ယာတီကာဟုခေါ်သော အာရုံကြောနှင့် ခါးဆစ်ကျိုးပေါင်းညပ်ပြီး ပေါင်တစ်လျှောက်ထုံဆင်းနာသောရောဂါမှာ အလွန်ဆိုးသည်။ ဆိုင်ယက်တစ်နာဗ်ကြောရောင်သောရောဂါကြောင့် ခြေတစ်ဖက်ကိုခဲနှင့်ဆွဲပြီး အိပ်ရာထဲတွင် ရက်ရှည်အိပ်နေရတတ်သည်။



> ခါးရိုးဆစ် ၇ ဆစ်ရှိရာ အိပ်ရာအနေအထားမမှန်လျှင် ခါးရိုးအဆစ်များပါ အနေအထားပျက်ယွင်းပြီး . . . .

အချို့ခါးကျိုးပေါင်းနှင့် အာရုံကြောညပ်သောဝေဒနာသည်များမှာ ခဲဆွဲရုံနှင့်မရတော့သဖြင့် ခွဲစိတ်ကုသရတတ်သည်။ ခါးခွဲစိတ်ကုသခြင်းသည် စွန့်စားရပြီး အလွန်အန္တရာယ်များသည်။ အခန့်မသင့်၍ ခါးအောက်ကိုယ်တစ်ပိုင်းသေသွားသူများ ရှိခဲ့ဖူးသည်။ ထို့ကြောင့် ခါးနာလျှင် ဖြစ်စကတည်းက ဂရုစိုက်ကုသသင့်သည်။ ခွဲစိတ်ကုသရသည့် အဆင့်ထိရောက်အောင် အချိန်မဆွဲသင့်ပေ။

ခါးနာကုသရာတွင် Lumber attraction ခေါ် ခါးဆွဲကုသခြင်းဖြင့် ခါးနာသက်သာစေနိုင်သည်။ သို့သော် အမြဲတမ်းခဲဆွဲနေခြင်းသည်လည်း မကောင်းပေ။ ခါးရိုးဆစ်အားလုံးကို ဟသွားအောင်ဆွဲခြင်းဖြစ်သဖြင့် မလိုအပ်သော ခါးဆစ်များနှင့် အရွတ်ကြော၊ ဆိုင်းကြော၊ ခုတုံးများမှာ ဒဏ်ဖြစ်ပြီး ခါးနှင့်အောက်ပိုင်း အားပျော့သွားစေ နိုင်သည်ကို သတိပြုရန်လိုအပ်သည်။

အိပ်ရာကြောင့် ခါးနာခြင်းဟုတ်မဟုတ်ကို နံနက်အိပ်ရာထလျှင် သိနိုင်သည်။ တစ်ချိန်က စာရေးသူ၏ဖခင်ကြီး ခါးနာဖူးသည်။ နံနက်အိပ်ရာထလျှင် ထူပေးဖို့လူအကူကို အော်ခေါ်ရသည်။ နေ့လယ်နေ့ခင်း အကောင်း၊ ကြာတော့ ထူပေးရသူများကို အားနာသဖြင့် အိပ်ရာဘေးနံရံအမြင့်မှ ကြိုးတစ်ချောင်းချထားသည်။ နံနက်လင်းလျှင် ယင်းကြိုးကိုဆွဲယူပြီး အိပ်ရာမှထသည်။

စာရေးသူဖခင်၏မွေ့ယာကို အထူမှအပါးသို့ပြောင်းလိုက်သည်။ ထို့အပြင် မွေ့ရာအရွယ် သုံးထပ်သားအပါးတစ်ချပ်ကို အိပ်ရာပေါ်တွင်တင်၊ ထိုအပေါ်မှ စောင်တစ်ထည် ခင်းပြီးအိပ်စေသည်။ ခါးနာမှာ တဖြည်းဖြည်းသက်သာလာပြီး နောက်ပိုင်းတွင် ပျောက်ကင်းသွားသည်။

အသက်ကြီးသူများတွင် ခါးရိုးဆစ်များကို ဓာတ်မှန်ရိုက်ကြည့်လျှင် ကျိုးပေါင်းတက်နေသည်ကို တွေ့ရမြဲဖြစ်သည်။ သစ်ပင်များ အသက်ရင့်လာလျှင် အခေါက်ထူပြီး အပွေးတက်လာသကဲ့သို့ဖြစ်သည်။ အဆန်းမဟုတ်ပါ။ ကျိုးပေါင်းရှိသောအဆစ်နှင့် ခါးအာရုံကြောများ မညပ်မိစေရန်သာ အိပ်ယာမှအစ ဂရုစိုက်ပေးရန်ဖြစ်သည်။ မမာလွန်း၊ မပျော့လွန်းသော မွေ့ယာမျိုးဖြင့်သာ လူကြီးများကို အိပ်စေသင့်သည်။

### ပက်လက်ကုလားထိုင်ကြောင့်ဖြစ်သောခါးနာ

ခေါက်၍ဆန့်၍ရသော ပတ္တူဖျင်ဖြင့်ပြုလုပ်ထားသော ထိုင်ခုံများကို ပက်လက်ကုလားထိုင်ဟုခေါ်ကြသည်။ ကုလားထိုင်ဟူသော ဝေါဟာရမှာ အင်္ဂလိပ်ခေတ်ကပေါ်လာခဲ့ခြင်း ဖြစ်ပုံရသည်။ မြန်မာများက အင်္ဂလိပ်များကို ကုလားဟုခေါ်ခဲ့ကြသည်။ သူတို့ထိုင်သောထိုင်ခုံများကို ကုလားထိုင်ဟု ခေါ်ခဲ့ကြပုံရသည်။

စာရေးသူ၏ညီငယ်တစ်ဦးမှာ ငယ်ငယ်ရွယ်ရွယ်နှင့် ခါးနာဖူးသည်။ သူ့အကျင့်မှာ နေအိမ်အနောက်ဘက် သစ်ပင်အရိပ်ကောင်းသောနေရာတွင် ပက်လက်ကုလားထိုင်နှင့် စာကျက်လေ့ရှိသည်။ တစ်ခါတရံ သူသည် စာကျက်နေရင်း အိပ်ပျော်သွားလေ့ရှိသည်။ စာမေးပွဲကြီးနီးချိန်တွင် သူ့မှာခါးနာရောဂါစွဲကပ်နေပြီး ဝမ်းလျားမှောက်ပြီး ခါးကိုအနင်းခံသည်။ ပရုပ်ဆီများလိမ်းသည်။ မသက်သာ။ နောက်ဆုံး ပက်လက်ကုလားထိုင်နှင့် စာမကျက်တော့မှ သက်သာသွားသည်။ သူသည် ယခုအခါ မေ့ဆေးဆရာဝန်ကြီး ဖြစ်နေပြီဖြစ်သည်။

စာရေးသူ၏ဖခင်မှာလည်း တစ်ခါက ပက်လက်ကုလားထိုင်ဖျင်ပြဲပြီး ကျွံကျသဖြင့် ခါးနာဖူးသည်။ ပြတ်ကျရုံမျှမက ကုလားထိုင်တန်းများက ခေါက်ပြီး ဦးခေါင်းနောက်စေ့သို့ ရိုက်မိသဖြင့် ဦးခေါင်းတွင်ပါ ဒဏ်ရာရလေသည်။ ခါးတွင်ရသောဒဏ်ရာမှာ အရိုးဖုသွားပြီး ကျိုးပေါင်းတက်နေသဖြင့် ခါးမတ်၍မရသည်မှာ ယခုတိုင်ဖြစ်သည်။

ဖျင်ကုလားထိုင်မဟုတ်သော်လည်း ဝါးဖြင့်ပြုလုပ်သော ပက်လက်ကုလားထိုင်၊ ကြိမ်ဖြင့်ပြုလုပ်သော ပက်လက်ကုလားထိုင်၊ နောက်ဆုံးခေတ်ပေါ် Dream bed ဖြင့်အိပ်သူများမှာလည်း ခါးနာသည်ကိုမကြာခဏတွေ့ရသည်။ ဝါးဖြင့်ပြုလုပ်သောခေါင်းတင်တန်းပါသည့် ကုလားထိုင်များဖြင့် အိပ်ပျော်သူများမှာ ခါးသာမက ဇက်ကျိုးပေါင်းတက်ခြင်းပါဖြစ်နိုင်သည်။ မကြာခဏ ခေါင်းမူးသူတစ်ဦးကို တွေ့ဖူးသည်။ သူသည် ဇက်ကြောတက်သက်သာစေရန် ဝါးကုလားထိုင်ဝယ်ပြီး ဇက်တင်အိပ်ရာမှ ကျိုးပေါင်းတက်ပြီး မူးလာခြင်းဖြစ်လေသည်။

### အနှိပ်သည်ဖုကြောင့်ဖြစ်သောခါးနာ

ရှေးလူကြီးများသည် ‘အနှိပ်သည်ဖု’ ခေါ် သစ်သားဖုလုံးနှစ်ခုကို တစ်လက်မခန့်အကွာထားသည့် ပွတ်လုံးဖြင့် ဇက်ရင်းတွင်ထား၍ အိပ်ခြင်း၊ ခါးဆစ်တွင်ခု၍အိပ်ခြင်းကို ပြုလုပ်လေ့ရှိကြသည်။

သီလရှင်စာသင်တိုက်မှ ဆရာကြီးတစ်ပါးခါးနာ၍ ကုသပေးရဖူးသည်။ ခြေတစ်ဖက်ကို ဆန့်ထား၍မရ၊ ကွေးထားရသည်။ ဆွဲဆန့်လျှင် နာ၍အော်ရသည်။ လမ်းမလျှောက်နိုင်၊ ပွေ့ယူလာရသည်။ ထိုသီလရှင်ဆရာကြီးသည် အနှိပ်သည်ဖုကို ခါးအောက်ခုထားရင်း အိပ်ပျော်သွားရာမှ တစ်နာရီခန့်အကြာတွင် ခါးထဲမှပူပြီးနိုးလာသည်ဟုဆိုသည်။ ထို့နောက် ခြေတစ်ဖက်တွင်ပါ ကျဉ်ထုံပြီးကိုက်ခဲလာသည်။ သူသည် အနှိပ်သည်ဖုကြောင့် ခါးအာရုံကြောညပ်သောရောဂါဝေဒနာ ရခဲ့ခြင်းဖြစ်သည်။ အနှိပ်သည်ဖုခံပြီး အိပ်ပျော်သွားရာမှ ဒုက္ခရောက်သူများစွာရှိသဖြင့် အထူးသတိပြုသင့်သည်။

အနှိပ်သည်ဖုကို ရှေးကမည်သူကတီထွင်ခဲ့သည်ကို မသိရသော်လည်း ဘုရားစောင်းတန်းဈေးသည်များ၊ ပန်းပုဆိုင်များတွင် အများအပြားရောင်းချသည်ကို တွေ့ရသည်။ တုတ်နှစ်ချောင်းကို သစ်သားဝက်အူရစ်ဖြင့် လှည့်ညှစ်သော အနှိပ်ကိရိယာများလည်း ရောင်းနေသည်ကိုတွေ့ရသည်။ ပေါင်ကိုက်သည်ကို ၎င်းတုတ်နှစ်ချောင်းနှင့် အချိန်ကြာမြင့်စွာ ညှစ်ထားမိသဖြင့် ပေါင်တွင်းသွေးလွှတ်ကြောမကြီးပိတ်သွားကာ ခြေတစ်ချောင်းလုံးဖြတ်ပစ်လိုက်ရသူရှိသည်ဟု ဆရာဝန်ကြီးတစ်ဦးက ပြောပြဖူးသည်။

အရပ်သုံးလက်ဖြစ် အနှိပ်ကိရိယာများသည် အန္တရာယ်ရှိသည်။ အမှုမဲ့အမှတ်မဲ့သုံးစွဲရာမှ အကြောညပ်ခြင်း၊ အဆစ်လွဲခြင်း၊ သွေးကြောပိတ်ခြင်း၊ သွေးကြောပေါက်ခြင်း၊ အာရုံကြောရောင်ခြင်း၊ ဒဏ်ဖြစ်ခြင်းတို့ ဖြစ်နိုင်သည်။ လက်တွဲစမ်း မသုံးသင့်ပါ။

အိပ်စက်ခြင်းနှင့်အနားယူခြင်းသည် လူတို့နေ့စဉ်ပြုရသော အမှုဖြစ်သည်။ အိပ်ရာအနေအထားမသင့်တော်၍ ဖြစ်ရသော ခါးနာရောဂါ၊ ကျိုးပေါင်းတက်ရောဂါ၊ ပက်လက်ကုလားထိုင်နှင့်အိပ်ခြင်းကြောင့်ဖြစ်သော ခါးနာဝေဒနာ၊ လက်လုပ်အနှိပ်ကိရိယာတို့ကြောင့်ဖြစ်သော ခါးနာ၊ အာရုံကြောညပ်ဝေဒနာများမှာ မြန်မာလူမျိုးတို့တွင်အဖြစ်များသောကြောင့် သတိပြုဆင်ခြင်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

---

## ရပ်ကွက်/ကျေးရွာအခြေပြုဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး ၄၀၀၀၀၀ ကျော် ၁၀ ရက်ကြာ ထိုးနှံပေးမည်

**မုံရွာ၊ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအခြေပြု ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ၁၀ ရက်ကြာထိုးနှံပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ သိရသည်။

“ရပ်ကွက်၊ ကျေးရွာအခြေပြု ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးသည့်အစီအစဉ်နှင့်ပတ်သက်ပြီး ကျောင်းအခြေပြုဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံတဲ့ အစီအစဉ်အရ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းတွေက ကျောင်းသား၊ ကျောင်းသူ ၈၉၂၄၉၅ ဦးကို ထိုးနှံပေးနိုင်ခဲ့တယ်။ ရာခိုင်နှုန်းအားဖြင့် ၉၅ ရာခိုင်နှုန်းထိုးနှံပြီးသွားပါပြီ။

‘ကျန်တဲ့ငါးရာခိုင်နှုန်းနဲ့ ကျန်တဲ့ အသက်ကိုးလမှ ငါးနှစ်အတွင်းတစ်သုတ်နဲ့ အသက်ငါးနှစ်မှ ၁၅ နှစ်အတွင်းရှိ ကျောင်းပြင်ပအုပ်စု ကလေးသူငယ်လေးသိန်းကျော်ကို အုပ်စုနှစ်စုခွဲပြီး ၁၀ ရက်ကြာလိုက်လံထိုးနှံပေးသွားမှာပါ။

‘မိခင်တွေအနေနဲ့ သိသင့်တာကကလေးတွေက ကာကွယ်ဆေးထိုးပြီးတဲ့အချိန်မှာ ဆေးအာနိသင်ကြောင့် ဖျားနာတတ်တယ်။ ဖျားနာတာက ဆေးကုသလိုက်ရင် ပျောက်ကင်းပါတယ်။ ဖျားမှာကြောက်လို့ဆိုပြီး ကလေးတွေကို ဆေးမထိုးဖို့မပြောစေချင်ဘူး။ ဒီဆေးက ကလေးတွေကျန်းမာရေးအတွက် အဆိုးထက်စာရင် အကောင်းကပိုတဲ့အတွက် ကာကွယ်ဆေးထိုးဖို့ တိုက်တွန်းချင်ပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး အထူးရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဆုမွန်သွယ်က ပြောသည်။

အဆိုပါ ရပ်ကွက်ကျေးရွာအခြေ ပြုဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးသည့် အစီအစဉ်အရ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဖေဖော်ဝါရီ ၁၉ ရက် မှ ၂၈ ရက်အထိ လိုက်လံထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

---

## သုတ၊ ရသစာအုပ်များ စာကြည့်တိုက်သို့လှူ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ မုဒိတာအလှူရှင်များအဖွဲ့၏ (၄၀)ကြိမ်မြောက်ဒါနအလှူကို ရွှေပြည်သာမြို့နယ် ၅/၆ ရပ်ကွက် ရွက်လှ (၁) လမ်းပေါ်ရှိ ရွက်လှစာကြည့်တိုက်မော်ရုံ၌ သုတ၊ ရသ စာအုပ်များလှူဒါန်းခြင်းအခမ်းအနားအဖြစ် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ အခမ်းအနားတွင် ရွက်လှစာကြည့်တိုက်ဒုဥက္ကဌ ဦးချစ်ထွေးက အမှာစကားပြောကြားပြီး လှူဒါန်းခဲ့မှုနှင့် အကျိုးပြုပရဟိတဆောင်ရွက်မှုများကို မုဒိတာအလှူရှင်များအဖွဲ့ ဥက္ကဌ ဦးအောင်ကျော်ဌေးနှင့် ဒုဥက္ကဌ ဦးမျိုးဇေယျာဝင်းတို့က ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် ငွေကျပ်လေးသိန်းတန်ဖိုးရှိ သုတ၊ ရသစာအုပ်မျိုးစုံ ၈၅၀ အုပ်ကို စာကြည့်တိုက်တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ကိုမိုး(ရွှေပြည်သာ)**

## လမ်း၊ တံတား၊ ရေပေးဝေရေးနှင့် မီးဘေးလုံခြုံရေး လုပ်ငန်းများကြည့်ရှုစစ်ဆေး

**နတ်မောက်၊ ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ထားရှိသော လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများအား ဖေဖော်ဝါရီ ၂၁ ရက်တွင် မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင်က လာရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းဌေးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခိုင်ဇော်မိုးတို့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးအဖွဲ့လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် အဖွဲ့ပိုင်မြို့မဈေးကြီးအတွင်း ဈေးသည်များ ကောင်းမွန်စွာဈေးရောင်းချနိုင်မှုနှင့် ဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် နှစ်လက်မရေတွင်းကိုလည်းကောင်း၊ ဂါလန် ၈၀၀ ဆံ့ ရေစင်နှစ်လုံး၊ ဂါလန် ၅၀၀၀ ဆံ့ရေစင်၊ ဂါလန် ၁၂၀၀ ဆံ့ရေစင်နှင့် ဒိုင်းရှင်းသုံးလုံး၊ ဈေးအတွင်းရေငုတ်ကိုးငုတ်တို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ နတ်မောက်မြို့ရှိ ဗိုလ်ချုပ်ကြေးရုပ်၊ ပန်းခြံ ပြုပြင်ဆောင်ရွက်ထားရှိမှုများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက လမ်းညွှန်မှာကြားခဲ့သည်။

**လှဝင်း(နတ်မောက်)**

## ရွှေရတုကျောင်းဆောင်သစ်အတွက် ကျွန်းလှ၌ အလှူငွေပေးအပ်

**ကျွန်းလှ၊ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ရွှေရတုကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီက အ. ထ. က ကျွန်းလှကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းရွှေရတုကျောင်းဆောင်သစ် အောင်မြင်စွာဆောက်လုပ်ပြီးစီးရန်အတွက် ကျောင်းသားဟောင်းဖြစ်သူ ဦးမြန်မာမြင့်-ဒေါ်စန်းစန်းဦး ကျိုက်ထိုမြို့ ထက်စက်သုံးဆီရောင်းဝယ်ရေးမိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဦးသောင်းညွန့်က လက်ခံရယူပြီး ဦးထွန်းဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ အဆိုပါရွှေရတုကျောင်းဆောင်သစ်ကို နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူဟောင်းများထည့်ဝင်လှူဒါန်းငွေဖြင့် ၂၀၁၂ ခုနှစ်တွင် အလျား ၁၂၀ × အနံ ၃၀ × အမြင့် ၁၂ ပေခွဲ၊ စာသင်ခန်းလေးခန်းပါအား ငွေကျပ် ၃၀၇၆၈၇၅၀ ကုန်ကျခံဆောက်လုပ်ခဲ့ကြောင်း ကျောင်းသားဟောင်းတစ်ဦးက ပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ကာကွယ်ရေးတာဝန်များ သက်စွန့်ကြိုးပမ်း ထမ်းရွက်ကြသော တပ်မတော်သားများအား အလှူငွေ ပေးအပ်

**မုံရွာ၊ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းနောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၈ ရက်ညနေပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမတွင် ပြုလုပ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများအား အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်းသိရသည်။




အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုလှူဒါန်းငွေကျပ်သိန်း ၅၀ နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင် အေးရိပ်ဝေမိသားစုမှ လှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးမှလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံးမှ လှူဒါန်းငွေနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၉၈ ဦးတို့မှ ၎င်းတို့၏ တစ်နှစ်တာနေ့တွက်စရိတ်များအားလှူဒါန်းရာ စုစုပေါင်းငွေကျပ် ၁၄ သိန်းရှစ်သောင်းတို့အား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်ကလှူဒါန်းခဲ့သည်။

ယင်းနေ့က ရဟန်း သံဃာတော်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ ရှင်အလှူရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ လည်း အသီးသီး လှူဒါန်းခဲ့ကြသည်။

ယင်းသို့လှူဒါန်းသည့် လှူဒါန်းငွေစုစုပေါင်းငွေကျပ် ၁၁၀၅၉၉၅၀၀ နှင့် ငွေကျပ် ၇၂၀၈၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်သားများကိုယ်စား တိုင်းမှူးဗိုလ်ချုပ်မင်းနောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။

ယင်းနောက် တပ်မတော်သားများကိုယ်စား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်က စေတနာရှင်၊ အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသ၌ စွန့်လွှတ်စွန့်စားစိတ်ဓာတ်ဖြင့် တိုင်းပြည်အတွက် အသက်နှင့်ခန္ဓာပေးလှူခဲ့ကြသော တပ်မတော်သားများ၏ ကျန်ရစ်သူမိသားစုဝင်များအတွက် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့သည်။

လောက်ကိုင်ဒေသတွင် တာဝန်ထမ်းဆောင်နေသော ရှေ့တန်းရောက်တပ်မတော်သားများ၊ ဒဏ်ရာရ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအတွက် အလှူငွေကျပ် ၁၀၀၅၉၉၅၀၀ နှင့် ငွေကျပ် ၇၂၀၈၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၀၀၊ ငါးခြောက်ပိသာ ၄၀၊ ကြာဆံထုပ် ၁၀ နှင့် မုန့်ဟင်းခါးခြောက် အထုပ် ၂၅၀၀ ထုပ်၊ ကုလားပဲပိဿာ ၆၀ တို့အား လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ပြန်/ဆက်)**

# တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာန မြစ်မ်းရောင်စီမံချက် ရန်ပုံငွေများ ကျေးရွာအလိုက် သိန်း ၃၀၀ စီ စုပေါင်းပေးအပ်

**တောင်ငူ၊ ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ တိုင်းငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး ဦးစိုင်းကျော်မြင့်နှင့်တာဝန်ရှိသူများလိုက်ပါသောအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်သော တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ မြစ်မ်းရောင်ကျေးရွာကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများအား သင်တန်းပို့ချခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ရန်ပုံငွေကျပ်သိန်း ၃၀၀ စီပေးအပ်ပွဲအခမ်းအနားကို တက်ရောက်ခဲ့သည်။




အခမ်းအနားတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တောင်ငူခရိုင်အတွင်းရှိ ဖြူး၊ ကျောက်ကြီး၊ ထန်းတပင်၊ တောင်ငူ၊ အုတ်တွင်း၊ ရေတာရှည်မြို့နယ်များမှ မြစ်မ်းရောင်စီမံချက်တွင် ရွေးချယ်ထားသော ကျေးရွာခြောက်ရွာမှ ကော်မတီဝင်များ တက်ရောက်ခဲ့ပြီး နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝများမြင့်မားတိုးတက်ရေး၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကျေးရွာအလိုက် အရင်းမပျောက်ရန်ပုံငွေများအား အကျိုးရှိစွာသုံးစွဲနိုင်ရေးတို့ကို တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဦးတင်စိုးက အဖွင့်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသွားခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုင်းကျော်မြင့်က တက်ရောက်လာသော ကျေးရွာကော်မတီများအား တာဝန်ပေးအပ်လွှာများပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးက မြစ်မ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ စီအား ကျေးရွာခြောက်ရွာမှ တာဝန်ရှိသူများအား အသီးသီးပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေးက ငွေကြေးသုံးစွဲခြင်းနှင့် စာရင်းပြုလုပ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မုံရွာမြို့၌ ရွှေတိဂုံပုံတူစေတီတော် ပထမအဆင့်ကို တပေါင်းလပြည့်နေ့၌ ကွန်ကရစ်စတင်လောင်းမည်

**မုံရွာ၊ ဖေဖော်ဝါရီ ၂၄**

မုံရွာမြို့ သက်တမ်းနှစ်တစ်ရာပြည့်အဖြစ်တည်ထားသော ကန်သာယာရာပြည့်ကပ်ကျော်မင်္ဂလာစေတီတော်ကို ရွှေတိဂုံပုံတူတည်မည်ဖြစ်ရာ ၅၃ ပေ ၆ လက်မ ဉာဏ်တော်အမြင့်ရှိမည်ဖြစ်သည်။

အဆိုပါစေတီ၏ ပထမအဆင့်ကို လာမည့်တပေါင်းလပြည့်နေ့ မတ်လ ၄ ရက်တွင် ကွန်ကရစ်လောင်း၍ အောင်စည်အောင်မောင်းတီးကာ နိဗ္ဗာန်ဆော်ပြုလုပ်မည်ဖြစ်ကြောင်း၊ ယင်းအပြင် စေတီတော်ကြီးပတ်လည်တွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၅၅၀ ဆူကို တည်ထားပူဇော်မည်ဖြစ်ရာ လောလောဆယ်အထိ ဗုဒ္ဓရုပ်ပွားတော် ၂၄၀ ကျော်ကို ကုသိုလ်ရှင်များက လှူဒါန်းထားပြီးဖြစ်ကြောင်းနှင့် ပထမအဆင့် ကွန်ကရစ်စတင်လောင်းရာတွင် ဘိလပ်မြေအိတ် ၄၅၀ ခန့်ကို လုပ်အားအလှူရှင် ၂၅၀ တို့ဖြင့် တပေါင်းလပြည့်နေ့တွင် နေ့ချင်းပြီး ကွန်ကရစ်လောင်းသွားမည်ဖြစ်ကြောင်း ရွှေတိဂုံပုံတူစေတီတော် ဖြစ်မြောက်တည်ထားရေးဥက္ကဋ္ဌ ဦးကောင်းညွန့်ကပြောသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## ဝက်လက်မြို့နယ်တွင် နံရံကပ်စာပေရေချမ်းစင် စာအုပ်များ အသစ်ထပ်မံဖြည့်ဆည်း

**ဝက်လက်၊ ဖေဖော်ဝါရီ ၂၄**

ဝက်လက်မြို့နယ်တွင် အများပြည်သူ စာအုပ်စာပေများ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန်ရည်ရွယ်၍ လူစည်ကားသောနေရာများတွင် နံရံကပ်စာပေရေချမ်းစင်များကို ချိတ်ဆွဲထားရှိလျက်ရှိရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက နံရံကပ်စာပေရေချမ်းစင်ရှိ စာအုပ်များကို အသစ်ထပ်မံဖြည့်ဆည်းခဲ့ကြောင်း သိရသည်။ ဝက်လက်မြို့နယ်ရှိ နံရံကပ်စာပေရေချမ်းစင်များကို ဆေးရုံ၊ တရားရုံး၊ ဘူတာရုံ၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးနှင့် ကျေးရွာများရှိ လူစည်ကားရာနေရာများတွင် ချိတ်ဆွဲထားရာ ယခုအခါ စာပေရေချမ်းစင်စာအုပ်အတွဲ (၂) အမှတ် (၁၂) စာအုပ်များအား ထပ်မံဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

# GUSTO
Institute of Information Technology

GUSTO - Institute of IT နှင့် UK ၏အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သည့် Edexcel တို့ပူးပေါင်းဖွင့်လှစ်သည့် HND Diploma in Computing အတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ UK နိုင်ငံ Edexcel မှ ပေးအပ်ချီးမြှင့်မည့် QCF Level 5 အဆင့်ရှိ HND Diploma တန်းခွဲသစ်အား ၂၀၁၅၊ မတ်လတွင် ဖွင့်လှစ်မည်ဖြစ်သည်။

၂။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ (သို့) IGCSE အောင်မြင်ထားပြီးသူများ မှစ၍ လျှောက်ထားနိုင်ပါသည်။

၃။ UK Curriculum ကိုအသုံးပြု၍ ကျောင်းသားများ၏ တတ်မြောက်မှုကိုသေချာစေရန်နိုင်ငံတကာ တက္ကသိုလ်ကြီးများအတိုင်း Student Centered Approach ဖြင့် သင်ကြားပို့ချပေးနေပါသည်။

၄။ HND Diploma ရရှိပြီးပါက GUSTO ၌ဖြစ်စေ၊ UK ထိပ်တန်းတက္ကသိုလ် ကြီးများဖြစ်သော University of West of England, Teesside University, University of Huddersfield အစရှိသည့် နိုင်ငံတကာတက္ကသိုလ်ပေါင်း (၂၀၀) ကျော်၌ဖြစ်စေ နောက်ဆုံးနှစ်ကိုတိုက်ရိုက် တက်ရောက်ပြီး B.Sc.(Hons) Computing ဘွဲ့ကို ရယူနိုင်ပါသည်။

၅။ GUSTO သည် Academic Quality ကောင်းမွန်ခြင်း၊ Job Opportunities အများအပြား ဖန်တီးပေးနိုင်ခြင်းတို့ကြောင့် IT နယ်ပယ်တွင် ကျောင်းသားအင်အားအများဆုံးတက်ရောက် သင်ကြားနေသည့် Edexcel (UK) အသိအမှတ်ပြု Institute တစ်ခု ဖြစ်ပါသည်။

၆။ လျှောက်ထားလိုသူများသည် ဓါတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းမိတ္တူ နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

ကျောင်းသားဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးအပ်နိုင်ပါသည်။

Call Now : 09 862 8806, 09 4500 56 104

# 289 (A), Pyay Road, Sanchaung Tsp; Yangon.



## “စိန်ပင်လယ်” စိန်ရွှေရတနာဆိုင်

စိန်ချစ်သူ မိတ်ဟောင်း/မိတ်သစ်များအတွက် စိန်ဖြူစိန်သန့်များနှင့် ပြုလုပ်ထားသော လက်ဝတ်ရတနာဒီဇိုင်းမျိုးစုံ အီတလီနိုင်ငံလုပ် (750)ပလက်တီနမ်၊ မြန်မာ့ပုလဲနှင့် ကျောက်မျက်ရတနာများကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးပါသည်။

1. Junction Square Center, မြေညီထပ်၊ ကျွန်းတောလမ်းဝင်ပေါက်။
2. AKK Shopping Mall, ပထမထပ်၊ သယ်န်းကျွန်းလမ်းမကြီး၊ ဘုရားလမ်းမှတ်တိုင်။
3. Myanmar Culture Valley, (G.50), ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ပြည်သူ့ရင်ပြင်။



## Royal Gandamar
Travels & Tours

3*Hotels, Scania Express, Meals, Guide စရိတ်ငြိမ်း

>ပြည်-အကောက်တောင်-မျှော်ဖို့ယောင်း Feb 28,Mar 3 >ကရင်ပြည်နယ်-ဘားအံဂူများနှင့် ရေပူစမ်း Feb 27, Mar 1,3

>မော်လမြိုင်-ကျိုက်ခမီ-စက်စိကမ်းခြေ Feb 28, Mar 3 >ကျိုက်ထီးရိုး-ကျိုက်ပေါလောနဲ့ရှင် Mar 6

အမှတ် (၆၉) ၊ ဒုထပ် ၊ ကိုင်းတန်းလမ်း လမ်းမတော်မြို့နယ် (near Junction Mawtin)

Call:09 333 53275, 09 250 892626, 09 36590 808, 09 3659 2255



ဖြန့်ချိရေး

အထက်မြန်မာပြည် ထွန်းဦးစာပေ၊ ဖုန်း-၀၂-၃၈၉၉၃၊ ၃၉၈၀၀

အောက်မြန်မာပြည် လွင်ဦးစာပေ၊ ဖုန်း-၀၉-၇၃၀၆၀၁၇၆

သက်နိုင်စာပေ ဖုန်း-၀၉-၄၄၈၀၄၉၀၈၈ ၀၉-၄၂၁၁၀၈၆၂၅

အချစ်ထားခဲ့သည် . . .

ထွက်ပြီ

တက္ကသိုလ် ဘုန်းနိုင်



## လျှော်ဖွတ်ပြည်သူ့ကျောင်းသား ...

သန်းဌေးနှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး ခရီးသွား (နေ့စဉ်) မြတ်မော်တင်စွန်းဘုရားပွဲ Feb-20/27, Mar-2

▲ (ရွှေစက်တော်နှင့် လမ်းဘုရား) (၃/၄) ရက်။ ▲ ပုဂံ ညောင်ဦး ပုပ္ပါး (၅) ရက် ဆက်၍ (တောင်ကြီး အင်းလေး ပင်းတယ)(မန္တလေး မုံရွာ ပြင်ဦးလွင်) (၈) ရက် အားလုံးပါ (၁၁) ရက်၊ မှုဆယ်၊ ရွှေလီပါ (၁၄) ရက်။ ▲ ရွှေစက်တော် နှင့် အလောင်းတော် (၅) ရက်။ ▲ အလောင်းတော်သီးသန့် (၃) ရက်၊ မန္တလေး ပြင်ဦးလွင်ပါ (၅) ရက်။ ▲ တောင်ကြီး အင်းလေး ပင်းတယ (၅) ရက် (လွိုင်ကော်ပါ) ▲ လွန်းပြည်၊ အကောက်တောင်၊ နဂါးရုပ်၊ မဲလုံး နေပြည်တော် (၈နေ့/တနင်္ဂနွေ) ▲ ကျိုက်ထီးရိုး ပေါ်လမြိုင် ကျိုက္ကမီ စက်စဲ (၂/၃) ရက်။ ▲ ထားဝယ်မှ ကျိုင်း မောင်းမကန်ကမ်းခြေ (၆) ရက်။ ရွှေစက်တော် ရှုနိုင် (၇) ရက် ပေးလိမ့်

ထွက်မည့်ရက် ➡ Feb - 20/27, Mar-2/6/13/20/26, Apr-3/11/12/17/24

(၄၂၄)၊ ရွှေဘုံသာလမ်းအထက်။ Ph : 380141, 241863, 09 43043109, 09 73251422



ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန DMA အသိအမှတ်ပြု

## M.S.C Training Centre

SHIP'S COOK COURSE

GENERAL STEWARD (G/S) COURSE

SHIP'S COOK UPGRADE COURSE

လစဉ်လဆန်း(၁)ရက်နှင့်(၁၅)ရက်တို့တွင် သင်တန်းသစ်စပါသည်။

အမှတ် - 33 A- ယမုံနာ ... 

Ph: 09-540 2550 , 09-430 64421


### အမည်ပြောင်း

ဦးသိန်းထူး၏သား အလက(၈)၊ သာကေတ၊ ပဋ္ဌမတန်း(ဘီ)မှ မောင်မင်းနန္ဒထူးအား မောင်အောင်မြတ်ထွဋ်(ခ) မောင်ပြည့်စုံမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၄၄၆)၊ မြေကွက်တည်နေရာအမှတ်(၄၄၆)၊ နွယ်သာကီ(၆)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဦးမြမောင် စီအီး-၀၂၅၄၃၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြမောင်ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးမြမောင်(စီအီး-၀၂၅၄၃၀) အမည်ပေါက် မဥ/က-၆၁၁(၆-၉-၉၃) နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


## ကား မျိုးစုံ

(Alphard/Crown/MarkII/အနီတော်/Hiace စ/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။

Ph : 09795549249, 095418126



လွယ်အိတ်ရန်၊ လက်ဆွဲအိတ်ရန်နှင့် ကုန်ပစ္စည်း Promotion လက်ဆောင်ပေးရန် ဒီဇိုင်းစုံ၊ ရောင်စုံ အိတ်မျိုးစုံကို စက်ရုံတိုက်ရိုက်ဈေးနှုန်းဖြင့်ရရှိနိုင်ပါသည်။

အမှတ် (10)A ၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ Ph-01-200133/392216




(၁)လုံး - 1500 Ks ဒီဇိုင်းပေါင်းများစွာရှိသည်။




## The 3rd Education & Career 2015

www.events-educationandcareer.com

March 6 to 8, 2015

Tatmadaw Hall
Yangon, Myanmar

တတိယအကြိမ်မြောက်ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ၂၀၁၅



မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ ပူးပေါင်းပါဝင်ပြသမည်ဖြစ်ပြီး စာအုပ်စာပေအမျိုးမျိုးကိုလည်း ခင်းကျင်းပြသရောင်းချမည်။

hot line: 09 30511405

Co-organizer: JOIL Bankers

Organized by: DAGON EXHIBITIONS

myJobs | IMA | Qii | edu | FORTE GLOBAL | VALUESTAR | GZP | TKSS

ကြော်ငြာ




ရတနာ့အမိုး ဗုဒ္ဓဂယာနှင့် သီရိလင်္ကာဘုရားဖူးပို့ဆောင်ရေး
(၁၄)ညအိပ် (၁၅)ရက်ခရီးစဉ် (သံဝေဇနီယဌာန + အဝိဿဂိတဌာန
Dept - Mar 15, Apr 11 နယူးဒေလီ(3*ဟိုတယ်တည်း)+နီပေါ) USD 900
USD 1450 (၅)ည (၆)ရက် သီရိလင်္ကာဗုဒ္ဓမြတ်စွယ်တော်ကာဆုန်ညောင်ရေသွန်းပွဲခရီးစဉ်
Dept - Apr 30
ကန္ဒီမြို့ရှိ ဗုဒ္ဓမြတ်စွယ်တော်အားသွားရောက်ဖူးမြော်ကြည်ညိုရင်း ရှေးဟောင်းအမွေအနှစ်များ
စုစည်းရာ ပေါလောနရုဝမြို့ဟောင်း၊ မဟာဗောဓိပင်ရှိရာ အနုရာဓမြို့နှင့် ကမ္ဘာ့အံ့ဖွယ်များထဲတွင်
တစ်ခုအပါအဝင်ဖြစ်သော စီဂီရိယတောင်ထိပ်ကိုလေ့လာလည်ပတ်နိုင်မည့်ခရီးစဉ်
ရန်ကုန်ရုံးချုပ် 01 - 377351-2, 246239, 09 - 428185283, 73198845, 73029315
မန္တလေးရုံးခွဲ 09 - 444026228, 09-444027228 မြင်ဦးလွင်ရုံးခွဲ 085-29769, 09-33317787

ဒေါ် ငြည် 0931815390, 0931815395
ကျိုက်ထီးရိုး(နေ့စဉ်)(ငြိမ်း)- ၃၅၀၀၀
ချောင်းသာ(နေ့စဉ်)(ငြိမ်း)- ၄၀၀၀၀
ငွေဆောင်(နေ့စဉ်)(ငြိမ်း)- ၅၀၀၀၀
မော်တင်စွန်း(သီးသန့်)- ၄၅၀၀၀ (အင်္ဂါ သောကြာ)
အလောင်းတော်ကဿပ(သီးသန့်)- ၅၀၀၀၀၊ ရွှေစက်တော်(သီးသန့်)- ၄၀၀၀၀
နွေရာသီကျောင်းပိတ်ရက် ရုံးပိတ်ရက်များအတွက် Promotion (6+1) FREE
ကားမျိုးစုံ စီးလုံးငှားသည်

အလိုရှိသည်
မြန်မာမီနီ(TAXI) ယာဉ်မောင်း အလိုရှိသည်။
စုံစမ်းရန် ဖုန်း-၀၁-၅၁၀၀၂၄
(စမ်းချောင်း)

## ချယ်ရီရိပ်ဖောင်ဒေးရှင်း၏ နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများပေးပို့ရန် ဖိတ်ကြားခြင်း

စစ်တက္ကသိုလ်၌ စာပေပညာ၊ စစ်ပညာများ သင်ကြားပေးခဲ့သော အသက်(၆၀)နှစ်ကျော် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးနှင့်လူမှုရေးကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးနိုင်ရန် ချယ်ရီရိပ် ဖောင်ဒေးရှင်းအား ၁-၈-၂၀၁၄ ရက်က ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ချယ်ရီရိပ်ဖောင်ဒေးရှင်း တည်ထောင်ခဲ့သည့် ကာလ(၁)နှစ်ပြည့်မြောက်သော ၁-၈-၂၀၁၅ရက်အား ဂုဏ်ပြုသောအားဖြင့် နှစ်ပတ်လည်မဂ္ဂဇင်းကိုလည်း ၂၀၁၅ခုနှစ် ဇူလိုင်လအတွင်း အပြီးပုံနှိပ်ထုတ်ဝေမည် ဖြစ်ပါသည်။ ထိုမဂ္ဂဇင်းတွင် စစ်တက္ကသိုလ်နှင့်ပတ်သက်သော အမှတ်တရများ၊ ဆရာများ၏ ဂုဏ်ကျေးဇူးကို ဖော်ပြနိုင်သည့် ရသစာပေများ၊ လေ့လာမှတ်သားစရာဖြစ်ရပ်များ၊ ကိုယ်တွေ့ဗဟုသုတများအား ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့်ဓာတ်ပုံမှတ်တမ်းများအဖြစ် ဝေဝေဆာဆာ ထည့်သွင်းဖော်ပြမည် ဖြစ်ပါသည်။

ထိုမဂ္ဂဇင်းတွင် ဖော်ပြနိုင်ရန်အတွက် စစ်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဆရာကြီး၊ ဆရာမကြီးများ၊ စစ်တက္ကသိုလ် ကျောင်းသားဟောင်းများနှင့် ပြင်ပစာပေဝါသနာရှင်များအနေဖြင့် ကိုယ်တိုင်ရေးစာမူများ(လက်ရေး/ကွန်ပျူတာစာစီ)အား ၃၁-၅-၂၀၁၅ရက် နောက်ဆုံးထားပြီး အောက်ပါလိပ်စာများသို့ ရေးသားပေးပို့နိုင်ပါရန် မေတ္တာရပ်ခံဖိတ်ကြားအပ်ပါသည်။

(က) ဦးစိုးမိုးခိုင်၊ (၂၀၅)မြေညီထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၄၁၈၇
(ခ) ဦးမောင်မောင်အောင်၊ ၈၅/၅၊ ၄၁လမ်း၊ ၆၆×၆၇ကြား၊ မန္တလေး၊ ဖုန်း-၀၉-၂၀၀၆၉၈၀၊ ၀၂-၆၂၇၇၂
(ဂ) ဦးမောင်မောင်လှ၊ ညွန့်ကြားရေးမှူး၊ နေပြည်တော်၊ ဖုန်း-၀၉-၈၅၁၀၃၂၂
(ဃ) ဦးစိုင်းဝင်းဟန်၊ (၃၀၃)စီလမ်းသွယ်၊ ရကက(၁)ပြင်ဦးလွင်၊ ဖုန်း-၀၉-၂၀၄၄၁၆၄၊ ၀၉-၇၉၄၈၀၆၂၁၄

ချယ်ရီရိပ်ဖောင်ဒေးရှင်း
နှစ်ပတ်လည်မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ

CitiAvenue Travels & Tours ၏ နှစ်သစ်ကူးပိတ်ရက် သင်္ကြန်ခရီးစဉ်များ
CitiAvenue Travels & Tours
ဗန်ကောက် - ပတ္တရား (5D/4N) April 12 ~ 16 USD 750
စင်ကာပူ (5D/4N) April 12 ~ 16 USD 985
ဗီယက်နမ် (5D/4N) April 13 ~ 17 USD 880
ဟောင်ကောင် - ဘာလီ (8D/7N) April 11 ~ 18 USD 1770
ဟောင်ကောင် - ရှန်ဟိုင်း - ပေကျင်း (8D/7N) April 13 ~ 20 USD 1890
ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင်-မကာအို-ကျူးဟိုင် (8D/7N) April 14 ~ 21 USD 1595
ဒူဘိုင်း (9D/8N) April 12 ~ 20 USD 2750
ကိုရီးယား (7D/6N) April 12 ~ 18 USD 1730
ဂျပန် (7D/6N) April 13 ~ 19 USD 2650
သြစတြေးလျ (7D/6N) April 12 ~ 18 USD 3400
အမှတ် ၁၃၉ (က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ 09 732356 12 ,09 732356 21 ,09 25090 1188 ,09 25090 1199 ,01211609

BEC
(Bright -Star Education Centre)
Summer English Course
Commencing on 19th March 2015
Enroll Now!
No 87, 52nd Street, Pazundaung Township, Yangon
Ph:397742, 09-254255554

ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ
အရေး သီးသန့် နှင့် Speaking
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/၃တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ပေါက်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ Guide များအင်္ဂလိပ်သင်သည်။
မတ်လ(၇/၉)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ပိုးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

လူ့ဘဝ အစ၊ အဆုံးကို စုစည်းထားတဲ့ စာအုပ်
လူသာမန်
အားလုံးကိုဖြောင့်စေတဲ့ အကွေး
ဒုတိယအကြိမ် ထွက်ပါပြီ။
အမှတ် - ၁၁၀/၁၁၂၊ ၃၁၊ ၄ဂလမ်း(အလယ်)။ ဖုန်း-၀၁ ၃၉၈၆၅၇၊ ၀၉ ၅၄၁ ၃၇၂၀

ကျန်းမာရေးစကားဝိုင်းနှင့် ဆေးဖော်စပ်နည်း
မြေလတ်မောင်မြင့်သူ
လေးဖက်နာရောဂါ သို့မဟုတ် အဆစ်ရောင်ကိုက်ရောဂါ
အမှတ် - ၁၁၀/၁၁၂၊ ၃၁၊ ၄ဂလမ်း(အလယ်)။ ဖုန်း-၀၁ ၃၉၈၆၅၇၊ ၀၉ ၅၄၁ ၃၇၂၀

စာအုပ်စာပေလှူမိတ်ဆွေ

အတွဲ (၁၈)၊ အမှတ် ၄၊ မတ်လ၊ ၂၀၁၅

Lifestyle
Summer Fashion
Dezombify your 9 to 5
Pimples & Food
၃,၀၀၀ ကျပ် တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၈/၈၇၅၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရှာသာကြီး)

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာအသင်းများမှ စီစဉ်ကျင်းပသော
Yangon ICT Fair 2015
၂၀၁၅-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့ မှ မတ်လ (၂)ရက်နေ့ထိ
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
MCPA Yangon
MCIA Yangon

ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း(မန္တလေး)
(ပထမ)အကြိမ်မြောက်
ဆရာကြီး ဦးဌေးအောင်(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဗီဒီယိုဖြင့် ဟောပြောသင်ကြားပို့ချသော
**ဗုဒ္ဓနည်း၊ နာမ်+ရုပ်လေ့ကျင့်ရေးတရားအလုပ်စခန်း**

နေ့ရက် - ၂၈-၂-၂၀၁၅ရက်(စနေနေ့)မှ
၄-၃-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) (၅)ရက်တိတိ
အချိန် - ညစဉ် ညနေ ၆း၀၀ နာရီမှ ၉း၀၀ နာရီအထိ

နေရာ - ဗန္ဓုလဝေဇယန္တာဓမ္မာရုံကြီး၊ သကျသီဟမြတ်စွာဘုရားဝင်း
၈၅×၈၆လမ်းကြား၊ ၃၀×၃၁လမ်းကြား၊
ဖုန်း-၀၉-၉၁၀၀၅၆၇၈၊ ၀၉-၂၀၀၇၇၂၆၊ ၀၉-၄၄၄၀၁၈၀၃၈

2015 သင်္ကြန် JAPAN - Endless Discovery တိုး ဒီ နဲ့ GO ပြီ
April-12~20 Only $-2700
ဩစတြေးလျ (11D/10N) April-11~21 USD-4200
ဒိုင်ယား (8D/7N) USD-1980 April-12~19/13~20
ပတာယ–ဟောင်ကောင် (8D/7N) April-13~20 USD-1750
ကမ္ဘောဒီးယား + ဗီယက်နမ် April-12~19 USD-1350
အမေရိကား (16D/15N) April-10~25 USD-6700
ဂျပန် (9D/8N) USD-2700 April-12~20
စင်ကာပူ+မလေးရှား (7D/6N) April-13~19 USD-1350
ပင်နန်–ဗာလီ (6D/5N) April-13~18 USD-690
ဥရောပ (15D/14N) April-10~24 USD-5300
ကူမင်း–ပေကျင်း–ရှန်ဟိုင်း (8D/7N) April-12~19 USD-1700
စင်ကာပူ (5D/4N) April-13~17 USD-990
ဒူဘိုင်း USD-1850 April-13~18 (6D/5N)
ဘာလီ + စင်ကာပူ (7D/6N) April-13~19 USD-1500
အမှတ်(၁၀၉)၊ (ပ)ထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ 378503, 378127, 250734, 09-5150 195, 09-514 5539, 09-7321 7457

UNIQUE STAR TRAVELS & TOURS
ဥရောပ(အင်္ဂလန်) Apr:7,9,12,13 ($ 3900)
အမေရိကား Apr: 8 ($ 4400)
ဩစတြေးလျ Apr:11,12 ($ 3400)
ဟောင်ကောင်၊ မကာအို Apr:12 ($ 1900)
ဂရိ Apr:11,13 ($ 3900)
ကိုရီးယား Apr:11,12 ($ 2300)
ပေကျင်း+ဟောင်ကောင် Apr:11,12 ($ 1900)
စင်္ကာပူ၊ မလေးရှား Apr:13 ($ 1300)
ဂျပန် Apr:9,10,11,12,13 ($ 2300)
ကမ္ဘောဒီးယား၊ ဗီယက်နမ် Apr:11 ($ 1300)
ဒူဘိုင်း Apr:12 ($ 2700)
အီဂျစ် Apr:11 ($ 2900)
(6)D[ Dream/Safari World, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]Feb:28/Mar:7,14,21,28/Apr:10,11,12,13,14,18 ($ 300)
(6)D [ PhiPhi / James Bond Island, Fantasy Show ] Feb : 28 / Mar : 21,28 / Apr : 10,11,12,13,18 ($ 500)
(6)D Feb: 28 / Mar: 7,21 / Apr: 11,12 ($ 500)
(8)D Mar: 7, 21 / Apr: 11, 12 ($ 700)
(4)D Feb: 28 / Mar: 14,28/ Apr: 10,11,12,13,18 ($ 300)
(4)D Feb: 28 / Mar: 14,21,28 / Apr: 12,13 ($ 300)
(6)D Feb: 28 / Mar:14,28 ($ 400)
(70/A),Kabaaye Pagoda Rd,Bahan Tsp.Ph:8604964, 8604965, 8604966, 708353, 705723, 09 7310 9133,09 7310 9144, 09 7310 9155,09 7310 9166
ရွှေလီ၊မန်စီ Feb:28 (280,000)
တောင်ကြီး Feb:28 (165,000)
ပုဂံ Feb:28 (165,000)
ပုဂံ၊ရွှေ Feb:28 (165,000)
ပုဂံ၊မန္တလေး Feb:28 (165,000)
ငွေဆောင် Daily (80,000)
ငပလီ Daily (280,000)
(Merciel Hotel & Resort)

FIRST CHOICE travel and tour
JAPAN 10 Days 9 Nights
Early Bird Discount
Group Discount
USD 3333
Tokyo · Kamakura · Mt. Fuji · Kyoto · Nara · Osaka
09 421069966 · 09 73059081

တန်းခွဲ နှစ်ခုသာ
အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
လက်ခံပြီ
ဂုဏ်ထူး ဦးအောင်ခိုင်
ဒေါ်နှောအောင်ခိုင်
Grammar & Essay (သဒ္ဒါ + စာစီစာကုံး)
English Speaking (အင်္ဂလိပ်စကားပြော)
B.A ( English )
Certificate in Travel & Tourism
City College of San Francisco
၂၇၂ ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 3126 9756

Pre-school
Emotional Development(EQ)
Intellectual Development(IQ)
Moral Development
Physical Development
Social Development
www.getc-languageschool.com

Summer English Program for Young Learners
GETC building a better future
9th March to 29th May
ENGLISH 4-SKILLS
CAMBRIDGE EXAM PREPARATION
5% OFF in February

PUN HLAING HOSPITAL
အလှအပနှင့်အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအထူးအစီအစဉ်
ဖေဖော်ဝါရီလ | ၂၈ | ရက်မှ မတ်လ | ၁ | ရက်နေ့အထိ
မျက်နှာပေါ်ရှိ အရေးအကြောင်းများဖျောက်ပေးခြင်း
ခန္ဓာကိုယ်အချိုးအစားပြေပြစ်လှပအောင် ပုံဖော်ခြင်း
မျက်နှာအချိုးအစားပြေပြစ်လှပအောင် ခွဲစိတ်ခြင်းအမျိုးမျိုး
မျက်လုံးတစ်ဝိုက်ပြုပြင်ခြင်းအမျိုးမျိုး
ရင်သားအလှပြုပြင်ခြင်းအမျိုးမျိုး
နှာခေါင်းအလှပြုပြင်ခြင်းအမျိုးမျိုး
နှုတ်ခမ်းအလှပြုပြင်ခြင်းအမျိုးမျိုး
အဆီစုပ်ထုတ်ခြင်း
Email : marketing-phh@spa-mm.com


HOT
SALE
35%
SHINE CONSTRUCTION CO.,LTD.
3.3.2015 အထိသာ
CONDO 10-UNITS ONLY
Hot Line : 09 977 854 001, 09 977 853 886, 09977 853 982

တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမယ့်သွေးထိုးလှုံ့ဆော်မှုတွေကိုလည်း တရားဥပဒေနဲ့အညီ ပြတ်သားစွာအရေးယူဆောင်ရွက်နိုင်ဖို့ ပြည်သူအားလုံးက အစိုးရနဲ့အတူ ပူးပေါင်းပါဝင်ကြဖို့လိုပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

သင်ယူလေ့လာခဲ့သည့် ဖွံ့ဖြိုးရေးအသိအမြင်ပညာများကို မှန်ကန်စွာ အသုံးချခြင်းဖြင့် မိမိအတွက်၊ ဒေသအတွက်၊ တိုင်းပြည်အတွက် ရလဒ်ကောင်းများရရှိနိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များအတွက်လည်း လေ့ကျင့်မွေးထုတ်ရကျိုးနပ်စေမှာဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်း၌ ဖွံ့ဖြိုးရေး တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်သည့် ကွန်ပျူတာ၊ ထောက်ပံ့ငွေနှင့် ပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနား၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်သို့ ကွန်ပျူတာ၊ ထောက်ပံ့ငွေနှင့် ပစ္စည်းများလှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်း၌ စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးရှိ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တပ်မတော် အရာရှိကြီးများ၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ယနေ့မာတိကာ

ဥပဒေအတိုင်းသာ ဖြစ်စေလို
စာမျက်နှာ - ၄

ရန်ကုန်ကလေးဆေးရုံကြီးတွင် သတ္တမမြောက် ရင်ချင်းဆက်အမွှာ အောင်မြင်စွာခွဲစိတ်ပြီးစီး
စာမျက်နှာ - ၉

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့်ဥပဒေ
စာမျက်နှာ - ၁၀

ကမ္ဘာ့ပတ်နေရောင်ခြည် စွမ်းအင်သုံးလေယာဉ် မန္တလေးမြို့သို့ မတ် ၁၀ ရက် ရောက်ရှိမည်
စာမျက်နှာ - ၁၁



# အမျိုးသားအားကစားပွဲတော် ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၁၅ခုနှစ် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ မြန်မာ့သိုင်း၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့နှင့် ဘော်လီဘောပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်ထားသည့် နေရာများ၌ ယှဉ်ပြိုင်ကြသည်။

မြန်မာ့သိုင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားရုံ-C၌ ကျင်းပရာ အမျိုးသမီး တစ်ကိုယ်တော်လက်သိုင်း စွမ်းရည်ပြပြိုင်ပွဲတွင် ချိုမီမီမွှေး(မန္တလေး)က ပထမ၊ ခိုင်ဝါဖူး(မွန်)က ဒုတိယ၊ သီရိမေအောင်(ရန်ကုန်)က တတိယ၊ အမျိုးသားတစ်ကိုယ်တော် လက်သိုင်းစွမ်းရည်ပြ ပြိုင်ပွဲတွင် ဇော်မင်းထွေး(နေပြည်တော်)က ပထမ၊ ချိုမနား(မွန်)က ဒုတိယ၊ ဟိန်းသန့်နိုင်(စစ်ကိုင်း)က တတိယရရှိပြီး ဓားသိုင်း အတိုက်ပြိုင်ပွဲတွင် စောရန်နိုင်(ရန်ကုန်)က ကျော်မင်းသူ(ရှမ်း)ကို လည်းကောင်း၊ ထွန်းလင်းအောင်(မွန်)က အောင်ဖြိုးဝေ(မကွေး)ကို လည်းကောင်း၊ ကျော်စိုးထက်(ပဲခူး)က ကျော်သူရကို (နေပြည်တော်)ကို လည်းကောင်း၊ အိုက်ညွှန့်(ရှမ်း)က တေးဆန်းအောင်(ကချင်)ကို လည်းကောင်း၊ ကျော်စိုးဝင်း(ပဲခူး)က

**သတင်းနှင့် ဓာတ်ပုံ - ကိုကိုစိုးညွှန့်**

**စာမျက်နှာ ၁၃ ကော်လံ ၃ သို့**

# လမ်းကြောင်းလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ထိတွေ့တိုက်ပွဲများဖြစ်ပွား၊ လက်နက်/ခဲယမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကုန်းကြမ်း-လောက်ကိုင် ကားလမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများ လုံခြုံစိတ်ချစွာသွားလာနိုင်ရေး တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မိုင်တိုင်အမှတ်(၂၃) အနီး၌ ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး တပ်မတော်မှ စစ်သည်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရစစ်သည်များအား ဆေးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံများသို့ ဆက်လက်ပို့ဆောင်လျက်ရှိသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် လောက်ကိုင်မြို့ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းနှင့် ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ကိုးကန့်သောင်းကျန်းသူများထံမှ တရုတ်စက်လတ်တစ်လက်၊ ကျည်မျိုးစုံ ၃၈ တောင့်၊ TNT ယမ်းချောင်းနှင့် တိုက်မိုင်းများအား သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ လောက်ကိုင်မြို့နှင့် ပါစင်ကျော် ကျေးရွာကြား တပ်မတော်စစ်ကြောင်းက လမ်းကြောင်းလုံခြုံရေးဆောင်ရွက်စဉ် မာလီရှူးဝါးကျေးရွာအနီး၌ မသင်္ကာဖွယ်တွေ့ရှိသူတစ်ဦးအား စစ်ဆေးခဲ့ရာ ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အမာခံဖြစ်သူဟု ယူဆရသူ ရှောက်လော်ဟန် (၂၉)နှစ်အား

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

themirror.npt@gmail.com www.facebook.com/themirrordaily







